# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး
# ၁၄ ရက် မြောက်နေ့ မှတ်တမ်း

## ၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
## (၂၀၁၁ ခုနှစ်၊ မတ်လ ၂၃ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၄ ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀ း ၀၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ဒီနေ့အစည်းအဝေးမစခင်မှာ ကျေးဇူးတင် အသိအမှတ်ပြုရမယ့် စကားများ စတင်ပြောလိုပါတယ်။ ဒီနေ့တော့ ဥက္ကဋ္ဌကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ဖို့ ပေးထားတဲ့ ဘန်ကောက်ပုဆိုး၊ ဥက္ကဋ္ဌ ဝတ်ခဲ့ပါတယ်။ သို့သော်လည်း အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း ဖြစ်တဲ့အတွက် တချို့လူတွေလိုတော့ ခြေမျက်စေ့အုပ်အောင် မဝတ်နိုင်ပါဘူး။ ဒါတောင် ကြိုးစားပြီး တော့ ခုနက ကျွတ်ကျမှာစိုးလို့ လက်လေးနဲ့အသာလေး အုပ်လာတဲ့အနေအထားရှိပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီပုဆိုး၊ အင်္ကျီ၊ တိုက်ပုံ၊ ခေါင်းပေါင်းနဲ့ အခြား ကျွန်တော်တို့ကို စေတနာထားပြီးတော့ ပေးပို့တဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဒါ့အပြင် စာအုပ်၊ စာပေများကိုလည်း ပေးပို့ထားတာလည်းရှိပါတယ်။ အဲဒီထဲမှာ တချို့ဆိုလို့ရှိရင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်ဆိုင်တဲ့ စာအုပ်များ၊ တချို့ကျတော့ ကိုယ်ကိုယ်တိုင်ရေးထားတဲ့ စာအုပ်စာတမ်း များ ပေးပို့ထားတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ အချိန်ရရင် လေ့လာတဲ့အခါမှာ ဒီထဲကနေပြီးတော့ များစွာ အကျိုးကျေးဇူးရှိမှာ ဖြစ်တဲ့အတွက် ဒီလိုပေးပို့တဲ့ အတွက်လည်း ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။

တချို့ကျတော့ ကျွန်တော့်ရဲ့ ဝတ်စားဆင်ယင်မှု၊ သွားမှုလာမှုများကို သုံးသပ်ပြီးတဲ့အခါမှာ အကြံပြု ဆောင်ရွက်ပေးတဲ့ အတွက်လည်း ကျေးဇူးတင်ကြောင်း ထပ်ပြောရမှာ ဖြစ်ပါတယ်။ စစဦးဆုံး ဒီဝတ်ရုံဝတ်ပြီးတော့ လုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာ ပုံမကျပန်းမကျ ဝတ်ရုံကြီးက နောက်ကိုလန်တာ၊ ဘေးကိုတွဲကျတာ မြင်လို့ ဝိုင်းပြီးတော့ ပြောပေးတဲ့အတွက်လည်း နောက်ပိုင်းသတိထားတဲ့အတွက် ဒါတွေလည်း အခုတော့ အဆင်ပြေလုနီးပါးဖြစ်သွားပါပြီ။ ဒီအတွက်လည်း ကျွန်တော့်ကို ဝေဖန်အကြံပြု ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ နောက်တစ်ခုကတော့ လွှတ်တော်အစည်းအဝေးနဲ့ အခြားအစည်းအဝေးတွေမှာ အဆင်ပြေအောင်ရယ် လွှတ်တော် အစည်းအဝေးမှာ တက်ရောက် လာကြတဲ့ ကိုယ်စားလှယ်များနဲ့ တာဝန်ရှိသူများကို ကျွေးမွေးတဲ့ နေရာမှာ စေတနာပါပါ ဆောင်ရွက် ကျွေးမွေးတဲ့အတွက် ACE အဖွဲ့တော်သားများနဲ့ တာဝန်ရှိတဲ့ သူများကိုလည်း အားလုံး ကျေးဇူးတင် ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကတော့ အစည်းအဝေး စတင်တဲ့အချိန်ကစပြီးတော့ ဒီနေ့အထိ စားကောင်း သောက်ကောင်းများ စားရတဲ့အတွက် ပေါင်ချိန် ၁၇ ပေါင်အထိ တက်လာတယ်။ သူကဒီလို ပြောပါတယ်။ ဒါပေမယ့်တစ်ခါ ဆေးသွားစစ်တဲ့

အခါကြတော့ အခြားမလိုအပ်တဲ့ ကယ်လိုရီတွေ တိုးတဲ့အတွက် သူ့အစားကို နည်းနည်း ပြန်လျှော့ရမယ်ဆိုတဲ့ အနေအထားမျိုးလည်း ပြောပါတယ်။ သဘောကတော့ လွှတ်တော် ကိုယ်စားလှယ်များနဲ့ တာဝန်ရှိသူများကို စေတနာထားပြီးတော့ ချက်ပြုတ် ကျွေးမွေးတဲ့ ACE အဖွဲ့တော်သားများကိုလည်း မှတ်တမ်းတင် ကျေးဇူးတင်ရမယ့် အနေအထား ရှိပါတယ်။ အထူးသဖြင့်တော့ လွှတ်တော်အစည်းအဝေးမှာ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ ကိုယ်စားလှယ်များပီပီ စနစ်တကျ၊ ဂုဏ်သိက္ခာရှိရှိ၊ တစ်ဦးကိုတစ်ဦးနားလည် စာနာပြီးတော့ မေးကြ၊ ဖြေကြ၊ ဆွေးနွေးကြတဲ့အခါမှာ အင်မတန်မှ အသိအမှတ်ပြု ဂုဏ်ယူဖို့ ကောင်းပါတယ်။

ဒီနေရာမှာ ဒီနေ့အထိ ကျွန်တော်တို့ လွှတ်တော်အတွင်းမှာ အဆိုရှင်တွေ အဆိုပြုထားတာနဲ့ ပတ်သက်ပြီးတော့ မဲခွဲဆုံးဖြတ်ရတဲ့ အနေအထားမရှိဘဲနဲ့ အဆိုတင်သွင်းသူများ အဆိုတင်သွင်းတာကို ဆွေးနွေးတဲ့သူများက စိတ်ရှည်လက်ရှည်နဲ့ ရှုထောင့်အစုံစုံနဲ့ ဆွေးနွေးလိုက်တဲ့အခါမှာ ဒါသီးခြားအဆို တင်သွင်းစရာမလိုတော့ဘူး ဆိုတာမျိုးကို သက်ဆိုင်ရာ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်က နားလည်မှုရှိရှိ၊ သဘောထားကြီးကြီး ဒီလို ပြန်ပြီးတော့ ပြောဆိုဆွေးနွေးသွားတာတွေဟာ ကျွန်တော်တို့ လွှတ်တော်အတွက် အင်မတန်မှ အသိအမှတ်ပြု ဂုဏ်ယူရမယ့်ကိစ္စဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်တာ လွယ်ပါတယ်။ စကားများများမလိုဘဲနဲ့ ထောက်ခံမှု ရှိ၊ မရှိ လွယ်ပါတယ်။ သို့ရာတွင် လွယ်တာကို လွယ်လွယ်လေးနဲ့ ကျင့်သုံးလိုက်တဲ့အခါမှာ အဆိုတင်သွင်းတဲ့သူများရဲ့ စိတ်ထဲမှာ ထိခိုက်မှုတစ်ခု ရှိနိုင်ပါတယ်။ ဒီအလေ့အထမျိုးကိုလည်း ကုလသမဂ္ဂမှာလည်း ဖြစ်နိုင်သမျှတော့ မဲခွဲဆုံးဖြတ်တာ မဟုတ်ဘဲနဲ့ ပြောမယ်ဆိုရင် သဘောထားရယူပြီးတော့၊ စဉ်းစားပြီးတော့ ဆောင်ရွက်တဲ့ အလေ့အထ များလည်းရှိပါတယ်။ ဒီအလေ့အထများကို ကျွန်တော်တို့ လွှတ်တော်မှာတော့ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပါဝင်ပြီး စာနာထောက်ထားမှု ပြည့်ပြည့်ဝဝနဲ့ ဆောင်ရွက်တဲ့အတွက် ကြောင့်မို့လို့ ဒီနေ့ဒီအချိန်ထိ မဲခွဲဆုံးဖြတ်မှုမပြုဘဲနဲ့ ချောချောမွေ့မွေ့ သဟဇာတဖြစ်ဖြစ် ဆောင်ရွက်သွားနိုင်တာလည်း ကျွန်တော်တို့ ဂုဏ်ယူမှတ်တမ်းတင်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့ လို့ ရှေ့ဆက်လက်ဆွေးနွေးမယ့် နေရာတွေမှာလည်းအခုလိုပဲ အစဉ်အလာကောင်းတွေကို ဆက်လက် ထိန်းသိမ်းသွားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ အစည်းအဝေးအစီအစဉ်ကို ကျွန်တော်တို့ စတင်ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး ၁၄ ရက် မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ စိစစ်ချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၄၃၃)ဦး အနက် အစည်းအဝေးကို(၄၃၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေး

တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့(၉၉.၇၇) ရာခိုင်နှုန်းရှိတဲ့ အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားရန် အစီအစဉ်ဖြစ်တဲ့အတွက် ခွင့်ပန်ကြားလိုသူများရှိက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀ း ၁၀ ။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၄၃၃)ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ခွင့်ပန်ကြားသူ မရှိသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်တဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း ဆောင်ရွက်မှာဖြစ်ပါတယ်။

**စစ်တွေမြို့သောက်သုံးရေပေးရေးစီမံကိန်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်တွေမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို အား မေးခွန်းမေးမြန်းဖို့ဖိတ်ကြားပါတယ်။

**အချိန်၊ ၁၀း၁၄ ။**

**ဦးမောင်ညို (စစ်တွေ မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နောက်ပြီး ဧည့်သည်တော်များကို လေးစားကြောင်း ပြောကြားလိုပါတယ်။ အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အန္တရာယ်ကင်းငြိမ်းကြပါစေလို့ ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ဦးမောင်ညို၊ စစ်တွေမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်ပါတယ်။ လက်ရှိရေကန်၏ နောက်ခံသမိုင်းကို နည်းနည်းပါးပါး ရှင်းပြပါမယ်။ နှစ်ပေါင်း ၇၀ ကျော် အင်္ဂလိပ် ကိုလိုနီခေတ်တွင် စစ်တွေမြို့ လူဦးရေသုံးသောင်းကိုခန့်မှန်းပြီး အရည်းတော်ကုန်းတွင်မြေဧက ၁၀ ကျော် ကို ရေလှောင်ကန်အဖြစ် တည်ဆောက်ပြီး မြို့သူမြို့သားများအား အိမ်ပေါက်စေ့ သံပိုက်လုံးများနဲ့ ရေပေးဝေခဲ့ပါတယ်။ မိုးရေချိန်လက်မ ၂၀၀ ကျော်နဲ့ လူဦးရေ ထိုအချိန်တွင် ကိုက်ညီသော်လည်း ယခုအခါ လူဦးရေ နှစ်သိန်းကျော် တိုးလာပါတယ်။ ရေကန်၏ အောက်ခြေမှာ အပေါက်ကြီးများဖြင့် ပေါက်ပြဲနေပါတယ်။ သံပိုက်လုံးများမှာလည်း သံချေးတက်ပြီးတော့ ပျက်စီးနေပါတယ်။ ရာသီဥတု ဖောက်ပြန်လာ တဲ့ အခုအခါ သတ်မှတ်တဲ့ရေကို မရရှိခဲ့ပါ။ ရာသီမရွေး ပျက်စီးခြင်းမျိုးစုံနဲ့ ကြုံတွေ့နေရပြီး ရေမရရှိခဲ့ပါ။ ၄ မိုင်ခန့် ဝေးတဲ့ အောင်လံ ငါးမွေးမြူရေး ရေကန် မှ ရေမှာလည်း မသန့်မရှင်းနဲ့ သယ်ယူရန် အလွန် ခဲယဉ်းပါတယ်။ အောင်လံရေလွှတ်တဲ့သတင်းကို ရတဲ့ မြို့သူမြို့သားများဟာ ရေကိုမသုံးဘဲ အဝီစိကိုသုံးကြပါတယ်။ အဝီစိတွင်းများမှ ရေကိုသုံးပြန်လျှင် လည်း ပင်လယ်နဲ့နီးတဲ့အတွက် ဆားငန်ရေ ပေါက်ပါတယ်။ ဒါကြောင့် တချို့နေရာတွေမှာ လောကနိဗ္ဗာန် ထူထောင်နိုင်တဲ့နေရာမှာ အခု စစ်တွေမြို့မှာ အဝီစိကို ရောက်သွားပြီဆိုပြီးတော့ စစ်တွေသားတွေ ရယ်စရာပြောနေပါတယ်။ စစ်တွေမြို့သူ မြို့သားများ သောက်သုံးရေ အလွန်တရာ အခက်အခဲ တွေ့နေရပါတယ်။ ရေလွှတ်ချိန်နဲ့ လျှပ်စစ်မီးပေးချိန် လွဲချော်နေတဲ့အတွက် ပိုပြီးတော့ ခက်ခဲနေပါတယ်။

သို့ဖြစ်ပါ၍ -

(က) စစ်တွေမြို့သူ မြို့သားများ သောက်သုံးရေ အခက်အခဲဖြစ်နေသည်ကို သိပါသလား။

( ခ ) ရေ အခက်အခဲရှိသည်ကို သိလျှင် ရေလှောင်ကန်ကြီးလုပ်ရန် စီမံကိန်းရှိပါသလား။

( ဂ ) စီမံကိန်းရှိလျှင် မည်သည့်အခါ လုပ်ပေးပါမည်နည်း။

အဲဒါပါဘဲ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ တာဝန်ရှိသူက ရှင်းလင်းပြောကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၁၆ ။**

**ဦးသိန်းညွန့်(ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ မေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုမှ ရခိုင်ပြည်နယ်၊ စစ်တွေမြို့သူမြို့သားများ သောက်သုံးရေ ခက်နေတဲ့ကိစ္စနှင့်ပတ်သက်၍ မေးမြန်းသွားတာရှိပါတယ်။ အဆိုပါ မေးမြန်းချက်နှင့်ပတ်သက်၍ ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနဲ့ပတ်သက်တဲ့ သိသင့်သိထိုက်တဲ့ အချက်များကို ကျွန်တော် ဦးစွာ ဖော်ပြသွားမှာဖြစ်ပါတယ်။ မြို့သာယာလှပရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နေ့စွဲဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၅/၉၃ ဖြင့် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ ပုဒ်မ ၉ မှာ စည်ပင်သာယာရေးအဖွဲ့များ လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန် ၃၁ ချက် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကြီးကြပ်ကွပ်ကဲရန် သတ်မှတ်ပေးခဲ့ပါတယ်။ အဆိုပါ မြို့သာယာလှပရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် မြို့နယ်အတွင်း ဥပဒေအရခွင့်ပြုထားတဲ့ အခွန်အခ၊ အကောက် ကောက်ခံပြီးတော့ ရငွေနဲ့ မြို့နယ်ဝင်ငွေအဖြစ်သတ်မှတ်ပြီးတော့မှ ဥပဒေနဲ့အညီဝန်ကြီးဌာနကခွင့်ပြုပြီးတော့မြို့သာယာလှပရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ပြန်လည်ဆောင်ရွက်ရတဲ့ ဒေသန္တရအဖွဲ့အစည်းများ

ဖြစ်ပါတယ်။ စစ်တွေမြို့အနေနဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များရဲ့ ဥပဒေအရ နှစ်စဉ် ကောက်ခံရရှိတဲ့ အခွန်အခအကောက်ဟာ ဝင်ငွေအသင့်အတင့်ရရှိသော်လည်းပဲ ပုံမှန်မြို့သာယာ လုပရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိုသာ ဆောင်ရွက်နိုင်ပြီး ခုနတင်ပြတဲ့ မြို့ရေပေးရေးလို လုပ်ငန်းကြီးမျိုး၊ အချို့သော ငွေလုံးငွေရင်းနဲ့ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကိုတော့ များများစားစား ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် ဝန်ကြီးဌာနမှ နေပြီးတော့မှ နိုင်ငံတော်ကို ခွင့်ပြုချက်တောင်းခံပြီး နိုင်ငံတော်ရဲ့ ထောက်ပံ့ငွေနဲ့ ထပ်ဆောင်းပြီးတော့မှ လုပ်ငန်းများ ဆောင်ရွက်ပေးနေရခြင်း ဖြစ်ပါတယ်။

စစ်တွေမြို့ရေပေးရေးလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ကြီးကြပ်မှုနဲ့ ရခိုင်ပြည်နယ်၊ စည်ပင်သာယာရေးအဖွဲ့ရဲ့ အနီးကပ်ကြီးကြပ်မှုတို့ ဖြင့် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၁၃၆ ဧက ကျယ်ဝန်းပြီး ရေဂါလံ သန်း ၄၁၀ သိုလှောင် နိုင်တဲ့ ကန်တော်ကြီး ရေကန်ကနေပြီးတော့ မြို့ရေပေးဖို့အတွက် မြို့တွင်းကို ရေပိုက်လိုင်းအရှည် စုစုပေါင်း ၁၃၃၄၄၀ ပေ သွယ်တန်းထားပြီးတော့ တစ်နေ့ကို ရေဂါလံ ၁၂၀၀၀၀၀ ခန့်နဲ့ အခြားအရင်း အမြစ်များဖြစ်တဲ့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူထိန်းသိမ်းထားတဲ့ မိုးရေလှောင်ကန် ၁၄ ကန်၊ စည်ပင်သာယာရေးအဖွဲ့ပိုင် အချင်း ၂၀ ပေရှိတဲ့ လက်တူးတွင်းကြီး ၁၂ တွင်း၊ အခြားဌာနပိုင် အချင်း၂၀ ပေရှိတဲ့ ၁၀ တွင်း၊ ပုဂ္ဂလိကပိုင် အချင်း ၃ ပေ ရှိတဲ့ လက်တူးတွင်းငယ် ၁၂၇ တွင်း၊ တုန်ကင် တွင်း ၈၇၅ တွင်းတို့မှ တစ်နေ့ကို ရေဂါလံ ၁၃.၅ သိန်း ဖြန့်ဝေနိုင်တဲ့အတွက် စစ်တွေမြို့မှာ တစ်နေ့ကို ရေဂါလံ ၂၅.၅ သိန်း ဖြန့်ဝေပေးလျက်ရှိပါတယ်။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ ၊ ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်နေ့၊ ၂၀၁၀ ပြည့်နှစ်၊ မေလ ၁၇ ရက်နေ့မှာ နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင် စစ်တွေမြို့ကို ရောက်ရှိပြီးတော့မှ စစ်တွေမြို့ ရေခက်ခဲမှုရှိကြောင်း ရခိုင်ပြည်နယ်၊ အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရဲ့ တင်ပြချက်အရ နိုင်ငံတော် ဝန်ကြီးချုပ်မှ စစ်တွေမြို့ရေရရှိရေး အတွက် နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးရန် ကျွန်တော်တို့ ဝန်ကြီးဌာနကို တာဝန်ပေးခဲ့ ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်တာဝန် ပေးချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ ရေရရှိရေး လုပ်ငန်းစဉ် သုံးရပ်ကို စစ်တွေမြို့အတွက် မေတ္တာစေတနာထားပြီးတော့မှ ဆောင်ရွက်ပေးခဲ့ပါတယ်။

ပထမလုပ်ငန်းစဉ်ကတော့ မြို့ရေပေးစနစ်ဟာ ဟောင်းနွမ်းနေတဲ့အတွက် ရေပိုက်လိုင်းများ ဆေးကြောသန့်စင် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းကို နံပါတ် ၁ လုပ်ငန်းအနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို ဆောင်ရွက်တဲ့အခါမှာ စည်ပင်သာယာဦးစီးဌာနရုံးချုပ်က ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဌေး ကိုယ်တိုင် ဦးဆောင်ပြီးတော့မှ ရုံးချုပ်အင်ဂျင်နီယာအဖွဲ့နဲ့ ကွင်းဆင်းတိုင်းတာ စစ်ဆေးပြီးတော့မှ ရေပိုက်လိုင်းတွေ ပြန်လည်ပြင်ဆင်ခြင်း၊ အထူးသဖြင့်တော့ ရေပိုက်လိုင်းတွေဟာ CI ပိုက်ပေါ့လေ Cast Iron ပိုက်တွေဖြစ်တဲ့အတွက် နှစ်ကြာတဲ့အခါမှာ သံချေးတက်နေခြင်း၊ အနှစ်အနယ်များ ပိတ်ဆို့ခြင်း၊ အချို့ပိုက်လိုင်းတွေဟာ ပေါက်ပြီးတော့မှ ရေတွေစိမ့်ထွက်နေခြင်း ဖြစ်ပေါ်တဲ့အတွက် ကျွန်တော်တို့ စည်ပင်သာယာရေးဦးစီးဌာန အင်ဂျင်နီယာများ ထပ်မံဖြည့်ဆောင်း ပြီးတော့မှ မြို့ထဲမှာရှိတဲ့ ပိုက်တွေအားလုံးဖော်၊ ပိုက်တွေအားလုံးကိုဆေး၊ ပိုက်အသစ်လဲဖို့ လိုတဲ့ဟာတွေကို အသစ်လဲတဲ့ လုပ်ငန်းတွေကို တစ်မြို့လုံး အုန်းအုန်းကြွက်ကြွက် ဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့တာ စစ်တွေမြို့တစ်မြို့လုံး အသိဖြစ်ပါတယ်။ အဲဒီလို ရေပိုက်လိုင်းတွေ ဆေးကြော သန့်စင်ပြီးတော့ အပြင်ကို နောက်ထပ်ပိုက်လိုင်းအသစ် ၈၅၀၀ ပေ ကိုလည်းပဲ သွယ်တန်းပေးခဲ့ပါတယ်။ ဒါတင်မဟုတ်ဘူး။ ကျွန်တော်တို့က တကယ်လို့ တချို့နေရာတွေမှာ ရေမရတဲ့အတွက် ရေကလာတော့လာတယ်၊ Pressure နည်းတဲ့အခါမှာ ရေမရတဲ့အတွက် ထပ်ပြီးတော့မှ အဲဒီနေရာမှာ ကျွန်တော်တို့ ကိုယ်တိုင် ဒါကို အကြံပြုပြီးတော့မှ Bolter Pump ပေါ့လေ၊ Bolter Pump ဆိုတာကတော့ အဲဒီရေယက်တဲ့နေရာမှာ ပြန်ပြီးတော့မှတွန်းပေးတဲ့ ရေတွန်းစက် သုံးလုံးကိုလည်းပဲ စစ်တွေမြို့မှာ ထပ်ပြီးတော့မှ တိုးချဲ့တည်ဆောက်ပေးခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ပေးခဲ့တဲ့အတွက် ကျွန်တော်တို့ စောစောကတင်ပြသလို ပိုက်လိုင်းဟောင်းများ ပြင်ဆင်ခြင်း၊ အသစ်သွယ်တန်းခြင်း၊ ရေတွန်းစက်များ တပ်ဆင်ခြင်းလုပ်ငန်းကို နိုင်ငံတော်က နေပြီးတော့မှ ၆၉၆.၂ သိန်း အကုန်အကျခံဆောင်ရွက်ပေးခဲ့ပါတယ်။ စစ်တွေမြို့လုပ်ငန်းခွင်မှာ ရေဖြန့်ဖြူးခြင်း လုပ်ငန်းကို ရေပိုက်လိုင်းများမှတစ်ဆင့် အိမ်သွယ်ရေအထိုင်ပေါင်း ၂၇၆၀၊ အများ သုံးရေကန် ၁၂၀ တို့ဖြင့် ရပ်ကွက်ကို ဖြန့်ဝေပေးလျက်ရှိပါတယ်။ ဒါလုပ်ငန်းစဉ် (၁) ဖြစ်ပါတယ်။

ဒုတိယလုပ်ငန်းစဉ်အနေနဲ့ကတော့ ရေရရှိရေးအဓိကဖြစ်တဲ့ ကန်တော်ကြီးရေကန် ရေတိုးတက် ရရှိရေးဆောင်ရွက်ခြင်းလုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ နွေရာသီ ရေအခက်အခဲ မရှိစေရေးအတွက် ကန်တော်ကြီးရေကန်ကို ရေပြည့်နိုင်ရေးအတွက် မြို့နဲ့လေးမိုင်ခန့်အကွာမှာရှိတဲ့ ကျွန်တော်တို့ ယခင်တုန်းက ဒေသအာဏာပိုင်နဲ့ ပြည်သူပူးပေါင်းဆောင်ရွက်ခဲ့တဲ့ ရေဂါလန် ၅၂၅ သန်း သိုလှောင်နိုင်တဲ့ အောင်လံရေချိုကန်ကနေပြီးတော့ ရှစ်လက်မ ပိုက်လိုင်း နှစ်လိုင်းကို ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့ သွယ်တန်းပြီးတော့မှ မြင်းကောင်ရေ ၅၀ အင်အားရှိတဲ့ ရေတွန်းစက် နှစ်လုံးနဲ့ တွန်းပို့ပြီးတော့မှ ရေတစ်နေ့ဂါလန် ၁၂ သိန်းကို အောင်လံကန်မှ တစ်ဆင့်

ကန်တော်ကြီးကို ရေဖြည့်ပြီးတော့မှ ရေကူအနေနဲ့ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါ ရေကူဖြည့်ခြင်း လုပ်ငန်းအတွက် ဒေသစည်ပင်သာယာရေးအဖွဲ့မှရန်ပုံငွေ ၁၆၁၂ သိန်း၊ ကျွန်တော်တို့ ဝန်ကြီးဌာန ကနေ နိုင်ငံတော်ကို တင်ပြတောင်းခံပြီးတော့ မှ နိုင်ငံတော်က ခွင့်ပြုခဲ့တဲ့ငွေဟာ သိန်းပေါင်း ၂၀၄၄.၇ သိန်း၊ စုစုပေါင်း ၃၆၅၇ သိန်း အကုန်ကျခံပြီးတော့မှ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ကန်တော်ကြီး ရေပိုမိုဝင်ဆန့်နိုင်ရေးအတွက် ရေပိုမိုလှောင်ဖို့အတွက် ကန်တော်ကြီးကို မြေသားတာဘောင်ထပ်ပြီး တော့မှ ငါးပေအမြင့်ကို မြှင့်တင်ပေးခဲ့ပါတယ်။ ငါးပေအမြင့် မြှင့်ခဲ့တဲ့ အရှည်ဟာဆိုလို့ရှိရင် ပေပေါင်း ၄၇၀၀ ပေ မြှင့်တင်ပေးခဲ့ပါတယ်။ ဒါကျွန်တော် တို့ မိုးတွင်းဘက်မှာ မိုးများတဲ့အချိန်မှာ ရေပိုမိုလှောင် နိုင်ဖို့အတွက် ငါးပေမြှင့်ပြီးတော့မှ ၄၇၀၀ ပေ အရှည်ကို ထပ်ပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက် ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီလုပ်ငန်း လုပ်တဲ့အတွက် နိုင်ငံတော်ကနေပြီးတော့မှ သိန်းပေါင်း ၇၉၀ အကုန်အကျခံပြီးတော့မှ ဆောင်ရွက်ပေးခဲ့တဲ့အတွက် ရေဂါလန် ၄၀ သန်း၊ သန်းပေါင်း ၄၀ ပိုမိုသိုလှောင်နိုင်တာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီလို ကန်တော်ကြီး ရေဖြည့်သွင်းရေး၊ ဘောင်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ပေးခဲ့တဲ့အတွက် အခု စစ်တွေမြို့မှာ တစ်နေ့ကို ရေဂါလန် သိန်း ၃၀ ခန့် ဖြန့်ဝေနေပြီဖြစ်ပါတယ်။ တဖြည်းဖြည်း ကျွန်တော်တို့ တိုးပြီးတော့မှ ဆောင်ရွက်လာတဲ့ အခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။

နောက် လုပ်ငန်းစဉ် ၃ ကတော့ ကျွန်တော်တို့ စစ်တွေမြို့မှာ ဆတ်ရိုးကျချောင်းဆိုတာရှိပါတယ်။ အဲဒီချောင်းကို ပိတ်ပြီးတော့မှ ရေလှောင်တမံလုပ်ကာ ရေတိုးတက်ရရှိရေးလုပ်ငန်းကိုလည်းပဲ ဆောင် ရွက်နေပါတယ်။ ဒီလုပ်ငန်းစဉ်ဟာ ကျွန်တော်တို့ ဘယ်က နမူနာယူလည်းဆိုတော့ ဧရာဝတီတိုင်းဒေသ ကြီး လပွတ္တာမြို့မှာ ကျွန်တော်တို့က အဝီစိတွင်းတူးလည်း ရေငန်ပဲထွက်တယ်၊ လက်တူးတွင်းတွေ ကလည်း ရေငန်ပဲဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ လပွတ္တာ ၃မိုင်မြို့တည်ဆောက်တဲ့အခါမှာ ၃ မိုင်မြို့အနီးမှာ ရှိနေတဲ့ လျှိုကိုပိတ်ပြီးတော့မှ ရေချိုလှောင်ပြီးတော့မှ အဲဒီ ရေချိုကနေပြီးတော့မှ မြို့သစ် ကိုလည်း ရေပေးတယ်။ လပွတ္တာမြို့ရဲ့ ရေအခက်အခဲကိုလည်းပဲ ဒီဟာနဲ့ပဲ ဖြေရှင်း ပေးခဲ့တယ်။ အဲဒီ နမူနာယူပြီးတော့မှ စစ်တွေမြို့မှာလည်းပဲ ရေပိုမိုပြီးတော့ ရရှိစေဖို့အတွက် စစ်တွေမြို့ရဲ့ မြောက်ဘက် ၄၂၀၀ ပေအကွာမှာရှိတဲ့ ဆတ်ရိုးကျချောင်းလက်တက် ကန်ပိုင်ချောင်းကို ပိတ်ပြီးတော့ မြေသားတာဘောင်အလျား ၆၄၀၀ ပေ၊ အမြင့် ၁၅ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီဟာ ဆောင်ရွက်ပြီးလို့ရှိရင် ရေဂါလန် သန်း ၁၃၀ သိုလှောင်နိုင်မှာ ဖြစ်ပြီးတော့ စစ်တွေမြို့မြောက်ပိုင်း ရပ်ကွက်ခုနှစ်ခုကို တစ်နေ့လျှင် ရေဂါလန် သုံးသိန်းခန့်

ပိုမိုပေးဝေနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းအတွက်ကို ကျွန်တော်တို့ နိုင်ငံတော်ကနေပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကနေ ၁၉၅၂ သိန်း ထောက်ပံ့ပေးပြီးတော့မှ လုပ်ငန်းစတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဲဒါပြီးသွားလို့ရှိရင် ကျွန်တော်တို့ စစ်တွေမြို့ဟာဆိုလို့ရှိရင် တစ်နေ့ကို ရေဂါလန် ၃၄ သိန်းခန့် ဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါလေးကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ လုပ်ငန်း မစခင်တုန်းက တစ်နေ့ကို ကျွန်တော်တို့ ပေးနိုင်တဲ့ရေဂါလန်ဟာ ၂၅ သိန်းပဲ ရှိပါတယ်။ အခုကျွန်တော်တို့ ၃၄ သိန်းခန့် ၂၅ သိန်းကနေ ၃၄ သိန်းကို ဖြန့်ဝေနိုင်အောင် တိုးချဲ့ပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ စစ်တွေမြို့သောက်သုံးရေ ရရှိရေးအတွက်ကို ၂၀၁၀ ပြည့်နှစ်၊ မတ် ၁၆ ရက်နေ့နဲ့ ၁၇ ရက်နေ့ပေါ့လေ၊စောစောကတင်ပြခဲ့တဲ့ ရက်တွေမှာ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ကန်တော်ကြီးရေကန်ကို သွားရောက်ကြည့်ရှုပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ အခြေအနေကို နိုင်ငံတော်ဝန်ကြီးချုပ်ကို တင်ပြခဲ့ပါတယ်။ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကလည်းပဲ အခြေအနေတွေ အားလုံး တင်ပြပြီးတော့ ဒီလုပ်ငန်းတွေကို ဆက်ပြီးတော့မှ ဆောင်ရွက်ဖို့အတွက် လမ်းညွှန်ခဲ့ပါတယ်။ အလားတူပဲ ဒီသတင်းတွေကို မြန်မာ့ ရုပ်မြင်သံကြား၊ သတင်းစာများမှာလည်းပဲ အပြည့်အဝဖော်ပြထားပြီး ဖြစ်ပါတယ်။ အဲဒါကို ကြည့်ခြင်း အားဖြင့် နိုင်ငံတော်ဟာ ကျွန်တော်တို့ ပြည်နယ်၊ တိုင်းဒေသတွေမှာ အခက်အခဲ ရှိလာလို့ရှိရင် အကြီးအကဲများကိုယ်တိုင်ဆင်းပြီးတော့မှ ကူညီဆောင်ရွက်ပေးနေတယ်ဆိုတာကို မျက်ဝါးထင်ထင် မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ အဆိုပါ ရှင်းလင်းပြချက်ကို လေ့လာခြင်းအားဖြင့် နိုင်ငံတော်မှ စစ်တွေမြို့သူမြို့သားများ သောက်သုံးရေအခက်အခဲမရှိစေရန် ဆောင်ရွက်ပေးမှု အခြေအနေကို လည်းပဲ သိသိသာသာ မြင်နိုင်မှာဖြစ်ပါတယ်။ နောင်မှာလည်းပဲ ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ အရ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များရဲ့ အခွန်အခများကို ပြည်နယ်ဝန်ကြီးချုပ်တွေရဲ့ ပြည်နယ်ဘဏ္ဍာရေး အရအသုံးဆိုင်ရာ ဥပဒေအတိုင်း မြို့နယ်များမှာစည်ပင်သာယာရေးအဖွဲ့များ ဥပဒေနဲ့အညီပြန်လည်သုံးစွဲရန် ခွင့်ပြုထားပါတယ်။ ဒါကြောင့် နောင်မှာလည်းပဲ နိုင်ငံတော်က ဆောင်ရွက်သလို ပြည်နယ် ဝန်ကြီးချုပ်တွေကလည်း ပြည်နယ် ရန်ပုံငွေဖြင့် သောက်သုံးရေဖူလုံစွာရရှိရေးကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း နှင့် စစ်တွေမြို့ရေပေးရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဆောင်ရွက်မှု အခြေအနေများကို သိရှိနိုင်ရန် ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးမောင်ညို၊ စစ်တွေမဲဆန္ဒနယ်ရဲ့ တင်ပြချက်အပေါ် သက်ဆိုင်ရာ တာဝန်ရှိသူက တင်ပြချက်အပေါ် ဖြေကြားတဲ့နေရာမှာ ဦးမောင်ညို စတင်ဆွေးနွေးသလိုပေါ့၊ စစ်တွေ

သားတွေက အဝီစိကိုရောက်နေပြီလို့ ဘေးကပြောနေကြတယ်ဆိုတဲ့ စကားလေးပါသွားပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာတာဝန်ရှိသူက ဖြေကြားတဲ့နေရာမှာ ရေပေးဝေရေးနဲ့ စည်ပင်သာယာရေးလုပ်ငန်းများကို သက်ဆိုင်ရာဒေသ၊ သက်ဆိုင်ရာမြို့နယ်ပိုင်းက လုပ်ရမှာဖြစ်သော်လည်း လုပ်နိုင်စွမ်းမရှိတဲ့အတွက် နိုင်ငံတော်ဘက်က ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိတယ်ဆိုတာ ရယ်၊ နောက်ပိုင်းလည်း ဆက်လက်ပြီးဆောင်ရွက်ပေးမယ်ဆိုတာရယ်၊ တစ်ခါ နောင်အစိုးရသစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပေါ်ပေါက်လာတဲ့ ပြည်နယ်အစိုးရတွေဟာလည်း ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက် ပေးမယ်ဆိုတာ ကြားလိုက်ရတဲ့အတွက် ကျွန်တော်တို့ စစ်တွေသားတွေ အဝီစိရောက်စရာ မရှိပါဘူး။ အဝီစိရောက်အောင်လည်း ဒေသမှာရှိတဲ့ အာဏာပိုင်တွေရော၊ ဗဟိုအစိုးရ သို့မဟုတ် ပြည်ထောင်စု အစိုးရကရော ဒီလို လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူးဆိုတဲ့သဘောကို သက်ဆိုင်ရာတာဝန်ရှိတဲ့သူက ဖြေရှင်းတင်ပြသွားတယ်လို့ ကျွန်တော့်အနေနဲ့ဒီလိုယူဆပါတယ်။

**တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မချမ်းဘော မဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန် ၊ ၁၀း၃၁ ။**

**ဦးအင်ဖုန်ဆန်း(ခ)ဦးအင်ထုဖုန်ဆန်း(မချမ်းဘော မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဇည့်သည်တော်များကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ဆက်ရင်းနဲ့ ကျွန်တော်ရဲ့မေးခွန်းကို ဆက်လက်မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်းဆန်း (ခ) ဦးအင်ထုဖုန်ဆန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမမေးရမယ့် မေးခွန်းကတော့ တိုးတက်ဖွံ့ဖြိုးမှုနှောင့်နှေးနောက်ကျနေတဲ့ ဒေသများအတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးရေးနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ တိုင်းဒေသကြီးများတွင် နေရာဒေသအလိုက် တိုးတက်ဖွံ့ဖြိုးမှု ကွာဟချက်ရှိတဲ့နည်းတူ ပြည်နယ်အသီးသီး၌လည်း တိုင်းရင်းသားလူမျိုးများနေထိုင်သော ဒေသအချို့နဲ့ နယ်စပ်ဒေသများဟာ တိုးတက်ဖွံ့ဖြိုးမှု နှေးကွေးနောက်ကျ ကျန်ရစ်ခဲ့သည်ကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ယခင်ကထက် မကြုံစဖူး တိုးတက်ဖွံ့ဖြိုးလာတာနဲ့အမျှ ပြည်သူလူထုဟာ မြန်မာပြည်တစ်နံတစ်လျား မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ဖြင့် မိမိတို့လိုရာခရီးသို့ အလွယ်တကူ အချိန်တိုအတွင်း သွားလာနိုင်ကြပြီ ဖြစ်ပါတယ်။ သို့သော် မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ်

ပူတာအိုခရိုင်သည် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံးဒေသဖြစ်နေတာကို တွေ့ရှိရပါတယ်။ သာဓကအနေနဲ့ ပြောရမည်ဆိုရင် ပူတာအိုခရိုင်အတွင်းရှိ လုပ်သားပြည်သူများဟာ ပူတာအိုမြို့မှ ၁၁၅ မိုင်ဝေးသော ခေါင်လန်ဖူးမြို့သို့ ခြေလျင်ခရီးဖြင့် ရက်ပေါင်း ၂၀ အသွားအပြန် ၂ လ နီးပါး ခရီးသွားလာရပါတယ်။ ထိုနည်းတူ ခေါင်လန်ဖူးမြို့နယ်၌ တာဝန်ကျသော ပြည်သူ့ဝန်ထမ်းများနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များလည်း မိမိတို့ရဲ့ အိပ်ယာလိပ်၊ ရိက္ခာပစ္စည်းများကို ကိုယ်တိုင်ထမ်းပိုးကာ ခရီးကြမ်းနှင်လျက် နိုင်ငံတာဝန်ထမ်းဆောင်ခဲ့သည်မှာ လွတ်လပ်ရေးရချိန်မှ ယနေ့ဒီအချိန်ထိ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၂ (ဂ) တွင် နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ တိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ပါရှိပါတယ်။ ထို့ကြောင့် -

(က) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသအတွက် ကူညီဆောင်ရွက်ရန် မည်သည့်အစီအစဉ် ရှိပါသနည်း။

(ခ) တိုးတက်ဖွံ့ဖြိုးမှုနှေးကွေးလျက်ရှိသောတိုင်းရင်းသားလူမျိုးသို့မဟုတ်တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးများမှ ကျေးလက်ဒေသများသို့ နိုင်ငံတော်မှ လေ့လာစုံစမ်းရေးအဖွဲ့ စေလွှတ်ပြီး ကွင်းဆင်းတွေ့ရှိချက်အပေါ် အခြေခံပြီး တိုင်းရင်းသားလူမျိုး၊ နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေးဆောင်ရွက်နိုင်မည်လားလို့ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဦးသိန်းညွှန့်(ဝန်ကြီး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးသိန်းညွှန့်ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း မေးမြန်းထားတဲ့ အဖြေကို ကျွန်တော့အနေနဲ့ အရေးကြီးတဲ့ အဖြေဖြစ်တဲ့အတွက် နည်းနည်းလေး အသေးစိတ်ပြီးတော့ ရှင်းပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ၁၉၈၈ ခုနှစ် မတိုင်မီ ပြည်တွင်းလက်နက်ကိုင်

ဆုပ္ပမှုနဲ့ လမ်းပန်းဆက်သွယ်မှု ခက်ခဲမှုကြောင့် နယ်စပ်ဒေသအပါအဝင် နယ်စပ်မှာနေထိုင်ကြတဲ့ တိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးမှုဟာ များစွာနောက်ကျခဲ့တာကို ကျွန်တော်တို့တွေ့ရှိရမှာ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် ရောက်တဲ့ အခါမှာ ဒီအခြေအနေ သိရှိတဲ့အခါမှာ နိုင်ငံတော်ကို တာဝန်ယူထားတဲ့ အကြီးအကဲများဟာ ဒီနယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ဘဝမြင့်မားရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဝန်ကြီးဌာနတစ်ခုချင်း သီးခြားဆောင်ရွက်မယ်ဆိုလို့ရှိရင် အချိန်ကြာ ပြီးတော့မှ တိုးတက်မှုဟာ နှောင့်နှေးနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့်မို့ ဝန်ကြီးဌာနအားလုံး နယ်စပ်ဒေသမှာ စုစည်းပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်မှာတာဝန်ရှိတဲ့ လူကြီးများကိုယ်တိုင် ပါဝင်ပြီးတော့မှ အထူးသဖြင့်တော့ ကျွန်တော်တို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကြီး ကိုယ်တိုင် နာယက၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးတော့မှ ကျွန်တော်တို့ ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်နေ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အမိန့် (၂၃/၈၉)နဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်တော်တို့ ဒီဖွဲ့စည်းတာနဲ့ တစ်ပြိုင်နက်မှာပဲ နိုင်ငံတော်ရဲ့ဒီနေ့ဆောင်ရွက်နေတဲ့ စီမံကိန်းကြီး (၃)ရပ်အနက် ဒါ ပထမဆုံး အရေးကြီးဆုံး စီမံကိန်းကြီး ဖြစ်ပါတယ်။ ဒါဘာလဲ ဆိုတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီး ဖြစ်ပါတယ်။ အဲဒီဗဟိုကော်မတီရဲ့ လမ်းညွှန်ချက်မူဝါဒတွေကို အကောင်အထည်ဖော်ဖို့အတွက် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ၂၇ ရက် နေ့ အမိန့်ကြော်ငြာစာ အမှတ် (၇၄/၂၀၀၄)နဲ့ ကျွန်တော်တို့ ဗဟို ကော်မတီမှတစ်ဆင့် လုပ်ငန်းကော်မတီကို ထပ်ပြီးတော့မှ ကျွန်တော်တို့ ဖွဲ့စည်းပါတယ်။ လုပ်ငန်း ကော်မတီမှာ ကျွန်တော်တို့အဆင့်ဆင့်တာဝန်ယူခဲ့ပြီးတော့ ကျွန်တော်တို့လုပ်ငန်း ကော်မတီဥက္ကဋ္ဌ အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် တာဝန်ယူပြီးတော့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ အဲလိုဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းကော်မတီရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့အတူ ကျွန်တော်တို့ ဝန်ကြီးဌာနအားလုံး ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းဆပ်ကော်မတီကိုလည်းပဲ ကျွန်တော်တို့ ဖွဲ့စည်းခဲ့ပါတယ်။ လုပ်ငန်းဆပ်ကော်မတီအပိုင်းကိုလည်း သီးခြားရှင်းပြမှာ ဖြစ်ပါတယ်။ အဲဒီလို ကျွန်တော်တို့ဗဟိုကော်မတီ လုပ်ငန်းကော်မတီက နေပြီးတော့မှ စေတနာမှန်စွာနဲ့ နယ်စပ်ဒေသမှာ ရှိတဲ့ တိုင်းရင်းသားတွေရဲ့ လူမှုအဆင့်အတန်းမြင့်မားရေး၊ နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လာတဲ့အခါမှာ လုပ်ငန်းစစချင်းမှာပဲ နယ်စပ်ဒေသ၊ စောစောကတင်ပြခဲ့တဲ့ နယ်စပ်ဒေသမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာပြီးတော့မှ ဥပဒေဘောင်အတွင်းမှာ နိုင်ငံတော်အစိုးရနဲ့အတူလက်တွဲပြီးတော့မှ သူတို့ဒေသတွေဖွံ့ဖြိုးတိုးတက်

အောင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပါတယ်။အဲဒီလို ဆောင်ရွက်ပေးခဲ့တဲ့ အခြေအနေကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့နဲ့ အဖွဲ့ငယ် ၂၂ ဖွဲ့ဟာ အဲဒီအချိန်က ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါတယ်။ ဥပမာအနေနဲ့ တင်ပြရမယ်ဆိုရင် ကိုးကန့်ဒေသ ငြိမ်းချမ်းရေး အဖွဲ့ဟာ ၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာလည်းကောင်း၊ '၀' ဒေသ အထူးဒေသ ၂ ငြိမ်းချမ်းရေးအဖွဲ့ဟာ ၁၉၈၉ ခုနှစ်၊ မေလ ၉ ရက်နေ့မှာလည်းကောင်း၊ SSA ငြိမ်းချမ်းရေးအဖွဲ့ဟာ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှာလည်းကောင်း၊ အထူးဒေသ ၄ ငြိမ်းချမ်းရေးအဖွဲ့ဟာ ၁၉၈၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှာလည်းကောင်း၊ကချင်ပြည်နယ်အထူးဒေသ ၁ NDAK ငြိမ်းချမ်းရေးအဖွဲ့ဟာလည်းပဲ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာလည်းကောင်း၊ ကချင်အထူး ဒေသ ၂ KIO ငြိမ်းချမ်းရေးအဖွဲ့ဟာလည်းပဲ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်မှာ လည်းကောင်း၊ အသီးသီးဥပဒေဘောင်ထဲကို ဝင်ရောက်လာကြပါတယ်။ အဲဒီလိုဥပဒေဘောင် အတွင်း ကို ဝင်ရောက်လာကြတဲ့တိုင်းရင်းသားအဖွဲ့အစည်းတွေဟာ စောစောကတင်ပြခဲ့တဲ့ နိုင်ငံတော်ကနေ ဦးစီးဆောင်ရွက်နေတဲ့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့အတူ လက်တွဲပြီးတော့မှ သူတို့ဒေသတွေ ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက် ပါတယ်။ အဲဒီလို ကျွန်တော်တို့ ပီပီပြင်ပြင် ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းရင်းသားတွေ ပါလာတဲ့ အခါမှာ ပိုပြီးတော့မှ ပီပီပြင်ပြင် ဆောင်ရွက်နိုင်ဖို့အတွက် ဝန်ကြီးဌာန ၁၈ ခုက ဒုတိယ ဝန်ကြီးများကို ဥက္ကဋ္ဌအဖြစ်တာဝန်ပေးပြီးတော့မှ ကျွန်တော်တို့လုပ်ငန်းကော်မတီရဲ့ အောက်မှာ ဆပ်ကော်မတီ ၁၈ ခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီဆပ်ကော်မတီများကို တင်ပြရမယ်ဆိုရင် လမ်းတံတားလုပ်ငန်း ဆပ်ကော်မတီ၊ သယ်သူပို့ဆောင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်း ဆပ်ကော်မတီ၊ ပညာရေး လုပ်ငန်းဆပ်ကော်မတီ၊ စိုက်ပျိုးရေးလုပ်ငန်းဆပ်ကော်မတီ၊ သစ်တောလုပ်ငန်းဆပ်ကော်မတီ၊ မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ၊ ကုန်သွယ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ စွမ်းအင်လုပ်ငန်းဆပ်ကော် မတီ၊ ပြည်သူ့စုံစမ်းရေးလုပ်ငန်း ဆပ်ကော်မတီ၊ သတ္တုတွင်းတူးဖော်ရေးလုပ်ငန်း ဆပ်ကော်မတီ၊ ဆက်သွယ်ရေး လုပ်ငန်းဆပ်ကော်မတီ၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊ စီမံခန့်ခွဲရေး နှင့် ဘဏ္ဍာရေးလုပ်ငန်း ဆပ်ကော်မတီစသည်ဖြင့် ကျွန်တော်တို့ ဆပ်ကော်မတီ ၁၈ ခုကို ဖွဲ့စည်း ပြီးတော့မှ ဒုတိယဝန်ကြီးများကိုယ်တိုင် နယ်စပ်ဒေသတွေ သွားရောက်ပြီးတော့မှ သူတို့သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် လိုအပ်ချက်တွေကို လုပ်ငန်း ကော်မတီမှာ တင်ပြပြီးတော့မှ အကောင်အထည် ဖော်ကြတဲ့အတွက် အရှိန်အဟုန် မြင့်မြင့်နဲ့ တိုးတက်အောင် စတင်ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါတယ်။ အဲဒီလိုဆပ်ကော်မတီတွေ ဆောင်ရွက်တဲ့အပြင် တစ်ခါဒေသဆိုင်ရာလုပ်ငန်းကော်မတီ ၁၁ခုကိုလည်းပဲ

ကျွန်တော်တို့၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့မှာထပ်မံဖွဲ့စည်းပြီးတော့မှ ဒီဒေသဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌအဖြစ် ပယက၊ တယက ဥက္ကဋ္ဌများ ကိုယ်တိုင်၊ စစ်တိုင်းမှူးများ ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးတော့မှ သူတို့ဒေသတွေရဲ့ လိုအပ်ချက်တွေကို နိုင်ငံတော်ကို တင်ပြနိုင်ဖို့အတွက် ဒေသဆိုင်ရာလုပ်ငန်းကော်မတီတွေကို လေးလ တစ်ကြိမ် အစည်းအဝေးလုပ်ပြီးတော့မှ သူတို့ရဲ့တင်ပြချက်တွေကို ကျွန်တော်တို့ မှတ်သားပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ အဲဒီဒေသအလိုက် လုပ်ငန်းဆပ်ကော်မတီကို တင်ပြရမယ်ဆိုရင် ကချင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၊ ရှမ်းပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၊ ကယားပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊ ကရင် ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊ မွန်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၊ တနင်္သာရီတိုင်းဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊ စစ်ကိုင်းတိုင်းဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၊ ချင်းပြည်နယ်ဒေသ ဆိုင်ရာလုပ်ငန်းကော်မတီ၊ ရခိုင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်းခဲ့ပြီးတော့ စောစောတင်ပြခဲ့တဲ့အတိုင်း ဒီအဖွဲ့တွေဟာ ကျွန်တော်တို့ဒေသရဲ့ လိုအပ်ချက်တွေကို လုပ်ငန်းကော်မတီတင်ပြပြီးတော့မှ အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ရင်းနဲ့ပဲ ကျွန်တော်တို့ ဒီလုပ်ငန်းတွေကို ဘဏ္ဍာရေးအရရော၊ လုပ်ငန်းအုပ်ချုပ်မှုအရရော ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကိုလည်း ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီနယ်စပ်ဒေသ ဆိုင်ရာ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီအဆင့်ဆင့် တင်ပြချက်အပေါ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့ကနေပြီးတော့မှ ဦးစားပေးအဆင့်အလိုက် ခွဲပြီးတော့မှဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ပေးခဲ့တဲ့အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို နိုင်ငံတော်ကနေပြီးတော့ ၁၉၈၉-၁၉၉၀ ဘဏ္ဍာရေးနှစ်က နေပြီးတော့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလကုန်အထိ နိုင်ငံတစ်ဝန်းလုံးမှာ ဆောင်ရွက်ပေးမှုများနှင့်ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့တွေ အဲဒါရန်ပုံငွေအနေနဲ့ ပထမဆုံး တင်ပြရမယ်ဆိုရင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေက နေပြီးတော့ ကျပ်သန်းပေါင်း ၁၃၀၀၄၀ သုံးစွဲခဲ့ပါတယ်။ ဝန်ကြီးဌာန၊ ကျွန်တော်တို့ ဝန်ကြီးဌာန ရန်ပုံငွေအရဆိုရင် ကျပ်သန်းပေါင်း ၂၁၄၂၃၃ အားလုံး

ပေါင်းမယ်ဆိုရင် နိုင်ငံတော်ကနေပြီးတော့မှ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ယနေ့အထိ ဆောင်ရွက်ခဲ့တဲ့ ငွေပေါင်းဟာ ကျပ်သန်းပေါင်း ၃၄၄၂၇၃.၉၇ သန်း၊ ဘီလီယံနဲ့ ပြောမယ်ဆိုရင် ၃၄၄ ဘီလီယံကျပ် အကုန်အကျခံပြီးတော့မှ ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ တစ်ခါ ထပ်မံပြီးတော့မှ ပိုပြီးတော့ အသေးစိတ်သိအောင် လမ်းတံတားနဲ့ပတ်သက်ပြီးတော့မှ ကဏ္ဍအလိုက် တင်ပြရမယ် ဆိုရင် လမ်းတံတားကဏ္ဍမှာ နယ်စပ်ဒေသအတွက် မြေသားလမ်း ၄၃၉၇ မိုင် ဖောက်လုပ်ပေးခဲ့ တယ်။ ကျောက်ခင်းလမ်း ၃၁၃၃ မိုင်၊ ကတ္တရာလမ်း ၄၇၃ မိုင်၊ လမ်းပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်း ၃၅၈၇ မိုင်ကို လမ်းတံတားနဲ့ပတ်သက်ပြီးတော့ တစ်နိုင်ငံလုံးမှာ ဆောင်ရွက်ပေးခဲ့တာကို ကျွန်တော်တို့ တင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ခါ နယ်စပ်ဒေသတွေမှာ ပညာရေးကဏ္ဍနဲ့ပတ်သက်ပြီးတော့ ယခင်မရှိခဲ့တဲ့ မူလတန်းကျောင်းပေါင်း ၈၈၈ ကျောင်းကိုလည်း စတင်ပြီးတော့မှ နယ်စပ်ဒေသတွေမှာ ဖွင့်လှစ်ပေး နိုင်ခဲ့ပါတယ်။ ယခင်တုန်းကဆိုရင် မူလတန်းကျောင်းဆိုတာ နယ်စပ်ဒေသတွေမှာ ခုနက စောစော ကပြောခဲ့တဲ့ အခက်အခဲတွေကြောင့် လက်နက်ကိုင်ဆူပူမှု ၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲမှု တွေကြောင့် မူလတန်းကျောင်း မရှိတဲ့နေရာတွေကို အသစ်ထပ်ပြီးတော့မှ ၈၈၈ ကျောင်း ဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီကမှတစ်ဆင့် နှစ်ကြာလာတာနဲ့အခါမှာ မူလတန်း၊ အလယ်တန်း၊ မူလတန်းက နေပြီးတော့မှ လေးတန်းအောင်တဲ့ ကလေးတွေ ဆက်ပြီးတက်နိုင်ဖို့အတွက် အလယ်တန်းကျောင်း ၉၂ ကျောင်းကိုလည်းပဲ ထပ်မံတိုးချဲ့ပြီးတော့ ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲဒီကမှ တစ်ဆင့် အထက်တန်း ကျောင်း ၉၄ ကျောင်းကိုလည်း ထပ်မံပြီးတော့မှ နယ်စပ်ဒေသတွေမှာ တိုးချဲ့ပြီးတော့ ဖွင့်လှစ်ပေး နိုင်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကျန်းမာရေး ကဏ္ဍနဲ့ပတ်သက်ပြီးတော့ ယခင်တုန်းက ဆေးခန်း တောင် မရှိခဲ့တဲ့ နယ်စပ်ဒေသတွေမှာ အခု ကျွန်တော်တို့ဆောင်ရွက် ပြီးခဲ့တာ ဆိုရင် ဆေးရုံပေါင်း ၁၀၀ ကျော်၊ ဆေးခန်း ၉၆ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၉၄ ခု ၊ ကျန်းမာရေးဌာနခွဲ ၂၀၂ ခု တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍနဲ့ ပတ်သက်ပြီးတော့ စိုက်ပျိုးရေးရုံး ၃၁ ခု ၊ စိုက်ပျိုးရေးစခန်း ၁၁၈ ခု ၊ ဆည် ၆၃ ခု ၊ တိုင်းတာပြီးဆည် ၇၇ ခု ၊ တူးမြောင်း ၅ ခု၊ လက်တွန်း ထွန်စက်စခန်း ၁၁ ခုတို့ကို လည်းပဲ တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

မွေးမြူရေးကဏ္ဍနဲ့ ပတ်သက်ပြီးတော့ မွေးမြူရေးခြံ ၂၀၊ တိရစ္ဆာန် မွေးမြူရေးနဲ့ ကုသရေးရုံး ၄၁ ရုံး၊ နွား ၇၃ ကောင်၊ မြည်း၊သိုး ၃၈ ကောင်ကိုလည်းပဲ ကျွန်တော်တို့ အခမဲ့ ဖြန့်ဖြူးပြီးတော့မှ ဒီဒေသတွေမှာ မျိုးရအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ သစ်တော ကဏ္ဍမှာ လည်းပဲ သစ်တော ကြိုးဝိုင်း ၁၁ ခု ၊ စီစဥ်ဆဲ သစ်တော ကြိုးဝိုင်း ၁၄ ခု၊ သစ်တော ပျိုးဥယျာဉ် ၁၄ ခု

ကိုလည်းပဲ တည်ထောင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ပြည်သူ့ဆက်ဆံရေး ကဏ္ဍမှာဆိုလည်းပဲ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်၊ ကျွန်တော်တို့ နယ်စပ်ဒေသရဲ့ အစီအစဥ်နဲ့ ဆောင်ရွက်ပေးခဲ့တဲ့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ဟာ ၁၁၃ ရုံ၊ နယ်စပ်ဒေသ တစ်လျှောက်လုံးမှာ တည်ဆောက်ပေးခဲ့ပါတယ်။ ဆက်သွယ်ရေး ကဏ္ဍမှာလည်းပဲ နယ်စပ် ဒေသဖွံ့ဖြိုးရေးအတွက်ကို စာတိုက် ၅၄ ခု၊ ကြေးနန်းရုံး ၄၇ ရုံး၊ တယ်လီဖုန်းဆက်သွယ်တဲ့လုပ်ငန်း ၈၆ ခု ကိုလည်းပဲ တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်လို့ မီးစက်အလုံးရေ ၂၇၆ လုံး၊ ရေအားလျှပ်စစ် စက်ရုံ ၅၁ ခုကိုလည်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါတွေတည်ဆောက် နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ဝန်ကြီးဌာနမှာ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း ငါးရင်း တွဲဖက်ပြီးတော့မှ မြေကော်စက် လေးစီး၊ မြေထိုးစက် ၄၂ စီး၊ မြေထိုးစက်ငယ် ၃၀၊ D 23 လေးစီး၊ D 37 ငါးစီး၊ လမ်းကြိတ်စက် ၂၇ စီး၊ မြေသယ်ယာဥ် ၈၄ စီး ၊ လူရိုင်းလမ်းကြိတ်စက် ၅၅ စီး၊ အေရိုးလတ် မြေသယ်ယာဥ် ၄၉ စီး အားလုံး စုစုပေါင်း ပေါင်းမယ်ဆိုရင် ယာဥ်/ယန္တရား ၃၂၀ အသုံးပြုပြီးတော့မှ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ကချင်ပြည်နယ်မှာ ဆိုလို့ရှိရင်လည်း အဲဒီကနေ ကွက်ပြီး တင်ပြရမယ်ဆိုရင် မြေကော်စက် တစ်စီး၊ မြေထိုးစက် ၁၂ စီး၊ လမ်းကြိတ်စက် ခြောက်စီး၊ မြေသယ်ယာဥ် ရှစ်စီး၊ စုစုပေါင်း ယန္တရား ၂၇ စီးနဲ့ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ စောစောကတင်ပြချက်ကို နည်းနည်းလေးကွက်ပြီးတော့ ပြန်ပြောမယ်ဆိုရင် ခေါင်လန်ဖူး-ပန်နန်းတင်၊ ခေါင်လန်ဖူးဒေသပေါ့လေ လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်လို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကနေပြီးတော့မှ ဒါကို ကူညီဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒီလမ်းတွေဟာ အမှန်ကတော့ မြို့တစ်မြို့နဲ့ တစ်မြို့ဆက်သွယ်တဲ့ လမ်းတွေဟာ ဆောက်လုပ်ရေး လမ်းတွေ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးလမ်းဖြစ်သော်လည်းပဲ တချို့လမ်းပန်း ဆက်သွယ်မှုခက်ခဲတဲ့ နေရာတွေမှာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကနေပြီးတော့မှ ဝင်ပြီးတော့မှ ကူညီပေးတဲ့အနေနဲ့ ပူးပေါင်း ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့ကြောင့်မို့ ခေါင်လန်ဖူးဘက်ကိုလည်းပဲ နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင် လမ်းညွှန်ပြီးတော့မှ ဒီလမ်းတွေဖောက်ဖို့ ကျွန်တော်တို့ စတင်ပြီးဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အလားတူပဲ ပန်နန်းတင်ဒေသဆိုရင် ခုနက တင်ပြချက်ထဲ မပါသော်လည်းပဲ ပန်နန်းတင်ဒေသဟာဆိုရင် သွားရေးလာရေး အင်မတန်ခက်ပါတယ်။ မြို့နယ်ခွဲလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီပန်နန်းတင်ဒေသကို ကျွန်တော်တို့ မော်တော်ဆိုင်ကယ် သွားလို့ရအောင် ကျွန်တော်တို့ ဝန်ကြီးဌာနကပဲ ပြည်ထဲရေး ဝန်ကြီးဌာနနဲ့ ပေါင်းပြီးတော့မှ ဆောင်ရွက်ပေး ခဲ့တဲ့အတွက် အခုဆိုရင် လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့ ပန်နန်းတင်ဒေသဟာ

ကျွန်တော်တို့ မော်တော်ဆိုင်ကယ်နဲ့ အလွယ်တကူ သွားလို့ရပြီ ဖြစ်ပါတယ်။ နောက်တစ်ဆင့် ကျွန်တော်တို့ ကားလမ်းကိုတိုးချဲ့ဖောက်လုပ်သွားမှာ ဖြစ်ပါတယ်။ အဲလို အကောင်အထည်ဖော် ဆောင်ရွက်ပေးတဲ့အခါမှာ ကျွန်တော်တို့ အခုနက ပြောခဲ့တဲ့ ကချင်ပြည်နယ်အတွက်ကိုလည်းပဲ လမ်းတံတား လုပ်ငန်းမှာ မြေသားလမ်း ၇၂၅ မိုင်၊ ကျောက်ခင်းလမ်း ၃၀၉ မိုင် ၊ ကတ္တရာ လမ်း၂ မိုင် ၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၂၇၂ မိုင်ကိုလည်းပဲ ကျွန်တော်တို့ ငွေကျပ် သန်းပေါင်း ၂၇၈၀ ကုန်ကျခံ ပြီးတော့ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍမှာဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အလားတူပဲ ပညာရေး လုပ်ငန်းမှာ ကချင်ပြည်နယ်အတွက်ကို မူလတန်းကျောင်း ၁၇၃ ကျောင်း၊ အလယ်တန်း ကျောင်း ၁၃ ကျောင်း၊ အထက်တန်းကျောင်း ၁၀ ကျောင်း ကိုလည်းပဲ တိုးချဲ့ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်အတွက်ကို သီးခြား တင်ပြသွားခြင်း ဖြစ်ပါတယ်။ ဒါအပြင် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ ဒေသအသီးသီးမှာ အသက်ကြီး စာမတတ်တဲ့ သူတွေ အများကြီး ရှိနေပါတယ်။ ဒါကြောင့်မို့လို့ အသက်ကြီး စာမတတ်တဲ့ သူတွေ ကို 'အ'သုံးလုံး သင်တန်းတွေကို သင်ကြားပြီးတော့မှ ၁၉၉၆ခုနှစ်မှစပြီးတော့ ပညာရေးဝန်ကြီးဌာန နဲ့ပေါင်းပြီးတော့မှ ပညာရေး ဒုတိယဝန်ကြီးများ ကိုယ်တိုင် ဦးဆောင်ပြီးတော့ ကျွန်တော်တို့ နယ်စပ် ဒေသ 'အ'သုံးလုံး သင်တန်း တွေကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ၂၀၀၁ ခုနှစ် မှာ ၄၃၉ ဦး စာတတ်အောင် လုပ်ပေးခဲ့တယ်။ ၂၀၀၅ ခုနှစ်မှာ ၈၃၅ ဦး၊ ၂၀၀၆ ခုနှစ်မှာ ၂၈၆ ဦး ၊ ၂၀၀၇ ခုနှစ်မှာ ၈၅၅ ဦး၊ ၂၀၀၈ ခုနှစ်မှာ ၇၂၈ ဦး ၊ ၂၀၀၉ ခုနှစ်မှာ ၂၇၈ ဦး၊ ၂၀၁၀ မှာ ၈၀၇ ဦး စုစုပေါင်း သက်ကြီးစာမတတ်တဲ့ ပုဂ္ဂိုလ်များကို ကျွန်တော်တို့ ၄၂၂၈ ဦး အထိ စာတတ်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ နောက်တစ်ခါ ဆက်ပြီးတော့မှ နယ်စပ်ဒေသတွေမှာ ယခင်တုန်းက တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးမှု နောက်ကျခဲ့တဲ့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားလူငယ်များ စောင့်ရှောက်မှု အခြေအနေကို ရှင်းပြသွားမှာ ဖြစ်ပါတယ်။ ယခင်တုန်းကဆိုရင် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု မရှိတဲ့အတွက် နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသား လူငယ်လေးတွေဟာ ပညာတတ်တဲ့ အခွင့်အလမ်းတွေ၊ ပညာသင်ကြားရတဲ့ အခွင့်အလမ်းတွေ အများကြီး ဆုံးရှုံးခဲ့ပါတယ်။ ဒီဆုံးရှုံးမှုတွေကို ပြန်ပြီးတော့မှ ကျွန်တော်တို့ နိုင်ငံတော်ကနေပြီးတော့မှ ဒီလို ပညာမသင်နိုင်တဲ့ ကလေးတွေ အားလုံးကို ပညာသင် နိုင်အောင် စောစောကပြောတဲ့ သာမန်ပညာရေးစီမံကိန်းအပြင်ကို အထူးစီမံကိန်းအနေနဲ့ နယ်စပ်ဒေသကလေးတွေ ပညာရည်မြင့်မားရေး အတွက်ကိုလည်းပဲ ဆောင်ရွက် ပေးခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ပေးခဲ့တဲ့အခါမှာ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ နယ်စပ် ဒေသတွေမှာ နယ်စပ်ဒေသ တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၂၉ ကျောင်း

ဖွင့်လှစ်ပေးပြီးတော့မှ ဒီကျောင်းတွေမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းထိ သင်ကြားနိုင်အောင်၊ စရိတ်အခမဲ့ သင်ကြားနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက် ပေးခဲ့ပါတယ်။

ဒါတွေကို အကြမ်းဖျင်း တင်ပြရမယ်ဆိုရင် ကချင်ပြည်နယ်မှာ ဆိုလို့ရှိရင် ပူတာအို ၊ မြစ်ကြီးနားမှာ နှစ်ကျောင်း၊ ဗန်းမော်မှာ တစ်ကျောင်း၊ ကချင်ပြည်နယ်မှာ လေးကျောင်း ကျွန်တော်တို့ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာဆိုရင် လားရှိုး၊ ကွမ်းလုံ ၊ တန့်ယန်း၊ လောက်ကိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ ဆိုရင် ကျိုင်းတုံ၊ လွယ်မွေ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်းမှာဆိုရင် ပင်လုံ၊ ကယားပြည်နယ်မှာ ဆိုရင် လွိုင်ကော် ၊ ကရင်ပြည်နယ် မှာဆို ဘားအံ ၊ ရခိုင်ပြည်နယ်မှာဆို စစ်တွေ၊ နောက် မကွေးတိုင်းဒေသကြီးမှာဆိုသီးခြား ကျွန်တော်တို့ ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေအတွက်ကို ပခုက္ကူမှာလည်းပဲ ကျောင်း ၁ ကျောင်း ဖွင့်ပေးခဲ့ပါတယ်။ ချင်းပြည်နယ်မှာတော့ အထူးသဖြင့် ကျွန်တော်တို့ ချင်းပြည်နယ်မှာဆိုရင် ကျောင်း ၉ ကျောင်း ဖွင့်ပေးထားပါတယ်။ မင်းတပ်မှာဆိုရင် နှစ်ကျောင်း၊ မတူပီ တစ်ကျောင်း၊ ကန်ပက်လက်၊ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ ၊ နောက်တစ်ခါ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဆိုရင် ကလေး၊ ခန္တီး၊ လေရှီး ၊ လဟယ် ၊ ဒါ နာဂဒေသတွေပါ။ အဲလို ကျောင်းတွေ ကျွန်တော်တို့ ဖွင့်လှစ်ပြီး တော့မှ ဒီကလေးတွေကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ပညာသင်ကြားနိုင်အောင် အခမဲ့ သင်ကြားနိုင်အောင် ကျွန်တော်တို့ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက် ပေးရုံတင်မဟုတ်ဘူး၊ ကျွန်တော်တို့ ဒီကလေးတွေကို ၁၀ တန်း အောင်တဲ့အခါမှာ အဆင့်မြင့် တက္ကသိုလ် ပညာသင်ကြားနိုင်အောင် ရန်ကုန်နဲ့ မန္တလေးမှာ ၂၀၀၀ ပြည့်နှစ်က စပြီးတော့မှ ဒီဂရီကောလိပ်နှစ်ခု၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် နှစ်ခုကို ဖွင့်လှစ်ပြီးတော့မှ အဆင့်မြင့်ပညာသင်ကြားနိုင်အောင်လည်းပဲ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုကူညီဆောင်ရွက် ခဲ့တဲ့အတွက် ကျွန်တော်တို့ ဒီကျောင်းကနေပြီးတော့မှ B.A , B.Sc , AGTI ဘွဲ့တွေကို ကျွန်တော်တို့ ပထမအဆင့် ပေးခဲ့ပါတယ်။ တော်တဲ့ကလေးတွေကိုလည်းပဲ ခုနက AGTI သမားတွေက B.E , M.E, Ph.D အထိ ရောက်အောင် ဆက်ပြီးသင်နိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်။ အလားတူပဲဝိဇ္ဇာသိပ္ပံ B.A,B.Sc ရတဲ့ ကလေးတွေကိုလည်းပဲ Master ဘွဲ့ရအောင် M.A, M.Sc ထိရအောင် အခမဲ့သင်ကြားနိုင်အောင် ကျွန်တော်တို့ ကူညီဆောင်ရွက် ပေးခဲ့ပါတယ်။ အဲဒီလို ကူညီဆောင်ရွက် ပေးခဲ့တဲ့အတွက် ကျွန်တော်တို့ အခုအချိန်မှာဆိုရင် ကျောင်းဆင်း စုစုပေါင်း ၁၅၁၃ ဦးဟာ ခုနက ပြောခဲ့တဲ့ အခြေခံဘွဲ့ အပြင် အဆင့်မြင့်ဘွဲ့တွေကို ရရှိပြီးတော့မှ ကျွန်တော်တို့ ပြီးတာနဲ့ နယ်စပ်ဒေသမှာ တာဝန်ထမ်းဆောင်နိုင်မှုအတွက် နယ်စပ်ဒေသနဲ့ ဆက်စပ်နေတဲ့ ဝန်ကြီးဌာနများကို ကျွန်တော်တို့ အလုပ်တာဝန်

တစ်ခါတည်း ခန့်အပ်ပေးခဲ့ပါတယ်။ ဒါကြောင့်မို့ ဆင်းရဲနွမ်းပါးတဲ့ တိုင်းရင်းသားလူငယ်တွေဟာ နယ်စပ်ဒေသတွေမှာ ပညာလည်းတတ်၊ အလုပ်လည်းရ ဆိုတဲ့သဘောနဲ့ ကျွန်တော်တို့ နယ်စပ်ဒေသမှာ ရှိတဲ့တာဝန်ထမ်းဆောင်တဲ့ ဝန်ကြီးဌာနတွေမှာ တာဝန်ပေးခဲ့ပါတယ်။ ဥပမာတင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ဝန်ကြီးဌာနမှာဆိုရင် နယ်စပ်ဒေသ ဦးစီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာနမှာ ၅၆၈ ယောက် တာဝန်ပေးခဲ့တယ်။ ပြန်ကြားရေး ဝန်ကြီးဌာနမှာ ၇၄ ယောက်၊ ပြည်ထဲရေး ဝန်ကြီးဌာနမှာ ၃၅၁ ယောက်၊ လ.ဝ.က ပေါ့လေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှာ ၉၆ ယောက် ၊ အမျိုးသားစီမံကိန်းနဲ့ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှာ ၅၅ ယောက် ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ ၇၁ ယောက် ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှာ ၄၆ ယောက်၊ ဆက်သွယ်ရေးစာတိုက်နဲ့ ကြေးနန်းဝန်ကြီးဌာနမှာ ၅၅ ယောက် ၊ လျှပ်စစ်(၁)မှာ ၄၈ ယောက်၊ လျှပ်စစ်(၂)မှာ ၇၈ ယောက်၊ ဒါအားလုံး ခြုံလိုက်မယ်ဆိုရင် ကျွန်တော်တို့ စောစောက တင်ပြခဲ့တဲ့ ကျောင်းဆင်းကျောင်းသားအားလုံးကို နယ်စပ်ဒေသ သူတို့ရဲ့မူလဒေသ တွေမှာပဲ ကျွန်တော်တို့ အလုပ်အကိုင်ရရှိအောင် တစ်ခါတည်း ဖန်တီးပေးပြီး ခန့်အပ်ခဲ့ပါတယ်။ စောစောကကျွန်တော်တို့ Master ဘွဲ့နဲ့ ပတ်သက်လို့ အနည်းငယ် တင်ပြရ မယ်ဆိုရင် ဝိဇ္ဇာ/သိပ္ပံ အောင်ပြီးသား ကလေးတွေထဲကနေ ပြီးတော့မှ အခုအချိန်မှာဆိုရင် မဟာဝိဇ္ဇာ/မဟာသိပ္ပံ ရရှိတဲ့ ကျောင်းသားဟာ ၁၁၁ ဦး ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ တိုင်းရင်းသားတွေပဲ ဖြစ်ပါတယ်။ ဒီတိုင်းရင်းသား တွေဟာလည်း ဆင်းရဲနွမ်းပါးတဲ့ တိုင်းရင်းသားတွေပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီတိုင်းရင်းသားတွေကို ကျွန်တော်တို့ ဒါ B.A , B.Sc ကနေပြီးတော့ Master ဘွဲ့ရအောင် သင်ပေးသလို တစ်ဘက်ကလည်းပဲ အင်ဂျင်နီယာဘွဲ့ရအောင် ကျွန်တော်တို့ အခုဆိုရင် B,Tech ၁၃၆ ဦး ၊ B.E ၃၄ ဦး၊ M.E ၁၆ ဦး ၊ Ph.D တက်ဖို့အတွက် နှစ်ယောက်၊ နိုင်ငံတော်စရိတ်နဲ့ပဲ သူတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တက်လာအောင် ကျွန်တော်တို့ သင်ကြားပေးခြင်း ဖြစ်ပါတယ်။အလားတူပဲ ကျွန်တော်တို့ နယ်စပ်မှာရှိတဲ့ တိုင်းရင်းသား/ တိုင်းရင်းသူ အမျိုးသမီးငယ်လေးတွေနဲ့ ပတ်သက်လို့လည်းပဲ အိမ်တွင်းမှု အတတ်ပညာ တတ်ခြင်းအားဖြင့် သူတို့ရဲ့ အသက်မွေးဝမ်းကျောင်း ဆောင်ရွက်နိုင်အောင် နယ်စပ်မှာရှိတဲ့ တိုင်းရင်းသူလေးတွေကိုလည်းပဲ အိမ်တွင်းမှု အတတ်ပညာကို ကျွန်တော်တို့ ကျောင်းတွေကို ဖွင့်လှစ်ပြီးတော့မှ သင်ကြား ပေးလျက်ရှိပါတယ်။ ဒါ အိမ်တွင်းမှုကျောင်း အားလုံး စုစုပေါင်း တစ်နိုင်ငံလုံးမှာ ၃၉ ကျောင်း ဖွင့်လှစ်ပြီးတော့မှ ဒီကျောင်းတွေမှာ ကျွန်တော်တို့ အိမ်တွင်းမှု အတတ်ပညာကို အခမဲ့သင်ပေးပြီးတော့မှ မိမိတို့ကိုယ်တိုင် အသက်မွေးဝမ်းကျောင်း ပြုလုပ် နိုင်အောင် အမျိုးသမီးငယ်လေးတွေကို မြေတောင်မြှောက်ပေးခဲ့ပါတယ်။ ဒီ ကျောင်းတွေကို

ကြည့်မယ်ဆိုရင် ကချင်ပြည်နယ်မှာ ပူတာအို၊ ဗန်းမော်၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန် ဆိုပြီးတော့ လေးကျောင်း ဖွင့်ထားပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာဆိုရင် မူဆယ်၊ လားရှိုး၊ လောက်ကိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာဆိုရင် ကျိုင်းတုံ၊ မိုင်းဆတ် ၊ တာချီလိတ်၊ ကယားပြည်နယ်မှာဆို လွိုင်ကော်၊ ကရင်ပြည်နယ်မှာဆိုရင် ဘားအံ ၊ မြဝတီ ၊ မြိုင်ကြီးငူ ၊ ထို့ကော်ကိုး၊ မွန်ပြည်နယ်မှာဆိုရင် မုဒုံနဲ့ရေး၊ တနင်္သာရီတိုင်းမှာဆိုရင် မြိတ်နဲ့ ကော့သောင်း၊ ရခိုင်ပြည်နယ်မှာဆိုရင် မောင်တော ၊ ချင်းပြည်နယ်မှာဆိုရင် ခြောက်ကျောင်းရှိပါတယ်။ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မတူပီ၊ မင်းတပ်၊ ကန်ပက်လက်မှာ ဖွင့်ထားပါတယ်။ နောက်ပြီးတော့မှ ဆင်းရဲနွမ်းပါးတဲ့ တိုင်းရင်းသူလေးတွေကို သင်ကြားနိုင်ဖို့အတွက် ပခုက္ကူ ၊ ရေစကြို ၊ မြိုင်၊ ပေါက် ၊ ဆိပ်ဖြူ မှာလည်း ဖွင့်ပေးထားပါတယ်။ နောက်တစ်ခါ စစ်ကိုင်းတိုင်းမှာဆိုရင်လည်းပဲ ယင်းမာပင် ၊ ပုလဲ ၊ ဆားလင်းကြီး ၊ လေရှီး ၊ လဟယ်၊ နန်းယွန်း၊ ခန္တီးမြို့တွေမှာလည်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီလိုဖွင့်လှစ် ပေးနိုင်ခဲ့တဲ့အရေအတွက်ကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်း စတင်ဖွင့်လှစ်ခဲ့တဲ့ ၁၉၉၂ ခုနှစ်ကနေပြီးတော့ ဒီနေ့အထိ အမျိုးသမီးအိမ်တွင်းမှုသင်တန်း လုပ်ငန်း ပညာသင်ကျောင်း ကနေပြီးတော့ သင်တန်းအောင်မြင်ခဲ့တဲ့ သူ စုစုပေါင်း ၃၈၄၈၉ ဦး ရှိခဲ့ပြီးတော့ သင်ကြားတဲ့ ပညာရပ်တွေနဲ့ မိမိတို့အသက်မွေးဝမ်းကြောင်း လုပ်နိုင်အောင်လည်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ စောစောက နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်း အဲဒီမှာ တစ်ခါ ထပ်ပြီးတော့မှ နယ်စပ်မှာရှိတဲ့ တိုင်းရင်းသား လူငယ်လေးတွေရဲ့ ဘဝမြင့်မားရေး၊ နောက်တစ်ခါ ထပ်ပြီးတော့မှ တိုင်းရင်းသူ အမျိုးသမီးငယ်လေးတွေရဲ့ မိမိတို့ကိုယ်တိုင် အသက်မွေးဝမ်းကျောင်းပညာနဲ့ ရပ်တည်နိုင်ရေး အတွက်ကိုလည်းပဲ ဘက်ပေါင်းစုံကနေပြီးတော့ နိုင်ငံတော်က ကူညီ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါကြောင့် စောစောက ပြောပြတဲ့အချက်ကို ကြည့်ခြင်းအားဖြင့် ၊ ရှင်းလင်းပြတဲ့အချက်တွေကို ကြည့်ခြင်းအားဖြင့် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးတဲ့ တိုင်းရင်းသားများ နေထိုင်ရာဒေသအတွက် ကူညီ ဆောင်ရွက်ပေးရန် မည်သည့်အစီအစဉ်ရှိပါသလဲ ဆိုတဲ့ မေးခွန်းဟာ ကျွန်တော် ရှင်းပြချက်နဲ့ ပတ်သက်လို့ အားလုံးဟာ ဖြေပြီးဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဆောင်ရွက်ချက်ဟာ ဒီစီမံကိန်းတွေမှာ ဘယ်လောက်ထိ အလေးအနက်ထား ဆောင်ရွက်ခဲ့တယ်ဆိုတာကို နည်းနည်းအသေးစိတ် သိအောင်လည်းပဲ ရှင်းပြခဲ့ပါတယ်။ ဒါကြောင့်မို့လို့ တိုးတက်ဖွံ့ဖြိုးမှု နှေးကွေးနေလျက်ရှိတဲ့ တိုင်းရင်းသားလူမျိုး သို့မဟုတ် ဒေသများကို နိုင်ငံတော်မှ လေ့လာစုံစမ်းရေး အဖွဲ့ စေလွှတ်ပြီးတော့မှ တိုင်းရင်းသား လူမျိုးများ သို့မဟုတ် နယ်မြေဒေသဖွံ့ဖြိုးရေးအတွက်ကို ဦးစားပေးဆောင်ရွက်နိုင်မလားဆိုတဲ့ မေးခွန်းဟာ

ကျွန်တော်တို့နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာဒေသကော်မတီက နေပြီးတော့မြို့နယ်အဆင့်ထိ၊ မြို့နယ်အဆင့် လုပ်ငန်းကော်မတီများကို ဖွဲ့ပြီးတော့မှ အဆင့်ဆင့် ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် အခုအချိန်မှာလည်းပဲ နယ်စပ်ဒေသအားလုံးဟာ ယခင်နဲ့မတူ၊ ၈၈ မတိုင်ခင်နဲ့မတူ အများကြီး တိုးတက်ပြောင်းလဲပြီးတော့မှ နိုင်ငံတကာကနေ အံ့သြလောက်ဖွယ် ဖွံ့ဖြိုးတိုးတက်နေတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စုံစမ်းရေးအဖွဲ့ လွှတ်စရာမလိုဘဲ မြို့နယ် အဆင့်မှာတင် ကျွန်တော်တို့ကို တင်ပြတာနဲ့ မြို့နယ်ကနေ ခရိုင်၊ ခရိုင်ကနေတိုင်း၊ တိုင်းကနေ ပြီးတော့မှ ကျွန်တော်တို့ ဗဟိုဟာ ချက်ချင်းသိပြီးတော့မှ ဒီလုပ်ငန်းတွေကို အချိန်မီ၊ အချိန်နဲ့ တစ်ပြေးညီဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်တွေကို ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ထားခဈောင်းရေတံခွန်မှလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ ဦးအင်ဖုန်ဆန်း၊ မချမ်းဘော မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀ ။**

**ဦးအင်ဖုန်ဆန်း(ခ)ဦးအင်ထုဖုန်ဆန်း (မချမ်းဘော မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ထားခဈောင်း ရေတံခွန်မှ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနဲ့ ပတ်သက်တဲ့မေးခွန်းကို ဆက်လက် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မချမ်းဘော မြို့နယ်ရှိ ထားခဈောင်းရေတံခွန်မှ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာမှ ကွင်းဆင်းတိုင်းတာမှု အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါတယ်။ အဲဒါကြောင့် (က) အဆိုပါ ထားခဈောင်း ရေတံခွန်မှ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ရည်ရွယ်ချက်ရှိ ပါသလား။ (ခ)ရှိပါက မည်သည့်အချိန် လုပ်ငန်းစတင်နိုင်မည်ကို သိလိုပါကြောင်း မေးမြန်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာတာဝန်ရှိသူမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၁ ။**

**ဦးဇော်မင်း(ဝန်ကြီး ၊ အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုပါတယ်။ ကျွန်တော် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဦးဇော်မင်းဖြစ်ပါတယ်။ မချမ်းဘောမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအင်ဖုန်ဆန်း(ခ)ဦးအင်ထုဖုန်ဆန်း မေးသောမေးခွန်း ကို ကျွန်တော် ဖြေကြားပေးမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး မေးတဲ့မေးခွန်းမှာ ကချင်ပြည်နယ် မချမ်းဘော မြို့နယ်ရှိ ထာခချောင်း ရေတံခွန်မှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာမှ ကွင်းဆင်း တိုင်းတာမှု အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်ကို လေ့လာသိရှိပါတယ်။ အဆိုပါ ထာခချောင်း ရေတံခွန်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ရည်ရွယ်ချက်ရှိပါသလား။ ရှိပါက မည်သည့်အချိန် လုပ်ငန်း စတင်နိုင်မည်နည်း ဆိုပြီးဖြစ်ပါတယ်။ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရေအားလျှပ်စစ်စီမံကိန်း များရဲ့ လုပ်ငန်းအစီအစဉ် ဆောင်ရွက်မှုနဲ့ နည်းပညာသဘောသဘာဝကို ကျွန်တော် ဦးစွာရှင်းလင်း တင်ပြပေးပါမယ်။ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပထမဦးစွာ နိုင်ငံတော် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ကို တင်ပြပြီးတော့ ဆောင်ရွက်ခွင့် ခွင့်ပြုချက် ရယူရပါတယ်။ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ရဲ့ အတည်ပြုချက် ၊ ခွင့်ပြုချက်ရပြီး ပြီဆိုရင်စီမံကိန်းလုပ်ဖို့အတွက် ဖြစ်နိုင်စွမ်းရှိမရှိ ပဏာမစူးစမ်းလေ့လာမှု၊ တိုင်းတာမှုများ ပြုလုပ် ရပါတယ်။ ပဏာမစူးစမ်းလေ့လာများမှုလုပ်တဲ့အခါမှာ စီမံကိန်းလုပ်မယ့် မြစ် သို့မဟုတ် ချောင်း တစ်လျှောက်မှာ တစ်နှစ်ပတ်လုံးရွာသွန်းတဲ့ မိုးရေချိန်ပမာဏ၊ အဲဒီချောင်းထဲကို အဲဒီမြစ်ထဲကို တစ်နှစ်ပတ်လုံး စီးဝင်တဲ့ရေပမာဏ၊ ဘူမိဗေဒ အနေအထားများ၊ စီမံကိန်း လုပ်နိုင်တဲ့ နေရာတွေ မည်မျှရှိသည်၊ စီမံကိန်းလုပ်နိုင်မယ့်နေရာ မြစ် သို့မဟုတ် ချောင်းရဲ့ အထက်ပိုင်းဒေသ up stream နေရာများ၊ အောက်ပိုင်းဒေသ down Stream နေရာတွေမှာ စီမံကိန်းကြောင့် ဖြစ်ပေါ် ပြောင်းလဲနိုင်သော သဘာဝပတ်ဝန်းကျင် အခြေအနေတို့ကို အချိန်ယူ ပြီးတော့ အသေးစိတ်လေ့လာ ရပါတယ်။ အဲဒါကို မြစ်ဝှမ်းတစ်လျှောက် လေ့လာခြင်း၊ Basin study လို့ခေါ်ဆိုသတ်မှတ်ပါတယ်။ သာမန်အားဖြင့် အဲဒီပဏာမ စူးစမ်းလေ့လာမှု ပြုဖို့အတွက် အချိန် ၁၈ လခန့် လိုအပ်ပါတယ်။ ပဏာမစူးစမ်းလေ့လာမှုများ ပြုလုပ်ပြီးတဲ့အခါမှာ ရရှိလာတဲ့ အစီရင်ခံစာပေါ်မှာ မူတည်ပြီးတော့ အသေးစိတ်စူးစမ်းလေ့လာမှု ထပ်မံပြုလုပ်ရပါတယ်။ တစ်ခါတစ်ရံမှာ ပဏာမ စူးစမ်းလေ့လာမှု

ပြုလုပ်တဲ့အခါမှာ စီမံကိန်းဆောင်ရွက်နိုင်တဲ့နေရာ ၃ နေရာ၊ ၄ နေရာ စသည်ဖြင့် ရရှိတတ်ပါတယ်။ အဲဒီအထဲက အကောင်းဆုံး၊ အသင့်လျော်ဆုံးနေရာကို ရွေးချယ်ပြီးတော့ အသေးစိတ်ထပ်မံ စူးစမ်းလေ့လာတိုင်းတာပြီး တည်ဆောက်မယ့် အသေးစိတ် ပုံစံဒီဇိုင်း တစ်ခုရရှိတဲ့အထိ လေ့လာဆောင်ရွက်ရပါတယ်။ သာမန်အားဖြင့် အဲဒီအသေးစိတ် ဒီဇိုင်းရသည်အထိ စူးစမ်းလေ့လာမှုအတွက် အချိန် ၁၂ လခန့် လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ရေအားလျှပ်စစ် စီမံကိန်းတစ်ခုဆွဲရန် ဖြစ်နိုင်မဖြစ်နိုင်၊ ဖြစ်နိုင်စွမ်း ဖြစ်နိုင်ချေရှိမရှိ စူးစမ်းလေ့လာအတည်ပြု ဒီဇိုင်းပုံစံထုတ်လုပ်နိုင်တဲ့အထိ အချိန်ကာလ လပေါင်း ၃၀ ခန့်ကြာမြင့်ပါတယ်။ ဖြစ်နိုင်စွမ်းရှိသည်ဟု ဆိုပြီးတော့ သေချာတဲ့နေရာ တစ်ခုရရှိပြီဆိုရင် အဲဒီနေရာမှာ လျှပ်စစ်စီမံကိန်းတစ်ခု တည်ဆောက်မယ်ဆိုရင် စီမံကိန်းရဲ့ ပမာဏ အကြီး၊အသေးပေါ်မူတည်ပြီးတော့ တည်ဆောက်ချိန်က နှစ်ကာလအားဖြင့် သုံးနှစ်မှ ၁၀ နှစ် အထိ အချိန်ယူတည်ဆောက်ရပါတယ်။ဆိုလိုတာကတော့ ရေအားလျှပ်စစ်စီမံကိန်းတစ်ခု စူးစမ်းလေ့လာရန် ၊ အကောင်အထည်ဖော်ရန်အတွက်၊ တည်ဆောက်ရန်အတွက် အချိန်ကာလ များစွာလိုအပ်ကြောင်း တင်ပြလိုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်မှာ တည်ဆောက်ပြီးစီးခဲ့တဲ့ အသေးစားရေအားလျှပ်စစ် စီမံကိန်းနဲ့ ဓာတ်အားပေးစက်ရုံများ ၃၃ ခုရှိပါတယ်။ အလတ်စားနဲ့ အကြီးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနဲ့ ကျောက်မီးသွေး သဘာဝ ဓာတ်ငွေ့သုံးတဲ့ စက်ရုံပေါင်း အားလုံးပေါင်း ၃၂ ခုရှိပါတယ်။ နိုင်ငံတော်မှာ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်ပေး နိုင်ဖို့ရည်ရွယ်ပြီးတော့ ၂၀၁၁ခုနှစ်က စပြီးတော့ နှစ် ၃၀ လျှပ်စစ် မဟာဗျူဟာနှစ်ရှည်စီမံကိန်းရေးဆွဲပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို စီမံကိန်းများကိုရေးဆွဲ အကောင်အထည်ဖော်တဲ့ နေရာမှာ ဝန်ကြီးဌာနကိုယ်တိုင်ဆောင်ရွက်တဲ့ နည်းလမ်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပေးသောနည်းလမ်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်သော နည်းလမ်းဆိုပြီးတော့ နည်းလမ်း သုံးခုနဲ့ ဆောင်ရွက် လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ စောစောက ကနဦးက တင်ပြခဲ့တဲ့ ရေအားလျှပ်စစ် စီမံကိန်းများရဲ့ လုပ်ငန်းအစီအစဥ်အတိုင်း ဆောင်ရွက်လျက်ရှိပြီးတော့ ယနေ့နိုင်ငံတော်မှာ တည်ဆောက်ဆဲနှင့် ဆောင်ရွက်ဆဲ လျှပ်စစ်စီမံကိန်းများ စူးစမ်းလေ့လာ တိုင်းတာဆဲ လျှပ်စစ်စီမံကိန်းများ စုစုပေါင်း ၆၈ ခု ရှိပြီးတော့ အဲဒီစီမံကိန်းတွေကနေပြီးတော့ စုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၄၅၀၀၀ ကျော်လောက် ရရှိမှာဖြစ်ပါတယ်။ ဒါကျွန်တော်စီမံကိန်း တစ်ခုဆောင်ရွက်တဲ့အခါမှာ ဘာတွေလိုအပ်တယ်ဆိုတာ ပဏာမ ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။

ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း မေးတဲ့ မချမ်းဘောမြို့နယ်မှာရှိတဲ့ ထာခချောင်း၊ ရေအား လျှပ်စစ်စီမံကိန်းဟာ နိုင်ငံတော်အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က ခွင့်ပြုချက်ရရှိပြီးတဲ့စီမံကိန်းဖြစ်ပါတယ်။ စီမံကိန်းတည်ဆောက်ဖို့အတွက် ဖြစ်နိုင်စွမ်းရှိမရှိ စူးစမ်းလေ့လာဆဲကာလဖြစ်ပါတယ်။ ထာခချောင်းရေအားလျှပ်စစ်စီမံကိန်းဟာ အသေးစားလျှပ်စစ် စီမံကိန်းအမျိုးအစားဖြစ်ပါတယ်။ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီတစ်ခုမှ အကောင်အထည်ဖော်မယ့် စီမံကိန်းဖြစ်ပါတယ်။ စူးစမ်းလေ့လာမှုကာလပြီးဆုံး၍ လျှပ်စစ်စီမံကိန်းသစ်ဆောင်ရွက်ရန် ဖြစ်နိုင်စွမ်းရှိတယ်ဆိုရင် ဆက်လက်ဆောင်ရွက်မယ့် အသေးစား ရေအားလျှပ်စစ်စီမံကိန်းဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ လျှပ်စစ်ကဏ္ဍနဲ့ပတ်သက်ပြီးတော့ ၂၀၀၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၈၈ ဇယား ၂ မှာပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား ရေအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနဲ့ ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိကြောင်း ဖော်ပြ ထားပါတယ်။ ဒါကြောင့်မို့လို့ အခြေခံဥပဒေအရ ဒေသန္တရသုံး အသေးစားလျှပ်စစ်စီမံကိန်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲမှုဖြင့် ပုဂ္ဂလိကများ၊ သမဝါယမ အသင်းများကလည်း ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်တိုင် ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် တည်ဆောက်ပြီးတော့ ကိုယ်တိုင် ဓာတ်အားထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချခွင့် ရှိကြောင်းကိုလည်း သိရှိနိုင်ရန်ရှင်းလင်း ပြောကြား အပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**အမျိုးသားပညာရည်မြင့်မားရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ ဦးသန်းစိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဦးသန်းစိန်(ကြည့်မြင်တိုင် မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပြီး နိုင်ငံနဲ့ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိန်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီး အခုလို ဖွံ့ဖြိုးတိုးတက်ရာမှာ ပညာရေးသည် အဓိက အခန်းကဏ္ဍမှ

ပါဝင်နေသည်ကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပညာရေးစနစ်ကို ကမ္ဘာ့အဆင့်မီ ပညာရေးစနစ် ဖြစ်ရန်မှာ အဓိကကျသော လုပ်ငန်းစဥ်တစ်ရပ်အနေနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်နှင့်တကွ ကျောင်းသူ၊ ကျောင်းသားများ ပြည်သူလူထုကြီးတစ်ရပ်လုံးက နိုင်ငံတော်၏ ပညာရေးစနစ်တိုးတက်လာမှုကို မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်မျှော်နေကြပါတယ်။ ကိုယ့်သားသမီးများ ကမ္ဘာ့အဆင့်မီပညာရပ်များ သင်ကြားရပြီလို့ ဝမ်းမြောက်ကြည်နူးနေသော ကာလလည်း ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း အမျိုးသား ပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်ရဲ့ ပညာရေးဆိုင်ရာ မူဝါဒချမှတ်ဆောင်ရွက်ခြင်း၊ သင်ကြားရေးနှင့် သုတေသနပြုရေး ကိစ္စရပ်များကို အရည်အသွေး မြင့်မားစွာဆောင်ရွက်နိုင်ရန် စီမံနေခြင်း၊ တက္ကသိုလ်များတွင် သင်ကြားနေသော သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာများ နိုင်ငံတကာအဆင့်မီရန် Curriculum Development Teams-CDT များဖွဲ့၍ နိုင်ငံတကာ အဆင့်မီသင်ရိုးများအဖြစ် ဆောင်ရွက်နေခြင်း၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်ရေးအတွက် အာဆီယံတက္ကသိုလ်ကွန်ယက် ASEAN Universities Network - AUN အဖွဲ့ဝင်အဖြစ် ပူးပေါင်းဆောင်ရွက်နေခြင်း၊ အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျာမနီ၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ တရုတ် အစရှိသော တက္ကသိုလ်များနှင့်ချိတ်ဆက်၍ သုတေသနပြုလုပ်ခြင်း၊ သင်ကြားရေးဌာနများ ပူးပေါင်းဖွင့်လှစ်ခြင်း၊ ဧည့်သည်ပါမောက္ခများ လာရောက်ပို့ချခြင်း စသောလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်ဖြစ်အောင် ဆောင်ရွက်နေကြောင်း သိရပါသဖြင့် အလွန်အားရ ကျေနပ်ဝမ်းသာနေမိပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ပညာရေးစနစ် တိုးတက်သည်ထက်တိုးတက်အောင် အမျိုးသား ပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်း လုပ်ငန်းစဥ်များဖြင့် ဆောင်ရွက်နေကြောင်းလည်း သိရပါတယ်။ အခုကျွန်တော်တင်ပြခဲ့တာကတော့ တက္ကသိုလ်အဆင့်ဖြစ်ပါတယ်။ အဲဒီတော့ အခြေခံပညာကဏ္ဍမှာလည်း နှစ် ၃၀ နှစ်ရှည်စီမံကိန်းများဖြင့် ပညာရည်မြင့်မားအောင် ဆောင်ရွက်နေကြောင်းလည်းသိရပါတယ်။ ယင်းကဲ့သို့ ပညာရေးအဆင့်အတန်း မြင့်မားစေရန် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျွန်တော်တို့အနေနဲ့ တစ်ဖက်တစ်လမ်းက အစဥ်တစိုက် ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးခဲ့ပါတယ်။ ဒါကြောင့် ဆက်လက်ဆောင်ရွက်မည့် ပညာရေးကဏ္ဍမှာ ရှေ့ယခင်ဝိုင်းဝန်းကူညီ ပံ့ပိုးခဲ့သည့်အတိုင်း ဆက်လက်ဝိုင်းဝန်းကူညီ ဆောင်ရွက်နိုင်အောင် ကြိုတင်စီမံနိုင်ဖို့အတွက် ပညာရေးကဏ္ဍမှာ ဆက်လက်ဆောင်ရွက်မည့် အစီအစဥ်များကို သိရှိလိုပါကြောင်း မေးမြန်းရင်းနှင့် နိဂုံးချုပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ တာဝန်ရှိသူမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၁၄။**

**ဒေါက်တာချမ်းငြိမ်း(ဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ၊ကိုယ်၏ ကျန်းမာခြင်း၊စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါသည်။

ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းဖြစ်ပြီး ရန်ကုန်တိုင်း ဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန် ရဲ့ အမျိုးသား ပညာရည်မြင့်မားရေးအတွက် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့် ပတ်သက်၍ သိလိုပါသည်ဆိုသည့် မေးခွန်းကို ဖြေကြားရန် ဖြစ်ပါတယ်။ ပထမဆုံးပြောလိုတာကတော့ မေးခွန်းကောင်းပါတယ်။မေးမြန်းချက်မှာလည်း အဖြေတစ်ဝက်ပါပြီးဖြစ်ပါတယ်။ ပြီးပြည့်စုံအောင် အချက်အလက် အပြည့်အစုံနှင့်တကွ အမျိုးသားပညာရည် မြင့်မားရေး ပြင်ဆင်ထားခြင်းများကို တင်ပြပေးမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန အနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဦးစားပေးဆောင်ရွက်နေပါတယ်။ ပထမ အချက်အနေဖြင့် မြန်မာနိုင်ငံ မည်သည့် နေရာတွင် နေထိုင်သည်ဖြစ်စေ အခြေခံပညာနဲ့ အဆင့်မြင့်ပညာ၊ ပညာရပ်များ အခွင့်အလမ်း နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြမှာဖြစ် ပါတယ်။ အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၄၉၀၀၀ ကျော်ဖွင့်လှစ်ထားသဖြင့် ယခင်ကထက် ၁.၂ ဆကျော် တိုးတက်လာပါတယ်။ ကျေးရွာ ငါးရွာတွင် သုံးကျောင်းနှုန်း ဖွင့်လှစ်ထားပြီး ပျမ်းမျှအကွာအဝေး အနေဖြင့် ၁.၄ မိုင်သာ ကွာဝေးပါသဖြင့် အခြေခံပညာကို ကျောင်းနေအရွယ် ကလေးအားလုံး အခက်အခဲ မရှိလွယ်ကူစွာ တက်ရောက်သင် ကြားနေနိုင်မည်ဖြစ်ပါတယ်။ အဆင့်မြင့် ပညာကဏ္ဍ အနေနဲ့လည်း တစ်နိုင်ငံလုံးတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်စုစုပေါင်း ၁၆၁ ခု တည်ထောင်ထားရှိ ပါတယ်။ ၁၉၈၈ခုနှစ်ကထက် ငါးဆ တိုးတက်လာပြီဖြစ်ပါတယ်။ ပညာရေး ဝန်ကြီးဌာနတွင် တက္ကသိုလ် ဆရာ၊ ဆရာမပေါင်း ၁၂၀၀၀ ကျော် ရှိပါတယ်။ ၁၉၈၈ ခုနှစ်ထက် နှစ်ဆ ကျော်တိုးတက် လာပါတယ်။ ကျောင်းသူ၊ ကျောင်းသားဦးရေဟာလည်း ၅.၀၅သိန်းကျော် ရှိတဲ့အတွက် ၁၉၈၈ ခုနှစ်ထက် နှိုင်းစာလျှင် ၄.၅ ဆပိုမိုလာပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတစ်ဝှမ်းလုံးရှိ အဆင့်မြင့်ပညာသင်ကြား လိုသူများအတွက် အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ

တစ်ပြေးညီ ရရှိလာပြီဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒုတိယ အချက်ဖြစ်တဲ့ အခြေခံနဲ့ အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံတကာ အဆင့်မီ အရည်အသွေးပြည့်ဝရေး၊ Quality နှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေး တင်ပြမှာဖြစ်ပါတယ်။ အခြေခံပညာကဏ္ဍမှာ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများအဖြစ် အဆင့်မြင့်မြှင့်တင်ရေးဆွဲထားပြီးဖြစ်တဲ့အပြင် လေ့ကျင့်သင်ကြားပေးလျက်လည်း ရှိပါတယ်။ ပညာရေးတက္ကသိုလ် နှစ်ခုနှင့်၊ ပညာရေးကောလိပ် ၂၀ ဖွင့်လှစ်ထားရှိပြီး အရည်အသွေးမြင့်မားတဲ့ ဆရာ၊ဆရာမများကို မွေးထုတ်ပေးလျက်ရှိပါတယ်။ အဲဒီအပြင် အခြေခံဆရာ၊ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ဘာသာရပ် သင်ကြားရေး မွမ်းမံသင်တန်းများ၊ ဥဘာဏ်သစ်လောင်း သင်တန်းများ ဖွင့်လှစ်ပေးထားတဲ့အပြင် ပညာရေးမဟာဘွဲ့၊ ပညာရေး ပါရဂူဘွဲ့ များကိုလည်း ဖွင့်လှစ်ပညာသင်ကြားပေးခြင်းအားဖြင့် ဆရာ၊ဆရာမများရဲ့ အရည်အသွေးကိုမြှင့်တင်ပေးလျက် ရှိနေပါတယ်။ ထို့အပြင် ပါရဂူဘွဲ့ရ တက္ကသိုလ် ဆရာ၊ဆရာမ ၅၆ဦးကိုလည်း အထက်တန်း ကျောင်းအုပ်ကြီးများအဖြစ် ခန့်အပ်ပေးထားပြီး အခြေခံပညာကဏ္ဍရဲ့ ပညာသင်ကြားရေးကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ အခြေခံပညာကျောင်းများရဲ့ သင်ကြားရေးနဲ့ စီမံခန့်ခွဲရေးလုပ်ငန်းများ ထိရောက်စွာကြပ်မတ် ဆောင်ရွက်နိုင်ရေးအတွက် အုပ်ချုပ်ရေး ဝန်ထမ်းများ ဖြစ်တဲ့ မြို့နယ် ပညာရေးမှူးများအား အခြေခံပညာကျောင်းအုပ်ချုပ်မှုသင်တန်းများ ဖွင့်လှစ်သင်ကြား ပေးလျက် ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနများရဲ့ကြီးကြပ်မှုဖြင့် အခြေခံပညာ ကျောင်းများနဲ့ တက္ကသိုလ်ကောလိပ်များကို သုံးလ တစ်ပတ်လျှင်ကွင်းဆင်း စစ်ဆေးပြီး လိုအပ်သည် များကို ပံ့ပိုးပေးလျက်ရှိနေပါတယ်။ အဆင့်မြင့်ပညာကဏ္ဍအနေနှင့် နိုင်ငံတကာအဆင့်မီ ဘွဲ့၊ မဟာဘွဲ့သင်တန်းများ၊ မဟာသုတေသနသင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံခြားပညာသင်စေလွှတ်ခြင်း၊ နိုင်ငံခြားတက္ကသိုလ်များနှင့် ချိတ်ဆက်၍ နိုင်ငံခြား ပါမောက္ခများ မြန်မာနိုင်ငံတက္ကသိုလ်များတွင် ဆွေးနွေးပို့ချခြင်း၊ ပါရဂူဘွဲ့ကျမ်းများ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ သုတေသနပြုရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း စသည်များကို ဆောင်ရွက်လျက် ရှိပါတယ်။ သုတေသနဂျာနယ်များကိုလည်း တက္ကသိုလ်အလိုက်၊ တက္ကသိုလ်များစုပေါင်း၍ လည်းကောင်း ထုတ်ဝေခြင်း၊ ခေတ်မီသုတေသနသုံး စက်ပစ္စည်းများ တပ်ဆင်ထားပြီး သုတေသန စင်တာများ ဖွင့်လှစ်ထားရှိခြင်းများ ပြုလုပ်လျက် ရှိပါတယ်။ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ ကိုလည်း နိုင်ငံတကာ အဆင့်မီရေးအတွက် ပြန်လည်စိစစ်ရေး အဆင့်မြင့် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ဘွဲ့ကြိုသင်တန်းများမှာလည်း Project ဒါမှမဟုတ် Team Paper သို့မဟုတ် Thesis များဖြင့် ပြုစုဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ခြင်း အနေဖြင့်

အခြေခံပညာကဏ္ဍတွင် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများဖြစ်တဲ့ UNICEF, UNESCO အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းဖြစ်တဲ့ JICA, KOICA စသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် ASEAN Universities Network (AUN)အဖွဲ့တွင် ပါဝင်ခြင်း၊ အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်၍ မြန်မာ၊ အိန္ဒိယ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုသင်တန်း ဖွင့်လှစ်ခြင်း၊ မြန်မာ၊ အိန္ဒိယ အင်္ဂလိပ်စာ လေ့ကျင့်သင်ကြားရေးဌာန ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ကိုးရီးယားနိုင်ငံ KOICA နှင့်ပူးပေါင်း၍ ASIA Research Centre ထူထောင်ဆောင်ရွက်ပြီး ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရှေ့တောင်အာရှ ဝန်ကြီးများအဖွဲ့ ၊ပညာရေးဝန်ကြီးများ အဖွဲ့၊ ဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဌာန Centre For History and Tradition ကိုဖွင့်လှစ်၍ အာဆီယံ နိုင်ငံများရှိ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များ သို့ ပညာသင်များစေလွှတ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

တတိယ အချက်အနေနှင့် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် ရွေးချယ်သင်ယူမှု အခွင့်အလမ်းများ အပြည့်အဝရရှိရေး Diversity နှင့်ပတ်သက်၍ ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ အခြေခံပညာကဏ္ဍနှင့်ပတ်သက်၍ အလယ်တန်းအဆင့်တွင် အသက်မွေးအခြေခံများကို ထည့်သွင်းသင်ကြားခြင်း၊ အထက်တန်းအဆင့်တွင် ရွေးချယ် သင်ယူမှုရှိသည့် ဘာသာရပ်များနှင့် လေ့ကျင့်သင်ကြားခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဆင့်မြင့်ပညာကဏ္ဍအနေနှင့် ၁၉၈၈ ခုနှစ်တွင် သင်ကြားရေးအစီအစဥ်ပေါင်း ၇၉ ခုသာ ရှိရာမှ ၂၀၁၁ ခုနှစ်တွင် ၂၁၅ ခု အထိ သင်ကြားသဖြင့် သင်ကြားရေးအစီအစဥ်ပေါင်း ၂.၇ ဆ တိုးတက်လာပါတယ်။ ဘာသာရပ်နယ်ပယ်အသီးသီးတွင် မဟာသုတေသနတွဲ့ သင်တန်းများ၊ ပါရဂူတွဲ့သင်တန်းများကို တိုးချဲ့သင်ကြားပေးလျက်ရှိပါတယ်။ ခေတ်နှင့်အညီ တိုးတက်လာသော ဘာသာရပ်များဖြစ်သည့် နာနိုနည်းပညာ Nano Technology၊ ဇီဝနည်းပညာ Bio Technology နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဘာသာရပ် Renewable Energy ဘာသာရပ်များကိုလည်း ထည့်သွင်း သင်ကြားပေးခြင်းအားဖြင့် ဘာသာရပ်နယ်ပယ်စုံကို လေ့လာသင်ယူမှုအခွင့်အလမ်းများ အပြည့်အဝရရှိလျက် ရှိနေပြီဖြစ်ပါတယ်။ အထက်ပါ ဘာသာရပ်ဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံသားတိုင်းအတွက် အမိကမရှိမဖြစ်လိုအပ်သော ငယ်စဥ်ကပင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရေး ဘာသာရပ်သင်ခန်းစာများ ကိုလည်း ထည့်သွင်းသင်ကြားပေးလျက် ရှိသည့်အပြင် အခြေခံပညာအဆင့်၌ ကျောင်းဆုပေးပွဲများပြုလုပ်ခြင်း၊

အခြေခံပညာကျောင်းများ ၊တက္ကသိုလ်များတွင်နေ့ကြီး၊ရက်ကြီးများ၌ အထိမ်းအမှတ် အခမ်းအနားများ တွင်ဆရာ၊ဆရာမများမှဟောပြောပညာပေးခြင်း၊ ကျောင်းသားများအားစာပေ၊အနုပညာပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်၏ အမျိုးသားပညာရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထက်တွင်တင်ပြခဲ့သည့် သင်ယူမှု၊ သင်ကြားမှုအခွင့်အလမ်းများ အပြည့်အဝရရှိရေး၊ အရည်အသွေးမြင့်မားရေး၊ သင်ယူလိုသည့် ဆန္ဒ၊ ဝါသနာအလျောက် ၊ ဒေသလိုအပ်ချက်အလျောက် သင်ယူလိုသည့်ပညာရပ်များကို ရွေးချယ်သင်ယူ ခွင့် အခွင့်အလမ်းများရှိတဲ့အပြင် နိုင်ငံသားတိုင်းအတွက် အသက်တမျှ အရေးကြီးသည့် လိုအပ်လျက် ရှိသော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေး သင်ခန်းစာများကို သင်ကြားပို့ချ လျက်ရှိပါကြောင်းနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရန်ကုန်မြို့တွင်း လမ်းများအဆင့်မြှင့်တင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါပုံမြို့နယ်မှ ဦးလှမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂**။

**ဦးလှမြင့် (ဒေါပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရန်ကုန်မြို့ နေရာ အနှံ့အပြား မှာ ၂၀၁၀ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကွန်ကရစ် လမ်းများ ခင်းကျင်းပေးတဲ့အတွက် ပြည်သူလူထု၏ နေ့စဉ်သွားလာရေး အဆင်ပြေလာတာကို တွေ့ရှိရပါတယ်။ ယခင်ကဆင်ခြေဖုံးမြို့နယ်များမှာ မြေသားလမ်းများ အများစုဖြစ်တဲ့အတွက် မိုးတွင်းကာလမှာ ယာဉ်များသွားလာရေး အဆင်မပြေဘဲ အတော်အတန် အခက်အခဲဖြစ်ခဲ့ရပါတယ်။ နေ့စဉ်ကျောင်း၊ ရုံးစတဲ့ လုပ်ငန်းခွင်များကို သွားကြရာမှာလည်း အဆင်မပြေသလို နေထိုင်မကောင်းတဲ့ လူနာများကို ဆေးရုံဆေးခန်းသို့ ပို့ဆောင်ရာမှာလည်း အငှားယာဉ်များ မဝင်ရောက်နိုင်တဲ့အတွက် လူနာများကို ခက်ခက်ခဲခဲ သယ်ဆောင်ကြရပါတယ်။ ယခုအခါမှာတော့ ကွန်ကရစ်လမ်းများ ခင်းကျင်း ပေးတဲ့အတွက် သွားလာရေးအဆင်ပြေရုံမျှမက ဆင်ခြေဖုံးရပ်ကွက်များမှ အိမ်ခြံမြေတန်ဖိုးများ တက်လာတာကို တွေ့ရပါတယ်၊ ဒါကြောင့်ကွန်ကရစ်လမ်းများ ခင်းကျင်းနိုင်အောင် ဆောင်ရွက်ပေးခဲ့ သည့် အစီအစဉ်များ၊ ကျန်ရှိနေသေးသော မြေသားလမ်းများကိုလည်း ကွန်ကရစ်ခင်းကျင်းနိုင်ရေးနှင့်

ကတ္တရာလမ်းများကို ကွန်ကရစ်လမ်းများအဖြစ် ပြောင်းလဲခင်းကျင်းနိုင်ရေး မည်ကဲ့သို့ဆက်လက် ဆောင်ရွက် သွားမည်ကို သိလိုပါတယ် ခင်ဗျား ။ ကျေးဇူးတင်ပါ တယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ ။** ။ သက်ဆိုင်ရာ တာဝန်ရှိသူက ပြန်လည်ဖြေကြားရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၂း၂၅။**

**ဦးအောင်သိန်းလင်း(ရန်ကုန် မြို့တော်ဝန်)** ။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်း နှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာရေးကော်မတီ နယ်နိမိတ်အတွင်းမှာ ရှိတဲ့လမ်းများနှင့်ပတ်သက်ပြီးတော့မှ ခုနက ဒေါပုံမြို့နယ်က ဦးလှမြင့်မေးတဲ့ မေးခွန်းကို ကျွန်တော်တို့ ဖြေကြားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ် အတွင်းမှာရှိတဲ့ လမ်းတွေဟာ မူလက ကတ္တရာကို အခြေခံပြီးတော့မှ ခင်းထားတဲ့လမ်းများပဲ ဖြစ်ခဲ့ပါတယ်။ ကတ္တရာလမ်းတွေ အနေနှင့် မိုးရာသီမှာ မိုးတွင်းကာလတွေမှာ ရေအစိုဓာတ်ကြောင့် ကတ္တရာ စေးကပ်မှု လျော့ကျပြီးလမ်း မျက်နှာပြင် ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ပျက်စီးမှုတွေ ပြုပြင်ဖို့အတွက် ကတ္တရာနှင့်ကျောက် ရောနှောအပူပေးတဲ့ (Hot Mixed) (Hot Roll) စနစ်တွေနဲ့ ပြုပြင်ထိန်းသိမ်းခြင်းကို ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။(Hot Mixed)(Hot Roll)စနစ်နဲ့ ဆောင်ရွက်တဲ့နေရာမှာ အပူနဲ့မီးခိုးတွေ ထွက်တဲ့အတွက် အားလုံးသိတဲ့အတိုင်းပဲ ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုဖြစ်ပေါ်စေပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့မှာလည်း နှစ်စဉ်လေးလခန့်ဟာ မိုးရေချိန် လက်မ ၉၀ကနေပြီးတော့မှ ၁၀၀အတွင်း ရွာသွန်းတဲ့အတွက် တစ်နှစ်မှာလေးလခန့်ဟာ ကတ္တရာလမ်း ပြုပြင်ခြင်း၊ ခင်းကျင်းခြင်းကို မဆောင်ရွက်နိုင်ဘဲနဲ့ မိုးတွင်းကာလမှာ လမ်းပေါက်ဖာခြင်းများကိုသာ ဆောင်ရွက်နိုင်တဲ့ အနေအထားမျိုးရှိပါတယ်။ ကျန်ရှစ်လပိုင်း ကာလမှာ လမ်းခင်းခြင်းကို ဆောင်ရွက် နိုင်တဲ့အတွက် ခင်းတဲ့လမ်းနဲ့ မြို့မှာရှိတဲ့လမ်း အရေအတွက်နဲ့ဟာ မမျှတတော့ဘူး။ တစ်သက်လုံး ပျက်လိုက်ပြင်လိုက်နဲ့ပဲ သံသရာလည်နေတာ ဖြစ်ပါတယ်။ ကွန်ကရစ်လမ်းတွေကတော့ ကတ္တရာ လမ်းလို မဟုတ်ဘဲနဲ့ မိုးများလဲ သူက ခံနိုင်ရည်ရှိတဲ့အတွက် နှစ် ၄၀၊ ၅၀ တာရှည်ခံတာကို အားလုံး သိကြပြီး ဖြစ်ပါတယ်။ဒါကို သိတဲ့နိုင်ငံတော်အကြီးအကဲဟာ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ ရှိတဲ့လမ်းတွေကို ကွန်ကရစ်လမ်းများအဖြစ် ပြောင်းလဲခင်းကျင်းဖို့ ကွန်ကရစ်လမ်းတွေ ခင်းတဲ့အခါလိုအပ်တဲ့ ဘီလပ်မြေကို ကိုယ်တိုင်

ထုတ်လုပ်ပါဆိုပြီးတော့ လမ်းညွှန်တဲ့အတွက် ကျွန်တော်တို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီပိုင် ဘိလပ်မြေ စက်ရုံတစ်ရုံကို မန္တလေးတိုင်းဒေသကြီး၊သာစည်မြို့နယ်၊ ပြင်ညောင်ဒေသမှာ တည်ဆောက်ဖို့ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နှင့်အညီပဲ ကျွန်တော်တို့ တည်ဆောက်ခဲ့ရာ တစ်နေ့ကို တန်၅၀၀ ကျ ဘိလပ်မြေစက်ရုံကို ၂၀၁၀ ခုနှစ် ဧပြီလ ၂၉ ရက်နေ့မှာ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေနှင့် ဘိလပ်မြေများထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဘိလပ်မြေများထွက်ရှိလာတဲ့ အခါမှာ ရန်ကုန်မြို့မှာ ရှိတဲ့လမ်းတွေကို ကွန်ကရစ်လမ်းတွေခင်းကျင်းဖို့နှင့် ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ကော်မတီအနေနှင့် စိစစ်သုံးသပ်တဲ့နေရာမှာ နံပါတ် (၁)အချက် အနေနဲ့ မြို့တော်နယ်နိမိတ် အတွင်းမှာရှိတဲ့ ကတ္တရာမခင်းရသေးတဲ့ မြေသားလမ်းတွေ၊ကျောက်ချောလမ်းတွေ၊ ကတ္တရာ တစ်ဝက်တစ်ပျက်နဲ့ ပေါက်ပြဲတဲ့လမ်းတွေ၊ ဂဝံလမ်းတွေကို ဦးစားပေးခင်းကျင်းဖို့ဆိုပြီးတော့ ပထမ တစ်ချက်အနေနဲ့ ကျွန်တော်တို့ ကော်မတီက ညှိနှိုင်းစဉ်းစားခဲ့ပါတယ်။ ဒုတိယအချက် အနေနဲ့ကတော့ ကွန်ကရစ်လမ်း ခင်းတဲ့နေရာမှာ မြေသားလမ်း၊ကျောက်ချောလမ်းတွေ အများအပြားရှိပြီးတော့မှ ခြေလျင်ကို ဦးစားပေးသွားနေရတဲ့ ဆင်ခြေဖုံးတွေမှာ ဦးစားပေး ခင်းဖို့ဆိုပြီးတော့ ကျွန်တော်တို့ ဒုတိယ အချက်အနေဖြင့်စဉ်းစားခဲ့ပါတယ်။တတိယ အချက်အနေနဲ့ကတော့ ဒီလိုဆင်ခြေဖုံးတွေမှာ ရပ်ကွက်တွေမှာ၊ လမ်းတွေခင်းတဲ့အခါမှာ နေ့စဉ်လူသုံးများတဲ့ အဓိကလမ်းတွေကို ဦးစားပေး ခင်းပြီးတော့မှ လမ်းသွယ်တွေကို ဒုတိယဦးစားပေးအနေနှင့် ခင်းဖို့ဆိုပြီးတော့ ဒါတတိယ အချက် စဉ်းစားသုံးသပ်ခဲ့ပါတယ်။

စတုတ္ထအချက်အနေနဲ့ကတော့ မြို့နယ်အားလုံးဟာ ကတ္တရာလမ်း၊ ပေါက်ပြဲနေတဲ့ကတ္တရာလမ်းတွေ၊ မြေသားလမ်းတွေ၊ ဂဝံလမ်းတွေ မြို့နယ်အားလုံးမှာ ရှိကြတာဖြစ်တဲ့အတွက် အားလုံးတစ်ပြေးညီ ပျံ့ပျံ့နှံ့နှံ့ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြို့နယ်အားလုံး တစ်ပြိုင်တည်း ခန့်ခွဲခင်းကျင်းဖို့ အဲ့လိုခင်းကျင်းတဲ့ အခါမှာလည်း တစ်ရပ်ကွက်ကိုတစ်လမ်း အတတ်နိုင်ဆုံးပါဝင်အောင် ထည့်သွင်း ခင်းကျင်းဖို့ စတုတ္ထအချက်အနေနဲ့ ကျွန်တော်တို့သုံးသပ်ခဲ့ပါတယ်။

နောက်ပဉ္စမ အချက်အနေနဲ့ကတော့ ကျွန်တော်တို့ဟာ မြေသားလမ်း၊ ကျောက်ချောလမ်းကို ကွန်ကရစ်ခင်းတဲ့ဟာ အတွေ့အကြုံရှိကြတဲ့အတွက် အလွယ်တကူလည်းခင်းနိုင်ကြပါတယ်။ ဒါပေမဲ့ မြို့အလယ်မှာရှိတဲ့ ကတ္တရာလမ်းကြီးတွေကို ကွန်ကရစ်ခင်းတဲ့အခါမှာ ကျွန်တော်တို့ အတွေ့အကြုံ မရှိဘူး။ ပညာရှင်တွေနဲ့ သုတေသနပြုပြီးတော့မှ ခင်းဖို့ဆိုပြီးတော့ ဒါပဉ္စမအချက်အနေနဲ့ ကျွန်တော်တို့ သုံးသပ်စဉ်းစားပြီးဆောင်ရွက်ခဲ့ပါတယ်။အဲဒီလိုစဉ်စား ဆောင်ရွက်ပြီးတော့မှ စမ်းသပ်

ခင်းကျင်းခြင်းကို၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်ကနေပြီးတော့မှစပြီးတော့ဆောင်ရွက်ပါတယ်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ လမ်း ကိုးလမ်း စမ်းသပ်ခင်းခဲ့ပါတယ်။စုစုပေါင်းပေအရှည် ၇၉၂၅ ပေ၊ မိုင်အားဖြင့် ၁.၅မိုင် ကျွန်တော်တို့ စမ်းသပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာတော့ ကွန်ကရစ် လမ်းပေါင်း ၂၀၈လမ်း စုစုပေါင်းပေအရှည် ၂၁၇၂၁၅ ပေ၊ ၄၁.၁၃မိုင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဤတွေ့ရှိချက်တွေအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့ ကတ္တရာလမ်းတွေကို ဖြန့်ခွဲပြီးတော့မှ ခုန စဦးစားချက် ငါးရပ်နှင့်အညီဆောင်ရွက်တဲ့နေရာမှာ ဒီနေ့အထိ ဆောင်ရွက်နေတဲ့ လမ်းပေါင်း ၂၇၁၆ လမ်း၊ ဒီဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့နေရာမှာ ၂၀၁၀ ခုနှစ် အောက်တိုဘာလကုန်အထိ ကွန်ကရစ်လမ်းပေါင်း ၅၅၉ လမ်း ပြီးစီးပြီးတော့မှ ကျန်လမ်းတွေဟာ ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ဒီဇင်ဘာလကုန်မှာတော့ ၁၂၆၄ လမ်း ပြီးစီးခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလကုန်မှာတော့ ၁၅၄၉ လမ်း ပြီးစီးခဲ့ပြီးတော့မှ ဖေဖော်ဝါရီလမှာတော့ ၁၇၇၂ ပြီးခဲ့ပါတယ်။ မတ်လ ၁၇ ရက်နေ့အထိ လမ်းပေါင်း ၁၉၁၉လမ်း ပြီးစီးခဲ့ပြီးတော့မှ ဆောင်ရွက်ဆဲ လမ်းဟာ ၇၉၇ လမ်း ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်အသီးသီးမှာဆောင်ရွက်ခဲ့တဲ့ လမ်းပေါင်း ၂၇၁၆ လမ်းမှာ ဒဂုံမြို့သစ်တောင်ပိုင်းမှာ လမ်း ၁၂၀၊ မိုင်အားဖြင့် ၄၆.၄၁မိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှာ လမ်းပေါင်း ၉၀၊မိုင်အားဖြင့် ၁၉.၆မိုင်၊ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှာ လမ်းပေါင်း ၆၄ လမ်း၊မိုင်အားဖြင့်၁၆.၈၇မိုင်၊ ၊ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်မှာ လမ်းပေါင်း ၉၃ လမ်း၊မိုင်အားဖြင် ၃၃.၉၁ မိုင်၊ တောင်ဥက္ကလာပ မြို့နယ်မှာ လမ်းပေါင်း ၂၀၆ လမ်း၊မိုင်အားဖြင်၂၇.၈၇ မိုင်၊ မြောက်ဥက္ကလာပ မြို့နယ်မှာ လမ်းပေါင်း ၁၁၅ လမ်း၊မိုင်အားဖြင့်၁၇.၇၅ မိုင်၊ သဃ်န်းကျွန်း မြို့နယ်မှာ လမ်းပေါင်း ၁၁၅လမ်း၊မိုင်အားဖြင့်၂၂.၄၇မိုင်၊ ကျောက်တံတားမြို့နယ်တွင် လမ်းသုံးလမ်း၊ မိုင်အားဖြင့် ၀.၄၈ မိုင်၊ ပန်းဘဲတန်းမြို့နယ်တွင် လမ်း ကိုးလမ်း၊ မိုင်အားဖြင့် ၁.၄၄ မိုင်၊ လသာမြို့နယ်တွင် လမ်း လေးလမ်း ၊မိုင်အားဖြင့် ၀.၅၅မိုင် ၊လမ်းမတော်မြို့နယ်တွင် လမ်းပေါင်း သုံးလမ်း၊မိုင်အားဖြင့် ၀.၇၄မိုင်၊ ဒဂုံမြို့နယ်တွင် လမ်း ခုနှစ်လမ်း၊ မိုင်အားဖြင့် ၁.၁၄ မိုင် ၊ ဗဟန်းမြို့နယ်တွင် လမ်း ၂၉ လမ်း၊ မိုင်အားဖြင့် ၃.၂ မိုင် ၊စမ်းချောင်းမြို့နယ်တွင် လမ်း ၄၆ လမ်း၊ မိုင်အားဖြင့်၂.၈၉ မိုင်၊ အလုံမြို့နယ်တွင် လမ်း ငါးလမ်း၊ ၀.၃၉မိုင်၊ ကြည့်မြင်တိုင်မြို့နယ်တွင် လမ်း ၁၃၈လမ်း မိုင်အားဖြင့် ၁၃.၀၈ မိုင်၊ တာမွေမြို့နယ်တွင် လမ်း ၄၇ လမ်း ၊ မိုင်အားဖြင့် ၆.၅ မိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် လမ်းပေါင်း ၄၈ လမ်း ၊ မိုင်အားဖြင့် ၅.၂၈ မိုင် ၊ ပုဇွန်တောင်မြို့နယ်တွင် လမ်းပေါင်း ၁၅ လမ်း ၊မိုင်အားဖြင့် ၁.၃၉ မိုင်၊ ဗိုလ်တစ်ထောင်မြို့နယ်တွင် လမ်းပေါင်း ခုနှစ်လမ်း၊မိုင်အားဖြင့် ၀.၈၈ မိုင်၊ သာကေတမြို့နယ်တွင်

လမ်းပေါင်း ၃၀၄ လမ်း၊မိုင်အားဖြင့် ၃၆.၈၃ မိုင်၊ဒေါပုံ မြို့နယ်တွင် လမ်းပေါင်း ၁၀၂ လမ်း၊မိုင်အားဖြင့် ၁၀.၁၀ မိုင် ၊ ရန်ကင်းမြို့နယ်တွင် လမ်းပေါင်း ၅၉ လမ်း၊ မိုင်အားဖြင့် ၆.၉၆ မိုင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် လမ်းပေါင်း ၂၅လမ်း၊ မိုင်အားဖြင့် ၇.၂၀ မိုင် ၊ ဒလမြို့နယ်တွင် ၁၄၃ လမ်း၊ ၃၉.၀၇မိုင်၊ ကမာရွတ်မြို့နယ်တွင် ၂၆လမ်း၊ ၃မိုင်၊လှိုင်မြို့နယ်တွင် ၄၇ လမ်း၊၅.၃၇မိုင်၊ မရမ်းကုန်းမြို့နယ်တွင် ၁၄၇လမ်း၊ ၂၄.၄၆ မိုင် ၊ အင်းစိန်မြို့နယ်တွင် ၁၀၈ လမ်း၊ ၂၅.၇၆မိုင်၊ မင်္ဂလာဒုံမြို့နယ်တွင် ၁၂၈လမ်း ၊ ၄၄.၅၅မိုင် ၊ လှိုင်သာယာမြို့နယ်တွင် ၁၁၄လမ်း၊ ၃၈.၉၂မိုင်၊ ရွှေပြည်သာမြို့နယ်တွင် ၃၂၆လမ်း၊ ၉၃.၂၈မိုင် ဖြစ်ပါတယ်။ ပြန်ကြည့်မယ်ဆိုရင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ စတင်ခင်းကျင်းတဲ့ နှစ်မှာ ကွန်ကရစ်လမ်း ၂၀၈ လမ်း ဆောင်ရွက်ခဲ့ပြီးတော့ ယခု ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ကွန်ကရစ်လမ်းပေါင်း ၂၇၁၆ လမ်း ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရတဲ့အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်မယ် ဆိုရင်တော့လမ်းနှင့် ပတ်သက်ပြီးတော့မှ ရန်ကုန် မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ ၁၃ ဆ ပိုမိုတိုးတက် ဆောင်ရွက်နိုင်ပါတယ်။

ဒီနေ့အထိ ဒီနှစ်အတွင်းမှာ ဒီဘဏ္ဍာရေးနှစ်အတွင်းမှာ ဒီနေ့အထိ ပြီးစီးတဲ့လမ်းမိုင်ကို ကြည့်မည်ဆိုရင် ၅၇၀.၂၃ မိုင်ရှိတာကို တွေ့ရှိရပါတယ်။ ဒီလိုအမြောက်အမြား တစ်ချိန်တည်း တစ်ပြိုင်တည်းဆောင်ရွက်နိုင်တာဟာ ကျွန်တော်တို့အနေနဲ့ ကွန်ကရစ်ဖျော်စက် ခြောက်လုံးကို ဒေါပုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ အင်းစိန်တို့မှာ တည်ဆောက်ပြီးတော့မှ ကွန်ကရစ်သယ်ယာဉ် ၃၃ စီး၊ နောက်တစ်ခါလက်ဖျော်ကွန်ကရစ် Mixer ၁၈၀လုံး နဲ့ တစ်ပြိုင်နက်ဆောင်ရွက်နိုင်တဲ့အတွက် အချိန်တိုအတွင်းမှာ လမ်းများပြီးစီးခဲ့ခြင်း ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှ တစ်မြို့လုံးကိုကွန်ကရစ်ဖြစ်ဖို့အတွက် မြို့ထဲမှာ ကားအသွားအလာ များတဲ့ လမ်းကြီးတွေကို ကတ္တရာကနေ ကွန်ကရစ်ပြောင်းဖို့အတွက် ကျွန်တော်တို့အနေနဲ့ ပညာရှင် များနဲ့ သုတေသနပြုပြီးတော့မှ အချိန်ယူစမ်းသပ်ပြီးတော့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာပဲ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်း ပေ အရှည် ၈၅၀ ၊ အကျယ် ၃၆ ပေ၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း ပေအရှည် ၄၅၀၀ ၊ အကျယ် ၇၂ပေ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းပေအရှည် ၂၈၅၀၊ အကျယ် ၇၂ပေ၊ မရမ်းကုန်းမြို့နယ် အုတ်ဖိုဆိပ်လမ်း ပေအရှည် ၁၆၀၀၊ အကျယ် ၆၀ ပေ၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း ပေအရှည် ၆၀၀၀၊ အကျယ် ၇၂ ပေ၊ ကမာရွတ်မြို့နယ်၊ဟံသာဝတီလမ်း ပေအရှည် ၂၈၀၀၊ အကျယ် ၄၂ ပေ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း ပေအရှည် ၁၂၀၀၊ အကျယ် ၄၈ ပေ၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါလမ်း ပေအရှည် ၃၁၀၀၊ အကျယ် ၄၄ ပေ၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ဗိုလ်တစ်ထောင်ဈေးလမ်း

ပေအရှည် ၁၇၀၀၊ အကျယ် ၇၂ပေ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မောင်းမကန်ကမ်းသာလမ်း ပေအရှည် ၁၁၈၀၀၊ အကျယ် ၄၈ ပေ၊ သာကေတမြို့နယ်၊ ကမာကြည်လမ်း ပေ ၁၄၄၈၊ အကျယ် ၄၈ပေ ဖြစ်ပါတယ်။ ဒီလမ်းမကြီးတွေကတော့ တန်ချိန် ၇၀ ကားတွေ သွားနိုင်တဲ့အထိ ကျွန်တော်တို့ စမ်းသပ်ပြီးတော့မှ ခင်းကျင်းထားတာဖြစ်ပါတယ်။ ဆောင်ရွက်ဆဲလမ်းပေါင်း ၇၉၇ လမ်းကိုလည်း အချိန်မီပြီးစီးဖို့အတွက် ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ နေ့စဉ် ဘိလပ်မြေအိတ် ၅၀၀၀ ကနေ ၉၀၀၀ ကြား အသုံးပြုပြီးတော့မှ မြို့နယ်အသီးသီးမှာရှိတဲ့ ဆောင်ရွက်ဆဲလမ်းတွေကို ပြီးပြတ်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်ရက် တစ်ရက်မှာ ဘိလပ်မြေအိတ် ၁၀၀၀၀ခန့် သုံးတဲ့နေရာမှာ တည်ဆောက်ရေးလုပ်ငန်းများမှာလည်း အိတ် ၃၀၀၀ ခန့် သုံးရတာဖြစ်တဲ့အတွက် လမ်းခင်းခြင်းလုပ်ငန်းအတွက် တစ်ရက်ကို ဘိလပ်မြေအိတ် ၆၀၀၀ ကနေ ၇၀၀၀ ခန့် ကျွန်တော်တို့ အသုံးပြုလျက်ရှိပါတယ်။ တွက်ချက်မှု စံနှုန်းအရ ဘိလပ်မြေအိတ် ၆၀၀၀ ကို အသုံးပြုလို့ရှိရင် အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ရှိတဲ့လမ်း ပေ ၆၀၀၀ ခန့်ခင်းနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စိစစ်တွေ့ရှိချက်အရ ဆက်လက်ပြီးတော့မှ ဆောင်ရွက်ဖို့ဟာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ ကွန်ကရစ်လမ်း ဆက်ခင်းဖို့အတွက် စုစုပေါင်းမြေသားလမ်း ပေါင်း ၄၇၇၃ လမ်း ကျန်ရှိနေသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဲ့ဒီလမ်းတွေမှာ မြို့သစ် ခြောက်မြို့နယ်က မြေသားလမ်း ၃၄၃၅ လမ်း ပါဝင်ပါတယ်။ ကျွန်တော်တို့ နယ်နိမိတ်တစ်ခုလုံး ကွန်ကရစ်လမ်းခင်းဖို့အတွက် ကျန်တဲ့ ကတ္တရာလမ်းတွေကိုပါ ခင်းမယ်ဆိုလို့ရှိရင် ခုနတင်ပြခဲ့တဲ့ မြေသားလမ်း ၄၇၇၃ လမ်းအပြင် ကတ္တရာလမ်း ၂၀၉၇ လမ်းနဲ့ ကတ္တရာ ၊ကွန်ကရစ် ၁၈၂၂ လမ်းကိုပါ ကွန်ကရစ်ခင်းရမှာ ဖြစ်ပါတယ်။ အဲ့ဒီလမ်းများကို ကွန်ကရစ်ခင်းဖို့အတွက် ဆက်လက်ဆောင်ရွက်ထားတဲ့ အစီအမံ အနေနဲ့ကတော့ ရှိပြီး ၅ကုဗမီတာ သယ်နိုင်တဲ့ ဘိလပ်မြေသယ်ယာဉ် ၃၃ စီးအပြင် နောက်ထပ် သူ့ထက်နှစ်ဆကြီးတဲ့ ၁၀ ကုဗမီတာ သယ်နိုင်တဲ့ ကွန်ကရစ်သယ်ယာဉ် ၂၅ စီး ဝယ်ယူရောက်ရှိပြီ ဖြစ်ပါတယ်။အဲ့ဒီ ဘိလပ်မြေသယ် ယာဉ်စုစုပေါင်း ၅၈ စီးနှင့် ခြောက်နေရာ ဖြန့်ခွဲပြီးတော့မှ ကျွန်တော်တို့ တစ်ပြိုင်တည်း ခင်းကျင်းဖို့ စီမံထားပါတယ်။ ဒီ ခြောက်နေရာကလည်း ပြန်ကြည့်မယ်ဆိုရင်တော့ ရန်ကုန်မြို့ကို ဝိုင်းထားတဲ့ ဖြန့်ခွဲပြီးသားနေရာတွေ ဖြစ်ပါတယ်။ပြန်လည် ပြီးတော့မှ သုံးသပ်ကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့ စတင်တည်ဆောက်စမှာ လမ်းအများကြီးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်ရတဲ့အတွက် ပြီးခဲ့တဲ့ရွေးကောက်ပွဲမတိုင်ခင် ပြီးစီးမှုဟာ ၅၅၉ လမ်းသာ ရှိပါတယ်။ ယခုရွေးကောက်ပွဲလွန်ကာလမှာ

ပြီးစီးမှုဟာ ၁၉၁၉ လမ်း ပြီးစီးကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ကျွန်တော်တို့အနေနဲ့ မြို့တော်ကို နိုင်ငံတကာ အဆင့်မီစေရန်နဲ့ လူနေမှု အဆင့်မြင့်မားဖို့အတွက် ကွန်ကရစ်လမ်းတွေ ၂၇၁၉ လမ်းကို တစ်နှစ်ထဲမှာ တစ်မြို့နယ်လုံး ပျံ့ပျံ့နှံ့နှံ့ ခင်းကျင်းပေးနိုင်တဲ့အတွက် မြို့မှာ အကျိုးကျေးဇူးတွေ ရရှိလာတာ ဖြစ်ပါတယ်။ အဲ့ဒါတွေကတော့ ယခင်ကာလများကလမ်းလို့ပင်သတ်မှတ်လို့မရနိုင်အောင် မြေသားလမ်းတွေ ကျဉ်းတယ်၊ အနှေးယာဉ် ဆိုက်ကားများပင် မဝင်ခဲ့တဲ့လမ်းတွေဟာ ယနေ့ကာလမှာ ကွန်ကရစ်လမ်းအဖြစ် ပေါ်ထွန်းလာတဲ့အတွက် ယာဉ်တွေ၊ ဆိုက်ကားတွေ အချိန်မရွေး သွားလာ ဝင်ထွက်နိုင်ပြီ ဖြစ်ပါတယ်။ ကွန်ကရစ်လမ်းများ မခင်းမီကာလက လမ်းပေါ်မှာ ရေဝပ်နေတာ ဖြစ်တဲ့အတွက် ရဟန်းရှင်လူ၊ ကျောင်းသား၊ ကျောင်းသူတွေ သွားလာမှု အဆင်မပြေဖြစ်ခဲ့ရာမှာ အခုအခါမှာ ချောချော မောမော အဆင်ပြေသွားလာနိုင်ပြီ ဖြစ်ပါတယ်။ လမ်းများကောင်းမွန်မှု ရှိတဲ့အတွက် လူနာတွေကို ဆေးရုံပို့ရာမှာလည်းကောင်း၊ နာရေးကိစ္စများ ဆောင်ရွက်ရာမှာ လည်းကောင်း ယာဉ်တွေ၊ ဆိုက်ကားတွေ ဝင်ရောက်နိုင်မှုမရှိတဲ့အတွက် ယခင်တုန်းကတော့ လူနဲ့ထမ်းပြီးတော့မှ သယ်ထုတ်ရခြင်းများ ဆောင်ရွက်ခဲ့ရတာ ရှိပေမယ့် အခုအခါမှာတော့ ဒီကိစ္စတွေဟာ အဆင်ပြေချောမောသွားပြီဖြစ်ပါတယ်။နောက်တစ်ခုက မီးဘေးအန္တရာယ် ကျရောက် လာလို့ရှိရင် လည်း မိမိတို့ ကွန်ကရစ်လမ်းတွေ ရှိတဲ့အတွက် မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များနဲ့ အခြားယာဉ်များ လွယ်လွယ်ကူကူ ဝင်ရောက်သွားလာနိုင်တဲ့ အခြေအနေ ရှိလာပြီ ဖြစ်ပါတယ်။ ဆက်စပ်ပြီးတော့မှ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ ယခင်က ရန်ကုန်တိုင်းမှာ သွေးလွန်တုပ်ကွေး ရောဂါဟာ တစ်နှစ်ပတ်လုံးအနည်းဆုံး လူဦးရေ ၃၀၀၀ခန့် ဖြစ်ပြီးတော့မှ သေပျောက်မှုလည်း တစ်နှစ် ကို ၂၀ခန့်  ကနေ ၃၀ အတွင်း ရှိပါတယ်။ အခု ဒီနှစ်ဆန်းမှာတော့ ကွန်ကရစ်လမ်းတွေခင်းလိုက်တာ ဖြစ်တဲ့အတွက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုတွေ ကျဆင်းလာ တာကို ကျန်းမာရေးဝန်ကြီး ဌာနက စာရင်းဇယားအရ ကျွန်တော်တို့ သိရှိရပါတယ်။ သာဓက တင်ပြရမယ်ဆိုရင် အခု ဇန်နဝါရီလက နေပြီးတော့ မတ်လ အလယ်ကျော်အထိ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ် အရှေ့ပိုင်း၊ ဒေါပုံမြို့နယ်မှာ အခုအချိန်အထိ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှု မရှိပါဘူး။ ယခင်နှစ်တွေကတော့ ရှိခဲ့ပါတယ်။ အနောက်ပိုင်းခရိုင်မှာ ဆိုရင်လည်း အလုံ၊ ဗဟန်း၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ ကျောက်တံတား၊ လသာ၊ စမ်းချောင်း၊ ဆိပ်ကမ်းမြို့နယ်တွေမှာလည်း ဒီနှစ်မှာတော့ သွေးလွန်တုပ်ကွေး ခုချိန်အထိ ဖြစ်ပွားတာ မရှိသေးတာကို တွေ့ရှိရပါတယ်။ မြောက်ပိုင်း ခရိုင်အတွင်းမှာရှိတဲ့ လှိုင်သာယာ၊မှော်ဘီ၊ ထန်းတပင်၊ မင်္ဂလာဒုံမြို့နယ်တွေမှာလည်း အလားတူပါပဲ။ သွေးလွန်တုပ်ကွေးဟာ ဒီနှစ်မှာ မဖြစ်သေးတာကို တွေ့ရှိရပါတယ်။ တောင်ပိုင်းခရိုင်အတွင်းမှာရှိတဲ့

ဒလ၊ကော့မှူး၊ ဆိပ်ကြီးခနောင်တို၊ ခရမ်း၊ ကွမ်းခြံကုန်း၊ ကျောက်တန်း၊ သုံးခွ၊ တွံတေး၊ ကိုကိုးကျွန်း မြို့နယ်တွေမှာလည်း သွေးလွန်တုပ်ကွေးရောဂါ ဒီနှစ်မှာ ဖြစ်တာမတွေ့ရသေးတာကို တွေ့ရှိရပါတယ်။ ရပ်ကွက်တွေမှာလည်း ကျွန်တော်တို့ မြေပြင် တွေ့ရှိချက်များအရ ကွန်ကရစ်ခင်းလိုက်နိုင်တဲ့အတွက် ယာဉ်ဝင်/ထွက်သွားလာမှု ကောင်းမွန်တဲ့အတွက် အိမ်၊ ခြံမြေတွေ ဈေးတက်လာပြီးတော့မှ ကျွန်တော်တို့ ပိုင်ဆိုင်မှုအတွက် အာမခံချက်တွေရှိလာတာ ရှိပါတယ်။ နောက်တစ်ခါ ရပ်ကွက်တွေမှာ ကွန်ကရစ်လမ်းများပေါ်မှာ သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်များအစ ကျန်းမာရေး လေ့ကျင့်ခန်းများ ပြုလုပ်လာနိုင်တာဖြစ်တဲ့အတွက် ပြည်သူ့ကျန်းမာရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုလာနိုင်တာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီအနေနဲ့ ရန်ကုန်မြို့တော်ကို စိမ်းလန်းသာယာသောမြို့တော်၊ ကျန်းမာသန့်ရှင်းသောမြို့တော်၊ ယုံကြည်စိတ်ချရသောမြို့တော်အဖြစ် တစ်ဖက်တစ်လမ်းက ဆောင်ရွက်နေသလို အဓိကကျတဲ့ နေ့စဥ် မဖြစ်မနေအသုံးပြုနေရတဲ့ ရပ်ကွက်၊ကျေးရွာ၊မြို့နယ်လမ်းတွေကို ကွန်ကရစ်လမ်းတွေအဖြစ် အဆင့်ဆင့် အစီအမံရှိရှိ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေတဲ့အတွက် နှစ်ရှည်ကြာရှည်ခံမယ့်လမ်းများအပေါ်မှာ ရရှိလာမည့် ရေရှည် အကျိုးစီးပွားဖြစ်ထွန်းမှုများ ပေါ်ပေါက်လာမှာဖြစ်တဲ့အတွက် အနာဂါတ် မဝေးတော့တဲ့ကာလမှာ မြို့တော်သူ၊ မြို့တော်သားများ အနေနဲ့ လူနေမှုအဆင့်အတန်း မြင့်မားသထက် မြင့်မားလာပြီးတော့မှ နိုင်ငံတကာ အဆင့်မီမြို့တော်အဖြစ် ဂုဏ်ယူ ဝင့်ကြွားနိုင်မှာ ဖြစ်ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်တဲ့ တာဝန်ရှိသူက မပြီးသေးတဲ့လမ်းတွေလည်း ဆက်ခင်းမယ်ဆိုတဲ့ အဓိပ္ပါယ်ပါတဲ့စကားများ ပြောဆိုရှင်းလင်းသွားတာဖြစ်ပါတယ်။ ဒါကြောင့် တချို့လည်း ဒါနဲ့ ပတ်သက်လို့ အင်မတန် ဝမ်းမြောက်ပီတိဖြစ်ကြောင်း အပေါ်ကနေ လေ့လာလို့ တွေ့ရှိရပါတယ်။ ဒီနေ့တော့ မေးခွန်းနဲ့ ဖြေကြားခြင်း အစီအစဥ် ပြီးဆုံးပါပြီ။အစည်းအဝေးကို နာရီဝက်ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ လွှတ်တော်အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။ ]

**အချိန်၊ ၁၂း၁၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်၏ "အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးရေး"အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုများ ဆွေးနွေးခြင်း စတင်ဆောင်ရွက်ပါမယ်။ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့မှာ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း တင်သွင်းထားတဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးရေးအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ခုနှစ်ဦး အမည်စာရင်းတင်သွင်းထားပါတယ်။ ဦးစွာ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၁၇**။

**ဦးဝင်းမြင့် (မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံကြပါစေကြောင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ မြင်းခြံမြို့ စက်မှုဇုန်မှာ ဇေယျာဝင်းဆီစက်လုပ်ငန်းရှင် ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ရေး အစီအစဉ်အရ ချေးငွေထုတ်ပေးနိုင်ပါရန် တရားဝင်ငွေချေးခွင့်ဥပဒေတစ်ရပ် ပြဋ္ဌာန်းရေးအဆိုကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဦးတည်ချက်များမှာ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး အကောင်အထည်ဖော်ရာမှာ စက်မှုလက်မှု ကုန်ထုတ်လုပ်မှုဟာ အရေးကြီးတဲ့

စီးပွားရေးကဏ္ဍ ဖြစ်ပါတယ်။ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ SME များ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရ အနေနဲ့ မြန်မာပြည်တစ်ဝန်းမှာ စက်မှုဇုန် ၁၈ ဇုန်နဲ့ ဇုန်ခွဲပေါင်း၂၈ ခုကို ထူထောင်ပေးခဲ့ပြီး ဖြစ်ကြောင်းတင်ပြလိုပါတယ်။ မြန်မာ့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးခဲ့ပြီး နောက် တစ်နိုင်ငံလုံးမှာ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများမှာ ၄၀၀၀၀ ခန့် ရှိလာကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၇၄.၃၁ ခန့် ရှိတယ်လို့ သိရပါတယ်။ အမျိုးအစားအားဖြင့်တော့ စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၊ ဆောက်လုပ်ရေးပစ္စည်း၊ စိုက်ပျိုးရေး ကိရိယာ၊ စက်အပိုပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းများ စသည်ဖြင့် ထုတ်လုပ်လျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထုတ်လုပ်မှုစွမ်းအားအရ စက်မှုလုပ်ငန်းများကို အုပ်စု သုံးစု ခွဲခြား နိုင်ပါကြောင်း တင်ပြလိုပါတယ်။ ပထမအုပ်စုဟာ နည်းပညာမြင့်မားပြီး ရန်ကုန်၊ မန္တလေးစတဲ့ စက်မှုဇုန်များမှာသာ တည်ရှိပြီး ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားပါတယ်။ ဒုတိယအုပ်စုကတော့ လယ်ယာအခြေခံတဲ့ Agro Base စက်မှုလုပ်ငန်းများ ဖြစ်ပါတယ်။ အသင့်အတင့် ခေတ်မီသော နည်းပညာများသုံးစွဲပြီး မြန်မာပြည်အနှံ့မှာ တည်ရှိနေပါတယ်။ တတိယအုပ်စုကတော့ ရိုးရာနည်းပညာ များသာ အသုံးပြုတဲ့ လက်မှုအခြေခံလုပ်ငန်းများ ဖြစ်ပါတယ်။ ဒါတွေဟာ သွင်းကုန်အစားထိုး လုပ်ငန်းတွေဖြစ်ပြီး ပို့ကုန်လုပ်ငန်းအနေနဲ့ ငါး၊ ပုဇွန်များကို ပြုပြင်ထုပ်ပိုး၍လည်းကောင်း၊ သစ် အချောထည်များ ပြုလုပ်၍လည်းကောင်း၊ သီးနှံမျိုးစုံကို ကုန်ကြမ်းမှကုန်ချောပြုပြင်၍လည်းကောင်း၊ နိုင်ငံခြားငွေများရှာဖွေပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။၁၉၈၈ မတိုင်မီကနဲ့ ယနေ့ အခြေအနေမှာ ရှိတဲ့ စက်မှုလက်မှုလုပ်ငန်းများကို နှိုင်းယှဉ်ဖော်ပြရပါက ၁၉၈၈ မတိုင်မီမှာ အကြီးစား စက်မှုလက်မှု လုပ်ငန်းပေါင်း ၂၁၃၅ ရှိရာက ယနေ့မှာ ၄၁၈၆ ထိ တိုးတက်လာတဲ့အတွက် ရုံပေါင်း ၂၀၅၁ ရုံ တိုးတက်လာပါတယ်။ အလတ်စား လုပ်ငန်းမှာ ၁၉၈၈ မတိုင်မီက ၄၀၀၄ ရုံ ရှိပြီးတော့ ယနေ့ကာလမှာ ၆၉၉၂ ရုံရှိတဲ့ အတွက် ၂၉၈၈ ရုံ တိုးတက်မှု ရှိလာတာကို တွေ့ရမှာဖြစ်ပါတယ်။ အငယ်စားစက်မှုလက်မှုလုပ်ငန်းများ အနေနဲ့တော့ ၁၉၈၈ မတိုင်ခင်မှာ ၂၀၅၅၁ ကနေ ယနေ့အခြေအနေမှာ ၃၂၃၂၆ ဖြစ်တဲ့ အတွက် တိုးတက်မှုဟာ ၁၁၇၇၅ ရုံ ဖြစ်ကြောင်း၊ ဒါကြောင့် စက်မှုလက်မှုလုပ်ငန်းများအနေနဲ့ များစွာဖွံ့ဖြိုးတိုးတက်လာ ကြောင်း ကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် သိရမှာဖြစ်ပါတယ်။ ဒီလိုတိုးတက်လာခြင်းဟာလည်း နိုင်ငံတော်မှ ပံ့ပိုးမှုများကြောင့်လည်းကောင်း၊ ချေးငွေများရရှိမှုကြောင့်ဆိုတာ သိသာထင်ရှားပါတယ်။

ဒီနေရာမှာ အကြီးစားလုပ်ငန်းဆိုတာ စက်စွမ်းအား မြင်းကောင်ရေ ၁၀၀ နှင့်အထက်၊ အလတ်စား လုပ်ငန်းဆိုတာ စက်စွမ်းအား မြင်းကောင်ရေ ၅၀မှ ၁၀၀၊ အငယ်စားဆိုတာ စက်စွမ်းအား မြင်းကောင်ရေ ၅ ကောင်မှ ၅၀ အထိကို ခွဲခြား သတ်မှတ်ပါကြောင်း သိရှိတင်ပြအပ်ပါတယ်။ စက်မှု စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရန်ဟူသော အမျိုးသားရေး ရည်မှန်းချက် ပြဋ္ဌာန်းပြီး ဖြစ်သလို မကြာမီပေါ်ထွန်းလာမယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့မှာလည်း "မြန်မာ့ စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန" အသစ်တစ်ခုကို စက်မှုကဏ္ဍပိုမို တိုးတက်စေဖို့ ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံတော်အစိုးရဟာ ပုဂ္ဂလိကစက်မှု လုပ်ငန်း ဥပဒေ၊ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှုဥပဒေများ ပြဋ္ဌာန်းပြီး စက်မှုလုပ်ငန်းရှင်များအနေနဲ့ သက်ဆိုင်ရာ အစိုးရ ဌာနနဲ့ အစိုးရအဖွဲ့အစည်းများထံသို့ အောက်ပါလိုအပ်ချက်များ လျှောက်ထား နိုင်ခွင့်ရှိကြောင်းလည်း တင်ပြလိုပါတယ်။ ဒါတွေကတော့ -

(၁) မိမိလုပ်ငန်း အသုံးပြုရန် လိုအပ်သော မြေ၊ ရေ၊ စွမ်းအင်၊ စွမ်းအား၊ ဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေး စသည်များ၊

(၂) အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ၊

(၃) ပုံသေငွေရင်းနှင့်လှည့်ပတ်ငွေရင်းအတွက်ချေးငွေများ၊

(၄) မိမိလုပ်ငန်းအတွက် လိုအပ်သည့်ပြည်တွင်းပြည်ပကုန်ကြမ်း၊ စက်နှင့် စက်အရန် ပစ္စည်းများ၊

(၅) ထုတ်ကုန်ပစ္စည်းပိုမို ထုတ်လုပ်ရေးနှင့် အရည်အသွေးပိုမိုကောင်းမွန်ရေးအတွက် ပြည်တွင်းပြည်ပ နည်းပညာများ ဖြစ်ပါတယ်။

စက်မှုလုပ်ငန်းရှင်များ အလွယ်တကူ ငွေချေးယူနိုင်ရန်အတွက် မြန်မာ့စက်မှု လက်မှုဖွံ့ဖြိုးရေး ဘဏ်အား ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ ကျပ်သန်းပေါင်း ၄ သောင်း ကျော် ၄၃ ဘီလီယံခန့် ချေးငွေထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ စက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ မိမိလုပ်ငန်း တိုးတက်အောင် ဆောင်ရွက်လို သူတိုင်း နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်များမှလည်းကောင်း၊ ပုဂ္ဂလိကဘဏ်များမှလည်းကောင်း ဘဏ်မှပြဋ္ဌာန်းထားတဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ငွေချေးယူနိုင်သော အခွင့်အရေးရရှိပြီး ဖြစ်ပါတယ်။ နိုင်ငံတော် ဘတ်ဂျက်ငွေကြေး အခြေအနေ ကောင်းလာတာနဲ့အမျှ စက်မှုဖွံ့ဖြိုး

တိုးတက်ရေးအတွက် စက်မှုလုပ်ငန်းရှင်များသို့ချေးငွေများ ပိုမို ချေးငှားရန်ရှိကြောင်းလည်း သိရပါတယ်။ ဒါကြောင့် စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ရေးအဆိုအရ ငွေချေးခွင့် ဥပဒေ တစ်ရပ် ပြဋ္ဌာန်းရေးအဆိုဟာ နိုင်ငံတော်မှ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဖြစ်ခြင်း ကြောင့် အဆိုအဖြစ် ဆက်လက်တင်သွင်းရန် မလိုအပ်တော့ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ ဒေါ်တင်နွယ်ဦး ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၂၄။**

**ဒေါ်တင်နွယ်ဦး (ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည် တော်ကြီးများ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်မကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်နွယ်ဦး ဖြစ်ပါတယ်။ အခု ကျွန်မ ဆွေးနွေးမယ့် ကိစ္စကတော့ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး အဆိုကို ဆွေးနွေးမှာဖြစ်ပါတယ်။ ထောက်ခံခြင်း၊ ဆွေးနွေးခြင်း၊ ကန့်ကွက်ခြင်း သုံးခုအနက်မှ ကျွန်မ ဆွေးနွေးခြင်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကြားသိတဲ့အတိုင်းပဲ ခုနတုန်းက ပြည့်ပြည့်စုံစုံရှင်းပြသွားတဲ့ ဦးဝင်းမြင့်ကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ ပြောရရင်တော့ အခုတက်ရောက်လာတဲ့ ကိုယ်စားလှယ်တော်တွေ အားလုံး သိပြီးတဲ့အတိုင်းပဲ မြန်မာနိုင်ငံမှာဆိုရင် စီးပွားရေးဖွံ့ဖြိုးမှု၊ တိုးတက်မှုဟာဆိုရင် ဒီအာရှနိုင်ငံမှာဆိုရင် ဒီ လေးနိုင်ငံမှာဆိုရင် ကျွန်မတို့နိုင်ငံ ပါနေပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျတဲ့ တိုင်းပြည်ဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့မှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကလည်း ဖွံ့ဖြိုးမှု နည်းပါးနေတယ်။ အဲဒါကြောင့် ကျွန်မတို့ မြန်မာနိုင်ငံမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်း Manufacturing Sectorတွေ ဖွံ့ဖြိုးရေးက အင်မတန်ကို အရေးကြီးနေပါတယ်။ အမျိုးသားစီးပွားရေးရဲ့ ပြည်တွင်း စုစုပေါင်း ကုန်ထုတ်လုပ်မှု GDP မှာဆိုရင် ဒီထုတ်လုပ်မှုများရဲ့ ပါဝင်မှုအတိုင်းအတာ မြင့်မားတဲ့ နိုင်ငံတွေဟာဆိုရင် စီးပွားရေးဖွံ့ဖြိုးတဲ့နိုင်ငံများ ဖြစ်ကြပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများ အနေနဲ့ ကျွန်မတို့နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးမှုအတွက် သမရိုးကျ လယ်ယာစီးပွားရေးနဲ့ ကုန်ထုတ်လုပ်မှု စီးပွားရေး ကူးပြောင်းရေးကို ကြိုးပမ်းကြရမှာ ဖြစ်တဲ့အတွက် အရေးကြီးပါတယ်။ လွှတ်တော်

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့မြန်မာနိုင်ငံဟာ အခြေခံအားဖြင့် လယ်ယာစီးပွားရေး အခြေခံတဲ့နိုင်ငံဖြစ်တဲ့အလျောက် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက်လည်း လယ်ယာစီးပွားရေးကနေပြီးတော့ ကုန်ထုတ်လုပ်မှုစီးပွားရေးကို တဖြည်းဖြည်းနဲ့ တိုးတက်ပြောင်းလဲမှုဖြစ်မှာပါ။ အဲဒီတော့ ဒီနေရာမှာ ကျွန်မတို့မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံထဲမှာဆိုရင် ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လို့ခေါ်တဲ့ CLMV ပေါ့ လေးနိုင်ငံ၊ ဒီနိုင်ငံတွေဟာဆိုရင် လယ်ယာစီးပွားရေးကနေပြီးတော့ ကုန်ထုတ်လုပ်မှု စီးပွားရေးကို ကူးပြောင်းသွားတာကို ကြည့်လို့ရပါတယ်။ အဲဒီတော့ ကျွန်မ ဆက်ပြောရမယ်ဆိုရင် Figure လေးတွေထည့်မှာဆိုတော့ Power point မရှိတဲ့အတွက် နှစ်ကြိမ်တော့ ထပ်ပြောခွင့်ပြုရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ၁၉၉၄ ကနေပြီးတော့ ၂၀၀၄ ခုနှစ်မှာရှိတဲ့ ၁၀ နှစ်တာအတွင်းရရှိတဲ့ ကိန်းဂဏန်းတွေအရ ခုန ကျွန်မပြောခဲ့တဲ့ ဒီ ၄ နိုင်ငံရဲ့ အမျိုးသား ပြည်တွင်းထုတ်ကုန်စုစုပေါင်းမှာ လယ်ယာကဏ္ဍနဲ့ ထုတ်လုပ်မှုကဏ္ဍပါဝင်မှုကို ကြည့်ရမယ်ဆိုရင် ကမ္ဘောဒီးယားကိုအရင်ပြောပါမယ်။ ကမ္ဘောဒီးယားမှာ လယ်ယာစီးပွားရေးအရ ၄၇.၆ ရာခိုင်နှုန်းကနေပြီးတော့ ၃၂.၉ ရာခိုင်နှုန်းကို ကျဆင်းသွားပါတယ်။ အဲဒီတော့ ကုန်ထုတ်လုပ်ငန်း အနေနဲ့ကျတော့ ၉.၃ ရာခိုင်နှုန်းကနေပြီးတော့ ၂၁.၉ ရာခိုင်နှုန်း တိုးတက်လာတာတွေ့ရပါတယ်။ နောက်တစ်ခါ လာအိုနိုင်ငံမှာဆိုလို့ရှိရင် လယ်ယာ စီးပွားရေးကဏ္ဍက ၅၇.၁ ရာခိုင်နှုန်းကနေပြီးတော့ ၄၇ ကို ရာခိုင်နှုန်းကျဆင်းသွားပါတယ်။ ကုန်ထုတ်လုပ်ငန်း အနေနဲ့ကျတော့ ၁၂.၈ ရာခိုင်နှုန်း ကနေပြီးတော့ ၂၀.၄ ရာခိုင်နှုန်းကို တိုးတက်လာပါတယ်။ နောက်တစ်နိုင်ငံဖြစ်တဲ့ ဗီယက်နမ်မှာ ကျတော့ လယ်ယာစီးပွားရေးအရ ၂၇.၂ ရာခိုင်နှုန်း ကနေပြီးတော့ ၂၀.၉ ရာခိုင်နှုန်းကို ကျဆင်း ပါတယ်။ ကုန်ထုတ်လုပ်ငန်းအနေနဲ့ကျတော့ ၁၅ ရာခိုင်နှုန်းကနေပြီးတော့ ၂၀.၇ ရာခိုင်နှုန်းကို တက်လာတာကိုတွေ့ရပါတယ်။ အဲဒီတော့ ဗမာပြည်နဲ့ ကြည့်မယ်ဆိုရင် ဗမာပြည်မှာဆိုရင် လယ်ယာစီးပွားရေးလုပ်ငန်းက ၆၃ ရာခိုင်နှုန်း ကနေပြီးတော့ ၅၀.၆ ရာခိုင်နှုန်း ကျဆင်းပါတယ်။ အဲဒီတော့ ကုန်ထုတ်လုပ်ငန်း အနေနဲ့ကျတော့ ၆.၈ ရာခိုင်နှုန်းက ၉.၈ ရာခိုင်နှုန်းကို တက်လာတာ တွေ့ရပါတယ်။ အဲဒီတော့ ပြန်ကြည့်မယ်ဆိုလို့ရှိရင် ဗမာပြည်မှာ လယ်ယာစီးပွားရေး ကျဆင်းမှုဟာ ၁၂.၄ ရာခိုင်နှုန်း ကျဆင်းပြီးတော့ ကုန်ထုတ်လုပ်ငန်းဟာ ဆိုလို့ရှိရင် ၃ ရာခိုင်နှုန်းပဲ တက်တာ တွေ့ရပါတယ်။ အဲဒီတော့ အခြားနိုင်ငံများနဲ့ နှိုင်းယှဥ်မယ်ဆိုရင် ခုနက ဥက္ကဋ္ဌကြီး Power point မရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်မထပ်ပြောမယ်ဆိုတာ ကမ္ဘောဒီးယားမှာဆိုရင် ၁၄.၇ ရာခိုင်နှုန်း ကျဆင်းတယ်။ လယ်ယာစီးပွားရေးကနေ နောက်တစ်ခါ ကုန်ထုတ်လုပ်ငန်းကျတော့ ၁၂.၆ ရာခိုင်နှုန်း တစ်ခါတက်တယ်။ အလားတူပဲ လာအိုနိုင်ငံမှာလည်း လယ်ယာစီးပွားရေးဟာ ၁၀.၁ ရာခိုင်နှုန်း

ကျဆင်းပြီးတော့ ကုန်ထုတ်လုပ်ငန်းကလည်း ၇.၆ ရာခိုင်နှုန်း တိုးတက်လာတာ တွေ့ရပါတယ်။ အဲဒီတော့ ဗီယက်နမ်နိုင်ငံမှာကျတော့ လယ်ယာစီးပွားရေး ဟာ ၆.၃ ရာခိုင်နှုန်း ကျဆင်းပြီးတော့ ကုန်ထုတ်လုပ်ငန်း ၅.၇ ရာခိုင်နှုန်း တိုးတက်လာပါတယ်။ အဲတော့ ခုနက ကျွန်မတို့ ဗမာပြည် လယ်ယာစီးပွားရေးကနေပြီးတော့ ကျဆင်းတဲ့နှုန်းကကျတော့ ၁၂.၄ ရာခိုင်နှုန်း ဖြစ်တဲ့အတွက် အားလုံးထဲမှာ အနည်းဆုံးဖြစ်ပါတယ်။ ကုန်ထုတ်လုပ်ငန်းတိုးတက်မှုဟာလည်း ၃ ရာခိုင်နှုန်းပဲ ရှိပါတယ်။ အဲဒါကိုကြည့်မယ်ဆိုရင် ဗမာပြည်မှာ အမျိုးသားပြည်တွင်းထုတ်လုပ်မှု စုစုပေါင်း GDP မှာဆိုလို့ရှိရင် လယ်ယာစီးပွားရေးပါဝင်မှုနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍပါဝင်မှုတွေက ပြောင်းလဲနေတဲ့ အတွက်ကြောင့် မို့လို့ ဒီကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် နိုင်ငံအားလုံး က တိုးတက်တယ် ဆိုပေမယ့် ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ပြောင်းလဲမှုနှုန်းမှာ အနည်းဆုံးဖြစ်နေတာ တွေ့ရပါတယ်။ အဲဒီတော့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဒီလို CLMV နိုင်ငံလေးနိုင်ငံနဲ့ နှိုင်းယှဉ်တဲ့အခါမှာ ဗမာနိုင်ငံက တိုးတက်မှု နည်းပါးနေရခြင်းရဲ့ အကြောင်းရင်း ထဲက အချက်တစ်ချက်က မြန်မာနိုင်ငံမှာ ခုန ဦးဝင်းမြင့်ဆွေးနွေးသွားသလိုပဲ SME တွေမှာ ရင်းနှီးမြှုပ်နှံမှု တွေဟာ အခြားကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် နိုင်ငံတွေထက် နည်းပါးမှု ရှိတယ်ဆိုတာတွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့SME တွေ ခုနက အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းတွေဟာ ဆိုလို့ရှိရင် မိမိရဲ့မိသားစုပိုင်အရင်းအနှီးအနည်းငယ်နဲ့ပဲ လုပ်ကိုင်နေကြရ ပါတယ်။ နောက်တခြား CLV ခေါ် ဗမာမပါနိုင်ငံတွေနဲ့ နှိုင်းယှဉ်မယ်ဆိုလို့ရှိရင် စက်မှုကဏ္ဍမှ ဘဏ္ဍာငွေ အရင်းအနှီးရနိုင်တဲ့ အခွင့်အလမ်းတွေ အရမ်းနည်းပါးတာတွေ့ရပါတယ်။ အဲဒီတော့ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ကမ္ဘောဒီးယားနဲ့ လာအိုမှာ ကာလတို၊ကာလရှည် ချေးငွေယူလို့ ရတယ်။ ဗီယက်နမ်နဲ့ လာအိုမှာဆိုရင် အပေါင်ပစ္စည်းမပါဘဲနဲ့ ငွေရယူနိုင်တယ်။ နောက်တစ်ခါ ကြိုတင်ပေးစနစ် Factoring နဲ့လည်း ဘဏ္ဍာငွေရယူနိုင်တယ်။ လာအိုမှာဆိုရင် မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းတောင်မဟုတ်ဘူး ကုန်ပစ္စည်းကို Inventory ကို ပြပြီးတော့ အပေါင်ထားပြီးတော့လည်း ချေးယူလို့ရတယ်။ အဲဒီတော့ မြန်မာပြည်မှာ ဒီလိုဘဏ္ဍာငွေချေးယူခွင့်ဆိုတာမရှိခဲ့ဘူး။ အဲဒီတော့ မြန်မာနိုင်ငံမှာ ဒီလိုချေးယူခွင့်မရှိတဲ့ အတွက်ကြောင့်မို့လို့ ချေးတဲ့အခါမှာဆိုလို့ရှိရင်လည်း ကာလတို ချေးငွေတွေပဲရှိတယ်။ ငွေချေးတဲ့အခါမှာလည်း အဲဒီကာလတို ချေးငွေတွေချေးဖို့အရေးကို မရွှေ့မပြောင်း နိုင်တဲ့ပစ္စည်း ဥပမာ-မြေတို့ စက်ရုံတို့အပေါင်ပစ္စည်း ကာလပေါက်စျေးထက် ၃၀ ရာခိုင်နှုန်းလျော့ပြီး တန်ဖိုးဖြတ်ခံရတယ်။ ထပ်ပြီးတော့လည်း ချေးလို့ရတယ်။ နောက်တစ်ခါ အဲဒီချေးငွေနည်းနည်းလေးချေးဖို့ အတွက် ဘာလုပ်ရလည်းဆိုတော့ လိုအပ်ချက်တွေအများကြီး စာမျက်နှာ၊ လျှောက်လွှာစာမျက်နှာ

တစ်မျက်နှာလောက်ရှိတဲ့ အချက်အလက်တွေကို ဖြေရှင်းရတယ်။ နောက်ပြီးတော့ ကန့်သတ်မှု အတိုင်းအတာတွေက အများကြီးရှိတယ်။ အဲဒီ ကာလတို ချေးငွေဆိုတာ လုပ်ငန်းရဲ့ လည်ပတ်စရိတ် တစ်နည်းအားဖြင့်ပြောရင် Working Capital အဲဒီတော့ Working Capital အတွက်ဖြစ်တဲ့ အတွက်ကြောင့် လုပ်ငန်းဖွံ့ဖြိုးရေး အတွက်ကျတော့ အရင်းအနှီး အမျိုးအစား၊ ကာလရှည် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ကို မဖြည့်စွမ်းနိုင်ဘူးဖြစ်နေတယ်။ အဲဒီတော့ မြန်မာနိုင်ငံရဲ့ ဒီ SME တွေရဲ့ ဦးရေဟာဆိုရင်ခုနက ဦးဝင်းမြင့်တင်ပြခဲ့သလို လေးသောင်းကျော်ဆိုတာက ၄၃၄၃၅ အရေအတွက် ရှိပါတယ်။ အဲဒီတော့ အသေးစားလုပ်ငန်းမှာဆိုလို့ရှိရင် ၇၈ ရာခိုင်နှုန်းလောက် ရှိပါတယ်။ နောက်ပြီးတော့ အလုပ်သမားတွေကို အလုပ်အကိုင် ပေးစွမ်းနိုင်ဖို့ကျတော့ ၆၀ ရာခိုင်နှုန်း၊ စုစုပေါင်း ကုန်ထုတ်လုပ်မှုရဲ့ ပမာဏကျတော့ ၄၁ ရာခိုင်နှုန်း၊ အဲဒီတော့ ရင်းနှီးမြှုပ်နှံမှု ပမာဏက ၄၅ ရာခိုင်နှုန်းအသီးသီးရှိနေတော့ ဗမာ့စီးပွားရေးတိုးတက်မှုမှာ အရေးပါတဲ့ကဏ္ဍမှ ပါဝင်နေတာကို တွေ့ရပါတယ်။ အဲဒါကြောင့် ခုနတင်ပြခဲ့တဲ့အတိုင်းပဲ SME တွေအတွက် လိုအပ်တဲ့ ကာလတို၊ ကာလရှည်ဖြင့် ဖွံ့ဖြိုးရေးရင်းနှီးမြှုပ်နှံမှုအတွက်ကတော့လိုအပ်တဲ့ ဘဏ္ဍာရေး အစီအစဉ်တွေ နိုင်ငံတော်ကနေ လုပ်ဆောင်ပေးရန်လိုအပ်တယ်လို့ ကျွန်မက ထင်မြင်ယူဆမိပါတယ်။ အဲဒီတော့ အခြားတစ်ဖက်က ကြည့်လို့ရပါတယ်။ ခုနတုန်းက ဦးဝင်းမြင့်တင်ပြခဲ့သလိုပဲ ဒီအစိုးရက SME တွေကိုချေးဖို့အတွက် ခက်ခက်ခဲခဲရှာထားတဲ့ ဘဏ္ဍာငွေထဲကနေပြီးတော့ ဘာလို့ SME ကိုပေးရမှာလဲဆိုပြီး တစ်ဖက်ကမေးခွင့်ရှိပါတယ်။ On the other hand အဲလိုမေးမယ် ဆိုလို့ရှိရင် အစိုးရရဲ့ ခက်ခက်ခဲခဲရထားတဲ့ ပြည်သူ့ဘဏ္ဍာငွေကို ပညာရေး၊ ကျန်းမာရေးနဲ့ Social မှာမသုံးဘဲနဲ့ သူဘာလို့Small Skill Industrialမှာ သုံးနေတာလဲဆိုတာ တစ်ဖက်ကလည်းမေးလို့ရပါတယ်။ဒါပေမယ့် ပြန်ပြောရမယ်ဆိုရင် အားလုံးသိတဲ့အတိုင်းပဲ ကမ္ဘာမှာရှိတဲ့ ဖွံ့ဖြိုးပြီးတဲ့နိုင်ငံတွေအားလုံးဟာ ဘယ်ကတက်လာတာလဲ၊ အားလုံးဟာ SME ကတက်လာတာ။ အဲဒီတော့ SME ဖွံ့ဖြိုးတိုးတက်တဲ့ အတွက်ကြောင့်မို့လို့ ဖွံ့ဖြိုးတဲ့နိုင်ငံတွေ ဖြစ်ပြီးတော့ ပထမဦးဆုံး စီးပွားရေးအခြေအနေကောင်းတဲ့ အတွက်ကြောင့်မို့လို့ တိုင်းပြည်က ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်အဖြစ် ပြောင်းလဲရတာ ဖြစ်တယ်။ အဲဒီတော့ မနေ့က ဦးစိုးဝင်း ပြောခဲ့တဲ့ အထဲမှာလည်းပါပါတယ်။ AFTA လာမယ်ဆိုရင် ဗမာပြည်အပါအဝင် ဒီပြင် တိုင်းပြည်တွေက ကုန်ပစ္စည်းတွေက အခွန်လျှော့ပေါ့ပြီးကောက်ခံရမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ ဗမာပြည်ထဲကို အခြားတိုင်းပြည်က အရည်အသွေးမြင့်တဲ့ ပစ္စည်းတွေ ဈေးချိုချိုနဲ့ လိုမ့်ဝင်လာကြမှာဖြစ်ပါတယ်။ အဲဒီတော့ ဗမာပြည်ကပစ္စည်းတွေက ကြွရောက်လာတဲ့ လူကြီးမင်းတွေ အားလုံးသိတဲ့အတိုင်းပဲ အရည်အသွေးကမမီဘူး၊

အရေအတွက်အနေနဲ့ကလည်း ကွာခြားနေတယ်ဆိုတော့ ဈေးကွက်စီးပွားရေးမှာ ကျွန်မတို့ဗမာပြည်က ဝင်တိုးဖို့အတွက် ဒီ SME တွေမှာ တိုးတက်ထုတ်လုပ်ဖို့ လိုအပ်ပါတယ်။ အဲဒီ တိုးတက်ထုတ်လုပ်ဖို့လိုအပ်တဲ့ Efficient production ဖြစ်ဖို့အတွက် အရေးကျတော့လဲ ခုနက ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကအရေးကြီးပါတယ်။နောက်တစ်ခုကကုန်ထုတ်လုပ်မှုကဏ္ဍမှာ လိုအပ်တဲ့ ငွေအရင်းအနှီး က ပိုပြီးတော့အရေးကြီးပါတယ်။ အဲဒီတော့ ကုန်ထုတ်လုပ်မှုလုပ်ငန်းမှာ လိုအပ်တဲ့ ငွေအရင်းအနှီးတွေကို အစိုးရအနေနဲ့ Financing Program လုပ်ပြီးတော့ ချေးငွေများပေးနိုင်ရင် အများကြီးအကျိုးရှိလာမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မနောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ဒီဦးစိုးဝင်းတင်သွင်းထားတဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေးဆိုတဲ့ အစီအစဉ်မှာ အထူးအားဖြင့်တော့ ဒီ SME လုပ်ငန်းကလေးတွေ၊ အထူးအားဖြင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေကို အစိုးရအနေနဲ့ ရေများများ လောင်းပြီးတော့ စိုပြေလန်းဆန်းအောင်လုပ်ရင်တော့ အကောင်းဆုံးဖြစ် ပါတယ်လို့ အကြံပြု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးလှမောင်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၅ ။**

**ဦးလှမောင်(ချောင်းဆုံ မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ကြွရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများအားလုံးတို့အား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှမောင်(ခ) ဦးနိုင်လှမောင် ဖြစ်ပါတယ်။ စမ်းချောင်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းသွားတဲ့ အသေးစား၊ အလတ်စားစက်မှု လုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး အဆိုကို လိုလားစွာဖြင့်ထောက်ခံ ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်ရှိ ပြည်သူများ၏ စားဝတ်နေမှု လိုအပ်ချက်များကို ဖြည့်စွက်ထုတ်လုပ်ပေးသော စက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍသည် နိုင်ငံတော်အတွက် အရေးပါသော ကဏ္ဍ တစ်ရပ်ဖြစ်ပါတယ်။ အကြီးစားစက်မှုလုပ်ငန်းဖြစ်စေ၊ အလတ်စားစက်မှုလုပ်ငန်းဖြစ်စေ၊ အသေးစားစက်မှုလုပ်ငန်းဖြစ်စေ အတန်းအစားအလိုက် ပြည်သူတို့၏ လိုအပ်ချက်များကို ၄င်းတို့၏

လုပ်ငန်းအတိုင်းအတာအရ ဖြည့်ဆည်းထုတ်လုပ်ရန် အရေးကြီးသလို ဖြည့်ဆည်း လုပ်ကိုင်လျက်ရှိနေကြပါတယ်။ ယခုလို ဖြည့်ဆည်းရာတွင် အကြီးစားစက်မှုလုပ်ငန်းများသည် နိုင်ငံတော်၏ ရန်ပုံငွေလျာထားချက် သုံးစွဲခွင့်ရရှိပါသဖြင့် အခက်အခဲများ မရှိလှသော်လည်း အလတ်စား၊ အသေးစား စက်မှုလုပ်ငန်းများမှာကတော့ အများအားဖြင့် ပုဂ္ဂလိကပိုင် လုပ်ငန်းရှင်များပီပီ မိမိတို့၏ ကိုယ်ပိုင်ရင်းနှီးငွေများဖြင့် စိုက်ထုတ်လုပ်ကိုင်ကြရပါသဖြင့် အခါအားလျော်စွာ ငွေပင်ငွေရင်း မလုံလောက်မှုများဖြစ်ပေါ်လာသည့်အခါတွင် ထုတ်လုပ်မှုရပ်ဆိုင်းရ၍ ကုန်ထုတ်လုပ်မှု လျော့နည်းရပါတယ်။ ကုန်ထုတ်လုပ်မှု လျော့နည်းကျဆင်းလာသည်နှင့်အမျှ ကုန်ပစ္စည်းရှားပါးမှုနဲ့ ရင်ဆိုင် ရတတ်ပြီး ကုန်စျေးနှုန်းလည်း မြင့်တက်လာတတ်ပါသဖြင့် စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာကြရမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကုန်ပစ္စည်းထုတ်လုပ်နေကြတဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများသည် ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးမလည်ပတ်သော ကာလများတွင် ၎င်းတို့အား ဘဏ္ဍာရေးပိုင်းဆိုင်ရာ လိုငွေများကို ထောက်ပံ့ချေးငှားပေးခြင်းအားဖြင့် ၎င်းတို့၏ လုပ်ငန်းပုံမှန်လည်ပတ်နိုင်သည်နှင့်အမျှ ကုန်ထုတ်လုပ်မှုမှာလည်း ချောမောစွာ ထုတ်လုပ်နိုင်ကြပါသဖြင့် ကုန်ထုတ်သူရောစားသုံးသူပါအဆင်ပြေကြပြီး ကုန်စျေးနှုန်းမြင့်မားမှုကိုလည်း ကာကွယ် တားဆီးရာရောက်ရှိမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မရှိမဖြစ်၊ ရှိမှဖြစ်သည့် အရေးကြီးဆုံးအချက် ခုနှစ်ချက်လိုအပ်ပါကြောင်း လေ့လာမှတ်သားဘူးပါတယ်။ အဆိုပါ ခုနှစ်ချက်နှင့်ပြည့်စုံမှသာလျှင် စက်မှုကုန်ထုတ်လုပ်ငန်း ပြီးမြောက်အောင်မြင်နိုင်ကြောင်း အသိပညာရှင်များထံမှ သိရှိရပါတယ်။ ၎င်းအချက် ခုနှစ်ချက်များကို မှတ်သား လွယ်ကူစေရေးအတွက် အင်္ဂလိပ်ဘာသာအတိုကောက်အားဖြင့် (7M) ဟုခေါ်ဝေါ်လေ့ ရှိကြပါတယ်။ အဆိုပါ (7M) ကိစ္စနှင့်စပ်လျဉ်းပြီး အနည်းငယ်တင်ပြလိုပါတယ်။ (7M) ခေါ် M ခုနှစ်လုံး၏ဆိုလိုချက်ကတော့ ပထမဦးဆုံး M မှာ Men ဖြစ်ပြီးတော့ အလုပ်သမား၏ လုပ်အားအလုံအလောက်ရရှိမှုကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒုတိယ M တစ်လုံးကတော့ Money ငွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ ငွေအလုံအလောက်ရရှိရန်လိုကြောင်း ရည်ညွှန်းခြင်းဖြစ်ပါတယ်။ တတိယ M စာလုံးကတော့ Raw Material ခေါ်တဲ့ ကုန်ကြမ်းအလုံအလောက် ရရှိမှုဖြစ်ပါတယ်။ စတုတ္ထ M စာလုံးက Method ဖြစ်ပြီးနည်းစနစ်ကောင်းများ ရရှိမှုဆိုလိုခြင်းဖြစ်တယ်။ ပဉ္စမ M စာလုံး ကတော့ Machine ဆိုတဲ့စက်ကိရိယာ အလုံအလောက်ရရှိရန် လိုအပ်ကြောင်း ဖြစ်ပါတယ်။ ဆဋ္ဌမ M က Management ဆိုတဲ့ စီမံခန့်ခွဲမှုကို ဆိုလိုခြင်းဖြစ်ပြီး သတ္တမနဲ့နောက်ဆုံး M စာလုံးကတော့ Market ခေါ်တဲ့ စျေးကွက်လိုအပ်ချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အထက်ဖော်ပြပါစက်မှုလုပ်ငန်းအတွက် လိုအပ်ချက် ခုနှစ်ချက်အနက်မှ လေးချက်မှာ ငွေကြေးကဏ္ဍပိုင်းနဲ့သာ သွယ်ဝိုက်၍ သက်ဆိုင်နေပါကြောင်း ပြန်လည်သုံးသပ်လိုပါတယ်။ အကြောင်းကတော့ ပထမဦးဆုံး M ဖြစ်တဲ့ Men ခေါ်တဲ့ အလုပ်သမားများ၏ လုပ်အားများကို ငွေကြေးအဖြစ်သာ ငှားရမ်းရယူ၍လည်းကောင်း၊ Raw Material ဖြစ်တဲ့ ကုန်ကြမ်းရရှိရေးမှာလည်း ငွေကြေးအဖြစ်သာဝယ်ယူရမှာဖြစ်သလို Machine ဆိုတဲ့ စက်ကိရိယာ ပစ္စည်းများကိုလည်းပဲ ငွေကြေးနဲ့သာ ဝယ်ယူသုံးစွဲရမည် ဖြစ်ပါသဖြင့် အဆိုပါတင်ပြထားသော အချက် ခုနှစ်ချက်အနက် ငွေကြေးကဏ္ဍအပိုင်းတွင် လေးချက်အကျုံးဝင် ပါဝင်နေသည့်အတွက် စက်မှုကုန်ထုတ်လုပ်ငန်းများ၏ ငွေကြေးလိုအပ်ချက် အပိုင်းသည် အလွန်တရာမှ အဓိကအရေးကြီးသောကဏ္ဍ တစ်ရပ်ဖြစ်နေပါကြောင်း ပေါ်လွင်ထင်ရှားစွာ သုံးသပ်ရပါသည်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အသေးစားအလတ်စား စက်မှုလုပ်ငန်းများသည် ကုန်ထုတ်လုပ်ရာတွင် အထက်ဖော်ပြပါအတိုင်း ငွေကြေးအခက်အခဲမှ ကျော်လွှန် လွန်မြောက်ရန်အတွက် ၎င်းတို့၏ ကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာ လိုအပ်သော ငွေကြေးများကို အထောက်အပံ့ပေးခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းချောမွေ့အဆင်ပြေစေသကဲ့သို့ ကုန်ဈေးနှုန်းကိုပါ ထိန်းသိမ်းကာကွယ်ရာ ရောက်ပါသဖြင့် ထုတ်လုပ်သူနှင့် စားသုံးသူပါ နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူး ရလဒ်ကောင်း များရရှိစေခြင်းငှာ ရည်ရွယ်၍ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်ပြသော အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာ သံများ)

**ဥက္ကဋ္ဌ**။ ။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ဆွေးနွေးရန်ဖြစ်ပါတယ်။

**အချိန်၊၁၂း၄၂**။

**ဦးကြည်မြင့် (လသာ မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း တက်ရောက်လာကြတဲ့ အထူးဧည့်သည်တော်အပေါင်း မင်္ဂလာအပေါင်းနဲ့ ခညောင်းပြီးတော့ ဘေးဘယာ ဝေးကွာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးစိုးဝင်းရဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ ပေးရေး အဆိုနဲ့ပတ်သက်ပြီးတော့ လေ့လာမိသမျှ ဆွေးနွေးရမယ်ဆိုလို့ရှိရင် ဒီကနေ့ နိုင်ငံတကာ

မီဒီယာပညာရှင်နဲ့ နိုင်ငံရေးလောကမှာ ခေတ်စားနေတဲ့ Small and Medium Size enterprise SME တွေကို အားပေးရေးကိစ္စဖြစ်ပါတယ်။ ဒီအကြောင်းပြောကြရမှာတော့ လုပ်ငန်း အလယ်အလတ်တွေဟာ အရွယ်အစားသေးကြလို့ သူတို့ကိုယ်သူတို့ ပြုပြင်ပြောင်းလဲရန် လွယ်ကူပါတယ်။ ဒီအတွက် လုပ်ငန်းကြီးတွေ မလုပ်နိုင်ဘဲနဲ့ ကျန်ရစ်ခဲ့တဲ့ စီးပွားရေး အခွင့်အလမ်းများအပေါ် လက်ကျန်စီးပွားရေးအခွင့်အလမ်း (Residual Business) ဒါတွေကို အမိအရ ဆုတ်ကိုင် ထုတ်လုပ်ရောင်းချနိုင်တယ်၊ အရင်းနည်းတဲ့အတွက်ကြောင့် ကိုယ်ပိုင်လုပ်ငန်းလေးအဖြစ် တည်ထောင်ဖို့ကောင်းတယ်။ ဒီအတွက် လုပ်ငန်းသစ်တွေ၊ အလုပ်အကိုင်သစ်တွေ ဖြစ်ပေါ်တိုးတက်စေတယ်လို့ စီးပွားရေးပညာရှင်တွေကြားမှာရော၊ နိုင်ငံရေးသမားကြားမှာရော ပြောဆိုကြတာတွေရှိပါတယ်။ သို့သော်လည်းပဲ နိုင်ငံသားများကြား ဝမ်းစာရှာဖွေ၊ ဥစ္စာရှာဖွေတဲ့နေရာမှာ တစ်ပြေးညီ အခွင့်အလမ်းရရှိရေး ရှုဒေါင့်အရ ပြောရလို့ရှိရင် မျက်နှာသာပေးပြီးတော့ အခွန်နဲ့ စည်းမျဉ်းလျှော့ချကင်းလွတ်ခွင့် ဘဏ္ဍာငွေကြေးထောက်ပံ့မှု စတာတွေပြုလုပ်တဲ့ အခါမှာ နောက်ဆက်တွဲပါလာတတ်တာကတော့အချောင်လိုက်ပြဿနာလို့ခေါ်ပါတယ်။ (Easy Riding Problem) ပါ။ ဥပမာအားဖြင့်တော့ ကျွန်တော်နည်းနည်း ရှေ့ကအတွေ့အကြုံတွေကို ပြောမှာဖြစ်တဲ့အတွက်ကြောင့် အသေးစား၊ အလတ်စား ရယ်လို့မဟုတ်ဘဲ စက်မှုလုပ်ငန်းတစ်ခုလုံးပဲ ပုဂ္ဂလိက၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များကို နိုင်ငံတကာနှင့် တန်းတူ ကြီးပွားချမ်းသာတဲ့ လုပ်တတ်ကိုင်တတ်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ဖြစ်လာဖို့အတွက် ခေတ်အဆက်ဆက်မှာ အစိုးရများက အားပေးကူညီထောက်ပံ့မှု အမျိုးမျိုးပြုလုပ်ခဲ့ကြတာရှိပါတယ်။ အဲဒီ ပါလီမန် ဒီမိုကရေစီ ခေတ်မှာ လည်းပဲရှိခဲ့သလို၊ လမ်းစဉ်ပါတီခေတ်မှာ ပုဂ္ဂလိကပိုင် စီးပွားရေးကနည်းပြီးတော့ နိုင်ငံပိုင်စီးပွားရေးက ကြီးမားတဲ့ခေတ်မှာတောင်မှပဲ ကျွန်တော် ကယားပြည်နယ်မှာ စီမံကိန်းမှူး ဘဝနဲ့ နေခဲ့စဉ်က ကျွန်တော်ကိုင်တွယ်လုပ်ကိုင်ပေးရတဲ့ လုပ်ငန်းလေးတစ်ခု ရှိခဲ့ပါတယ်။ ဒါကတော့ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်လောက်မှာ ပုဂ္ဂလိကပိုင်လုပ်ငန်းငယ်လေးတွေ တိုးတက်ဖို့ ကုန်ထုတ်စာအုပ်တွေ ထုတ်ပေးပါတယ်။ အလုပ်သမားဦးရေအလိုက် လုပ်ငန်း အရွယ်အစားသတ်မှတ်ပြီးတော့ အဲဒီခေတ်က နိုင်ငံခြားငွေနှင့် စက်ပြီးဝယ်ရတဲ့ ကုန်ကြမ်း လောင်စာတွေထုတ်ပေးပါတယ်။ လုပ်ငန်းရှင်အသေး၊ အလတ်တွေဆီက ဘာပြန်တောင်းသလဲဆိုတော့ ဘဏ်မှာငွေစာရင်းထားဖို့လည်း တောင်းဆိုပါတယ်။ သို့သော်လည်းပဲ ငွေစာရင်းထားဖို့ ပြန်လည်တောင်းဆိုတယ်ဆိုတဲ့ အကြောင်းအရင်းကတော့ တိုင်းပြည်ကုန်ထုတ်လုပ်မှုတိုးတက်ဖို့ အခြားသောစီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖို့အတွက် တစ်ဖက်က ငွေကြေးစနစ်ကနေပြီးပြန်လည်

ထုတ်လုပ်နိုင်ဖို့ ကျွန်တော်တို့ ကုန်ထုတ်စာအုပ်တွေပေးထားတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ဘဏ်မှာ ငွေစာရင်း ထားပေးဖို့ အပြန်အလှန်ချုပ်ကိုင်တဲ့ သဘောတရားဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီဘဏ်ငွေစာရင်း ထားတဲ့အပေါ်မှာ လုပ်ငန်းရှင် အသေး၊အလတ်တွေက ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲ စတာတွေ လုပ်တဲ့အခါ မသုံးကြတဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့ တစ်ဖက်ကပြန်လည် ထောက်ကူမှု မျှော်လင့်ချက်ဟာ မထိရောက်ပဲရှိခဲ့ပါတယ်။ အဲဒီမှာဘဏ်ငွေစာရင်းမှာ အနည်းဆုံးထားနိုင်တဲ့ ကျပ် ၂၀၀ လောက်ပဲထားတာတွေ့ရပါတယ်။ အဲဒါအပြင်ပေါ့လေ အလုပ်သမား ဦးရေအလိုက် ကုန်ကြမ်း၊ လောင်စာ စသည်များထုတ်ပေးတဲ့ အပေါ်မှာ ပထမတော့ အလုပ်သမားတွေကို လျှော့ပြပါတယ်။ အခွန်ကြောက်လို့ပါ၊ သို့သော်လည်းပဲ ပစ္စည်းတွေရမှန်းသိတဲ့အခါကျတော့ အလုပ်သမားတွေကို တိုးပြီးတော့ပြကြပါတယ်။ ပံ့ပိုးခဲ့တဲ့ ကုန်ကြမ်းလောင်စာတွေကိုတော့ ရန်ကုန်မှာပဲ ထုတ်ရောင်းပြီး ငွေထုတ်ပိုက်ပြီးပြန်သွားကြတာတွေရှိပါတယ်။ အဲဒီတော့ကာ မူအားဖြင့် စက်မှုလုပ်ငန်းအသေး၊ အလတ်များကို နိုင်ငံတော်က ထောက်ပံ့ရမယ်၊ ထောက်ပံ့သင့်တယ်ဆိုတာကို နားလည် သဘောပေါက်ကြပါတယ်။ လက်ခံကြပါတယ်။ ဒါကို လုပ်မယ် ကိုင်မယ်ဆိုလို့ရှိရင် ခုနပြဿနာတွေ ကတော့ စီးပွားရေးသဘောတရားအရတော့ မြီစားနဲ့ မြီရှင်ကြားပြဿနာ၊ ပေးသူနဲ့ယူသူကြား ပြဿနာ၊ ဒီကြားမှာ ပြန်ချုပ်မက်လုံးလိုနေတာသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်တွေ့အကောင်အထည် ဖော်တဲ့ အခါမှာ SME ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများအတွက် နောက်ကလိုက်ပြီး လုပ်ရမယ့် ကြီးကြပ်စောင့်ကြည့် အရေးယူရေး လုပ်ငန်းအဖွဲ့အစည်းတွေဖွဲ့စည်းဖို့ သွားပြီးတော့လို ပါတယ်။ ခေတ်စကားနဲ့ ပြောရရင်တော့ ( Watch Stop )ဖြစ်ပါတယ်။ တစ်ဖက်ကလည်းပဲ ကျွန်တော်တို့ တိုင်းပြည်ရဲ့ စတုတ္ထမဏ္ဍိုင်လို့ဆိုကြတဲ့ Media တွေကလည်းပဲ ဝေဖန်ရေးသားမှု ထုတ်ဖော်ရေးသားမှု တွေလိုအပ်မှာဖြစ်ပါတယ်။ ဒါအပြင်ပေါ့လေ တကယ်တမ်းလုပ်မယ်ဆိုလို့ရှိရင် တိုင်းပြည်ရဲ့ စီးပွားရေးအရွယ်အစားနဲ့ အကျယ်အဝန်း (Micros Economic Size and Scope)အရ ဒီ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေကြားမှာ ကိုယ်ပိုင်အရင်းအနှီးနဲ့ အလုံ အလောက်၊ အမြောက်အများ တိုးချဲ့နိုင်စွမ်းတကယ်ပဲနည်းနေပါသလား၊ လောလောဆယ် လိုအပ်နေတာလား၊ တိုင်းပြည်စီးပွားရေးအတွက် ထူးခြားတဲ့ပို့ကုန်၊ အလုပ်အကိုင်စသည်များ တိုးတက်ဖို့ ရည်မှန်းချက် တစ်ခုချင်းအတွက် လိုအပ်တာလား စသည်ဖြင့် ခွဲခြားစုံစမ်း၊ လေ့လာ လုပ်ကိုင်ဖို့လိုပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ကာ နိုင်ငံသားအားလုံး ပိုင်ဆိုင်တဲ့ အရင်း၊ လူမှုအရင်း(Social Capital)ကို နိုင်ငံသားအားလုံး ခွဲဝေခံစားရယူရေး၊ လူမှုအကျိုး(Social Benefit) အတွက် သုံးစွဲရတာဖြစ်ပါတယ်။ ဒီတော့ကာ နိုင်ငံသားအားလုံးပိုင်ဆိုင်တဲ့ လူမှုအရင်းဟာ ရှားပါးပြီးတော့ ဦးစားပေးသုံးစွဲရတဲ့

သဘောတရားရှိပါတယ်။ (Crowding Out) လို့ခေါ်ပါတယ်။ အဲဒီဟာ အလွန်ထိရောက်မှု အရှိဆုံးနေရာမှာ သုံးစွဲပေးဖို့လိုပါတယ်။ Good Efficient Utilization of Social Capital ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များခင်ဗျား။ ဦးစိုးဝင်းရဲ့အဆိုကို နှုတ်နဲ့တင်ရာမှာ အတိုးမဲ့ချေးငွေ ဆိုတာမျိုးကြားရပါတယ်။ ပြိုကွဲပျက်စီးသွားခဲ့တဲ့ စီမံကိန်းချ နိုင်ငံတွေမှာသာ ကြားဖူးတဲ့အရာ ဖြစ်ပါတယ်။ ဈေးကွက် စီးပွားရေးမှာ ဘာမှအလကားမရပါဘူး။ (No Loan as free Loan) ဆိုတာပဲရှိပါတယ်။ ပြည်သူ့ဘဏ္ဍာပါ၊ ပြည်သူတွေရဲ့ လုပ်အားခ၊ ရတဲ့အခွန်တွေပဲ ဖြစ်ပါတယ်။ ဘဏ်တွေက ငွေဆိုတာ ပြည်သူတချို့ရဲ့ အောင့်အီးစောင့်စားခါးပတ်တင်းခြိုးခြံ စုဆောင်းမှုက လာတဲ့ငွေ ဖြစ်ပါတယ်။ အတိုးမဲ့ ချေးပါ၊ အလကားပေးပါဆိုတာမျိုးက မဖြစ်တန်ပါဘူး။ နောက်ဆုံး အနေနဲ့ အရပ်စကားနဲ့ပဲ ဆွေးနွေးချင်တာကတော့ ဒီလောက် ခေတ်စားတဲ့ SME စက်မှုလုပ်ငန်း များအား ဘဏ္ဍာရေးထောက်ပံ့ပေးရေးကို နိုင်ငံတော်ကလည်း မျက်ခြေပြတ်ခံပြီး သူများနောက်က လိုက်ရလောက်အောင် လက်ပိုက်ကြည့်နေခဲ့မှာ မဟုတ်ပါဘူး။ စောစောက မြင်းခြံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမြင့်လည်းအသေးစိတ်ထည့်သွင်း ဆွေးနွေး သွားပြီးဖြစ်ပါ တယ်။ တစ်ခါ နိုင်ငံတော်မှာ သွက်လက်ထက်မြက်တဲ့ပညာရှင်တွေ၊ စီးပွားရေး ခေါင်းဆောင်တွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေ၊ ခန့်ထား အသုံးချနိုင်မှု ရှိနေပါတယ်။ ဒါကြောင့် ဒီအဆိုမှာ လိုအပ်တာ ကတော့ အကောင်းမြင်မှုနဲ့ ဒီနေ့ခေတ်စားတဲ့ စကားလုံးပေါ့ လေ။ Trust ဆိုတာပေါ့။ ယုံကြည်မှု လိုအပ်ပါတယ်။ ဒီတော့ကာ ဒီအဆိုနဲ့ပတ်သက်လို့ ဆက်လက်အရေးယူ ဆောင်ရွက်ရန် လိုအပ်မယ် မထင်ကြောင်း ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၅၂။**

**ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည် ( အလုံ မဲဆန္ဒနယ် )။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး ကျက်သရေ မင်္ဂလာ အဖြာဖြာတို့ဖြင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်မှ ဦးခင်မောင်ရည်(ခ)ခိုင်မောင်ရည် ဖြစ်ပါတယ်။ ကျွန်တော် ယနေ့ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း အဆို တင်သွင်းတဲ့ အသေးစား၊အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ ပေးရေးအဆို ကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အဆိုတွင် ပါဝင်တဲ့

အသေးစား ၊ အလတ်စား စက်မှုလုပ်ငန်းများဟု ဆိုရာတွင် နိုင်ငံအတွင်း လက်ရှိလုပ်ကိုင်လျက်ရှိနေတဲ့ လုပ်ငန်း ပမာဏအလိုက် လူဦးရေ၊ ရင်းနှီးမြှုပ်နှံမှု ၊ ငွေကြေး ၊ လျှပ်စစ်ပါဝါသုံးစွဲမှု၊ ကုန်ထုတ်လုပ်မှု ပမာဏ စသည့်တို့ကို အခြေခံတဲ့ အသေးစား ၊ အလတ်စား စီးပွားရေး လုပ်ငန်းများ အားလုံးပါဝင် လိမ့်မယ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား ။ နိုင်ငံအသီးသီးတွင် ပုံသဏ္ဍာန် အမျိုးမျိုး၊ တည်ဆောက်မှု အမျိုးမျိုးဖြင့် မိမိနိုင်ငံနှင့်လိုက်လျောညီထွေဖြစ်ရန် စီးပွားရေး ပုံဖော်မှုများကိုလည်းပိုမို လုပ်ဆောင် လျက်ရှိနေကြပါတယ်။စီးပွားရေး လုပ်ငန်းများကိုလည်း အခြေခံအားဖြင့် ထုတ်လုပ်မှုကဏ္ဍ (Manufacturing)၊ ထုတ်လုပ်မှုမဟုတ်တဲ့ ကဏ္ဍ (Non- Manufacturing)နဲ့ ဝန်ဆောင်မှု ကဏ္ဍ (Services) အဖြစ် ခွဲခြားသုံးသပ်ကြတာကိုလည်း တွေ့ရ ပါတယ်။ ထုတ်လုပ်မှု လုပ်ငန်းများကနေ ထပ်ပြီးတော့ လုပ်ငန်းပမာဏ အပေါ် မူတည်၍ အသေးစား၊ အလတ်စား၊ အကြီးစားတို့ကို ထပ်မံခွဲခြား ထားပါတယ်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံမှာ ဆိုရင်လုပ်ငန်း ပိုင်းဆိုင်ရာကို လုပ်ငန်းပိုင်ဆိုင်မှု ပမာဏ (Total Assent) နဲ့ အဆောက်အဦ တန်ဖိုး မပါဘဲနဲ့ US ဒေါ်လာနှစ်သောင်း အောက်မှာ ရှိတဲ့ လုပ်ငန်းများကိုလည်း အသေးစားစီးပွားရေးလုပ်ငန်းအဖြစ် သတ်မှတ်ပြီးတော့ ဒေါ်လာ နှစ်သောင်းနဲ့ ဒေါ်လာတစ်သန်း ကြားလုပ်ငန်းများကို အလတ်စား စီးပွားရေးလုပ်ငန်းအဖြစ် သတ်မှတ်ထားတာကို တွေ့ရပါတယ်။ အင်ဒိုနီးရှား နိုင်ငံ၏ အသေးစား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး အေဂျင်စီ(The Agency For Development of Small Industry) ဟာ အသေးစား စီးပွားရေး လုပ်ငန်းများအစပျိုးရေး၊ လူသားအရင်းအမြစ်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး လုပ်ငန်းများ အပြန်အလှန် ချိတ်ဆက်ပေးရေး၊ စီးပွားရေးသုံးကိရိယာများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးကြပ်မတ်ပေးကြောင်းသိရပါတယ်။

ဩစတြေးလျနိုင်ငံမှာ ဆိုရင်လည်း လုပ်သားဦးရေ ၁၀၀ အောက်ရှိ Manufacturing ထုတ်လုပ်မှု ကဏ္ဍ ကို အသေးစား စီးပွားရေး လုပ်ငန်းအဖြစ် သတ်မှတ်ပြီးတော့၊ လုပ်သားဦးရေ ၁၀၀ မှ ၂၀၀ အောက် အထိ အလတ်စား စီးပွားရေး လုပ်ငန်းဟု လူတွေက ယေဘူယျ သတ်မှတ်ပါတယ်။ ဩစတြေးလျ၏ ဘဏ္ဍာရေးစနစ်ဟာ အကျိုးရှိထိရောက်မည့် စည်းမျဉ်းများဖြင့် စီးပွားရေး လုပ်ငန်းများအပေါ် တိုက်ရိုက်ကောင်းစွာ သက်ရောက်စေပါတယ်။ အစိုးရ ရဲ့ငွေကြေးဆိုင်ရာ မူဝါဒ မှ တစ်ဆင့် ဘဏ်တိုးနှုန်းများ လျော့ချခဲ့၍ အသေးစားစီးပွားရေး လုပ်ငန်းများရဲ့ ဘဏ္ဍာရေးစရိတ်များ သက်သာစေသည်ကိုလေ့လာသိရှိရပါတယ်။

ဥက္ကဌကြီးခင်ဗျား။ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ရန်ပုံငွေတစ်ရပ် ( Investment Fund ) ၊ ရင်းနှီးမြှုပ်နှံသူများ အကျိုးဖြစ်စေမယ့် အခွန်ခံစားခွင့်များ ရရှိစေခြင်း၊ ( The Pooled Development Fund ) ကဲ့သို့ အစိုးရမှ ထောက်ပံ့ပေးခြင်းများကိုလည်း လုပ်ဆောင်လျက်ရှိနေပါတယ်။ တဖန်စီးပွားရေးလုပ်ငန်းငယ်များရဲ့ ပူးပေါင်းသုတေသန စင်တာ ( Co-operation Research Centre ) များကို အစိုးရနှင့် ပုဂ္ဂလိက ရန်ပုံငွေတို့ဖြင့် မတည်ပြီးတော့ စင်တာပေါင်း ၆၀ ကျော် လောက်ရှိ တာကိုတွေ့ရပါတယ်။ ထိုအဖွဲ့များမှာ အဖွဲ့ဝင်ခြင်းဖြင့် ငွေကြေးအကူအညီ ရရှိနိုင်ပါတယ်။ နည်းပညာအကူအညီ ပေးရေးအစီအစဥ် ( Technology Support Centre Programmer ) ကို ရန်ပုံငွေခွဲဝေ ထူထောင်ထားပြီးတော့မှ စီးပွားရေးလုပ်ငန်းရှင်များဆက်သွယ် ဆောင်ရွက်နိုင်ကြပါတယ်။

ဂျပန်နိုင်ငံမှာ ဆိုလည်း အသေးစား၊ အလတ်စား ၊ အကြီးစား စက်မှု လုပ်ငန်းများကို Primary Industries ,Secondary Industries ,Tertiary Industries ဆိုပြီးတော့မှ ခွဲထားတာ တွေ့ရပါတယ်။ Primary Industries တွင် စိုက်ပျိုးရေး၊ သစ်တော နှင့်ရေထွက် ပစ္စည်းလုပ်ငန်းများ ပြီးတော့ မိရိုးဖလာ လုပ်ငန်းများတွေ ပါဝင်ပါတယ်။ Secondary Industries မှာ အလတ်စား၊ ဒုတိယတန်းစား စီးပွားရေးလုပ်ငန်းများအဖြစ် ထုတ်လုပ်မှု၊ သတ္တုတွင်း၊ဆောက်လုပ်ရေး တို့ပါဝင်ပါတယ်။ အဲဒီအထဲမှာ Manufacturing ထုတ်လုပ်မှုထဲမှာတော့ သံ၊ စတီး၊ Electrical ,Machine , Transportation Equipment, Chemicals, Plastics , နောက်ပျော့ဖတ်၊ စက္ကူ၊ ချည်ထည်၊ စားသောက်ကုန်နှင့် ဆေးလိပ်စတဲ့ ထုတ်လုပ်မှုလုပ်ငန်းများ ပါဝင်ပါတယ်။ Tertiary Industries မှာတော့ Non-Manufacturing ထုတ်လုပ်မှုမဟုတ်တဲ့ ကဏ္ဍမှာပါဝင်သော Services ကဲ့သို့ လုပ်ငန်းများ ပါဝင်ပါတယ်။ ထို့အပြင် (Small Scale ) ကဲ့သို့ လုပ်ငန်းများကိုလည်း အသိအမှတ်ပြုထား ပါတယ်။ ဥပမာ မြန်မာနိုင်ငံမှာဆိုရင် အိမ်တွင်းမှုလုပ်ငန်းတွေနဲ့တူပါတယ်။ အသေးစား စီးပွားရေး လုပ်တဲ့ မိရိုးဖလာလုပ်ငန်းလေးတွေ ၊ ဆေးလိပ်ခုံတို့၊ မုန့်ဟင်းခါးဖိုတို့ မုန့်လုပ်ငန်း တို့နဲ့လည်း ဆင်ဆင်တူပါတယ်။ နောက်ဂျပန်နိုင်ငံရဲ့ စက်မှုလုပ်ငန်း Basic law မှာ အသေးစား ၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု မြှင့်ပေးရန် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ၏ လုပ်ငန်းရှင် ၊ လုပ်သားများရဲ့ စီးပွားရေးနှင့် လူမှုရေး သာယာဝပြောမှု တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရန် ပါဝင်ကြောင်း လေ့လာသိရှိရပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့စီးပွားရေးလုပ်ငန်း စုစုပေါင်းရဲ့ ၉၉%ခန့်မှာလည်း အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းများဖြစ်ကြောင်း သိရှိရပါတယ်။ တစ်နိုင်ငံလုံးရဲ့လုပ်သားအင်အားစုမှာလည်း ၆၅ % ကျော်ခန့်ရှိကြောင်း သိရှိရပါတယ်။ အစိုးရမှ စီးပွားရေးလုပ်ငန်းအသေးစားနှင့်အလတ်စားများ ဖွံ့ဖြိုးရေးအဖွဲ့ ( The Bureau of Small & Medium Business Development )နှင့် အသေးစား

စီးပွားရေး လုပ်ငန်းများ အာမခံချက်နှင့်ငွေကြေးအဖွဲ့ ဆိုပြီးတော့ Small Business Guarantee & Financial Corporation တို့မှ ဘဏ္ဍာရေး အထောက်အပံ့များပေးလျက် ရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်နီးချင်းနိုင်ငံအစိုးရများရဲ့ ဆောင်ရွက်ပြီး၊ဆောင်ရွက်ဆဲ လုပ်ငန်းများ အဖြစ် ဤကဲ့သို့ လေ့လာတွေ့ရှိရပါတယ်။

- ခေတ်မမီတဲ့ စက်ပစ္စည်းများ၊ နည်းပညာနိမ့်ကျမှုများကို ဖြေရှင်းခြင်း၊
- ကျွမ်းကျင်လုပ်သားရှားပါးမှု၊ စီမံခန့်ခွဲမှုအတွေ့အကြုံနိမ့်ကျနေမှုမျိုး ကို ဖြေရှင်းခြင်း၊
- ထိရောက်မှု မရှိသော စီးပွားရေးမူဝါဒများ၊ ဥပဒေများ ကို ပြင်ဆင်ခြင်း၊
- ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှု အစီအစဉ်များအား သုံးသပ်ခြင်း၊ ပြောင်းလဲပေးခြင်း၊
- တိုင်းရင်းသားလုပ်ငန်းရှင်များကို ပြည်ပတွင် စီးပွားရေးလုပ်ကိုင်ခွင့်ပေးခြင်း၊
- နိုင်ငံခြားမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖက်စပ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခွင့်ပေးခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတိုင်းမှာ အသေးစား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဦးစားပေးဆောင်ရွက်နေကြတာကိုလည်း တွေ့နေရပါတယ်။ မိမိနိုင်ငံ မိမိအခြေအနေ ကမ္ဘာ့ရပ်ဝန်း အခြေအနေတို့ ကိုက်ညီအောင် ဆောင်ရွက်ကြရတာကိုလည်း တွေ့ရပါတယ်။ အခွန်ဝန်ထုပ်ဝန်ပိုး (Tax Burden) ၊ ဘဏ္ဍာရေးသုံးစွဲခွင့် ၊ (Access to Financing)၊ လုပ်ငန်းများအပေါ် နည်းပညာသက်ရောက်မှု ( The Impact of Technology on Small Business) စက်ကိရိယာများ ခေတ်မီရေး ၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဆောင်ရွက် ချက်များအတွက် မျှတသော အခွင့်အလမ်းများ၊ အာမခံပေးခြင်းတို့ကို လိုက်လျောညီထွေ ကျင့်သုံးနိုင်ဖို့ လိုပါမယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့အဖွဲ့အစည်းများ အသီးသီးပေါ်ပေါက်လျက် အသီးသီးဆောင်ရွက်မှုများကိုလည်း တွေ့ရှိရပါတယ်။ စောစောက ဦးဝင်းမြင့် ဆွေးနွေးထားသလိုပဲ မြန်မာနိုင်ငံမှာ အသေးစားစက်မှုလုပ်ငန်း၊ အကြီးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ၄၀၀၀၀ ကျော် ရှိတယ် ဆိုတာကို သိရှိရပါတယ်။ အဲဒီတော့ ဒီရှိနေတဲ့ စက်မှုလုပ်ငန်းများကိုလည်း ငွေကြေးထောက်ပံ့မှု အစီအစဉ်တွေ နည်းမျိုးစုံ ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။ အသေးစားငွေချေးခြင်း လုပ်ငန်းများကိုလည်း အဖွဲ့အစည်းအမျိုးမျိုးနဲ့ ပုံစံအမျိုးမျိုးဖြင့် ချေးပေးနေကြခြင်းများလည်း

သိရှိရပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောရမယ်ဆိုရင် ဟိုအရင်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကနေ ရန်ကုန်မှာ ၊ လမ်းဘေးမှာကူးသန်း ရောင်းဝယ်ဖောက်ကား နေကြတဲ့ ဈေးရောင်းဈေးဝယ်လုပ်နေကြတဲ့ ဈေးသည်များကို ဝိုင်းကြီးချုပ်စနစ်ဖြင့် ငွေချေးပေးခဲ့ တာတွေ အဲလို အစီအစဉ်တွေရှိခဲ့တာကိုလည်း သိရပါတယ်။ ဒါ အခုလတ်တလောမှာလည်း ရန်ကုန်တိုင်းဒေသကြီး မြို့ပေါ်ရပ်ကွက်များမှာတောင် အဖွဲ့အစည်းတစ်ခုမှ တစ်ဦးလျှင် ငွေ ၅၀၀၀၀ ကျပ်ကို အတိုးနှုန်း ၂ ကျပ်နဲ့ အသေးစားထုတ်ချေးတဲ့ အစီအစဉ်များ ယခုရက်ပိုင်းမှာ လုပ်ဆောင်နေတာကိုလည်း တွေ့ရပါတယ်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့လူမျိုးဟာ စေတနာမနည်း သည့် လူမျိုးအဖြစ် ဂုဏ်ယူရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ် ဆွေးနွေးတင်ပြရလျှင် ကျွန်တော်တို့နိုင်ငံရဲ့ အဓိက အားထားနေရ သော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု မြင့်မားမှသာ ရေမြင့်မှ ကြာတင့်မည်ဖြစ်ပါတယ်။ ယခုဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများ၊ ပိုမိုများပြားလာသော စီးပွားရေးလုပ်ငန်းများတို့ကို ပိုမိုကောင်းမွန်တိုးတက်သည်ထက် ကောင်းမွန်တိုးတက်ရန် ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်သစ်ဆီသို့ ရှေ့ရှုရမည့် အစိုးရသစ်တို့မှ ပိုမိုတိုးတက်သော အတွေးအခေါ် အကြံအစည်သစ်များဖြင့် မိမိတို့၏ ကိုယ်ကျိုး၊ အတ္တတို့ကိုစွန့်၍ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် စေတနာမှန်စွာ ပူးပေါင်းပါဝင်ကူညီသော တည်ဆောက်မှုပုံစံများဖြင့် ဆောင်ရွက်ကြလျှင် မလွဲ မသွေ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စွာ လည်ပတ်နေသော နိုင်ငံတော်သစ် ဖြစ်လာမှာဖြစ်ပါ တယ်။ စီးပွားရေးလုပ်ငန်းများအား အပြည့်အဝ မဖြစ်မနေ ထောက်ပံ့ရန်ကဲ့သို့မဟုတ်ဘဲ အကျိုးရှိစွာ ထိရောက်သော ငွေကြေးအကူအညီ ပေးရေးအစီအစဉ်တစ်ရပ်အဖြစ် တိတိကျကျ ပေါ်ပေါက်လာရန် ဝိုင်းဝန်းအကောင်အထည်ဖော်ပေးစေလိုပါတယ်လို့ ဆွေးနွေးရင်း စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ အထက်ပါအဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ စားသုံးရန်အတွက်အစည်းအဝေးကို ၄၅ မိနစ်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အချိန်၊ ၁၃း၅၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ နမ္မတူမဲဆန္ဒနယ် မှ ဦးစိုင်းအောင်လှအား ဆက်လက်ဆွေးနွေးပါရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၀၂။**

**ဦးစိုင်းအောင်လှ(နမ့်တူ မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ နမ့်တူ မြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်လှ ဖြစ်ပါတယ်။ ကျွန်တော်က စမ်းချောင်း မြို့နယ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းတင်ပြတဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေးဆိုတဲ့ အဆိုကို ထောက်ခံ ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဟာ အာဆီယံ ၁၀ နိုင်ငံအသင်းဝင် တစ်နိုင်ငံဖြစ်ပြီး နောက် ငါးနှစ်ကြာတဲ့အခါမှာ (AFTA) လို့ ခေါ်တဲ့(Asean Free Trade Area) ထဲမှာ ပါဝင်လာတော့မှာ ဖြစ်ပါတယ်။ ဤစာချုပ်ရဲ့ သဘောအဓိပ္ပါယ်အရ အာဆီယံ ၁၀ နိုင်ငံအတွင်းမှာ လွတ်လွတ်လပ်လပ် အကောက်ခွန်မဲ့ ကူးသန်း ရောင်းဝယ်နိုင်တော့မှာ ဖြစ်တာမို့ ကျွန်တော်တို့မှာ ရောင်းစရာပစ္စည်းမရှိရင် အရောင်းခံရတော့မှာ ဖြစ်ပါတယ်။ အရောင်းခံရတယ်ဆိုတာ သူများက၊ သူတို့နိုင်ငံက ဈေးပေါပေါနဲ့ ထုတ်လုပ်ထားတဲ့ ပစ္စည်းတွေကို ကျွန်တော်တို့နိုင်ငံက ထုတ်လုပ်တဲ့ပစ္စည်းတွေနဲ့ အပြိုင် လာရောက်ရောင်းချတော့မှာ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့နိုင်ငံက အခွန်အကောက်တံတိုင်းနဲ့ တားဆီးခွင့်မရှိပါဘူး။ ဒီအိမ်နီးချင်းအာဆီယံနိုင်ငံက ပစ္စည်းတွေနဲ့ ယှဉ်ပြိုင်ရောင်းချနိုင်ဖို့ ပြင်ဆင်ချိန် ငါးနှစ်နီးပါး ရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့တစ်တွေရဲ့ အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းကလေးတွေ စံချိန်စံညွှန်းမီမီနဲ့ ရပ်တည်ထုတ်လုပ်နိုင်ပါမှ ဒေသအတွင်းမှာ အပြိုင်အဆိုင်၊ အနိုင်အစွမ်းရှိမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စက်မှုကုန်ထုတ်ပစ္စည်းတွေက အဲဒီအချိန်မှာ စံချိန်မမီ၊ အရည်အသွေး မပြည့်မီဖြစ်နေရင် ဈေးကွက်မှာ အပြိုင်အဆိုင်၊ အနိုင်စွမ်းအား ကျဆင်းပြီး တဖြည်းဖြည်း ကျွန်တော်တို့လုပ်ငန်းတွေ ပျက်စီးချုပ်ငြိမ်းသွားမှာဖြစ်ပါတယ်။

နောက်တစ်ချက်က ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့က ထုတ်ပြန်ကြေညာလိုက်တဲ့ အထူးစီးပွားရေးဇုန် ဥပဒေအခန်း (၅) အပိုဒ် ၁၆ အပိုဒ်ခွဲ (ဃ)တွင် ဖော်ပြထားချက်အရ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများမှ ထုတ်လုပ်သည့် ဆေးဝါးများနဲ့ စားသောက်ကုန်ပစ္စည်းများမှအပ စံချိန်စံညွှန်း မမီသော်လည်း အသုံးပြု၍ရသော အခြား ပစ္စည်းများအား စီမံခန့်ခွဲမှုကော်မတီ၏ သတ်မှတ်ချက်နှင့် အညီ ပြည်တွင်းဈေးကွက်၌ ရောင်းချခြင်းကို ခွင့်ပြုထားတာကြောင့် အထူးစီးပွားရေးဇုန်မှာ လာရောက်ရင်းနှီးမြှုပ်နှံကြမယ့် နိုင်ငံခြားကုမ္ပဏီများရဲ့ စံချိန်မမီသော်လည်းဈေးပေါတဲ့ပစ္စည်းနဲ့လည်း ယှဉ်ပြိုင်ရဖို့ ရှိနေပါတယ်။ ဒီ နိုင်ငံခြားကုမ္ပဏီများဟာ မြန်မာနိုင်ငံရဲ့ အထူးစီးပွားရေးဇုန်မှာ

ထုတ်လုပ်ကြခြင်းဖြစ်တာကြောင့် အခွန်ကင်းလွတ်ခွင့်များကိုလည်း နှစ်အချို့ရရှိထားမှာဖြစ်တဲ့ အတွက် ပြည်တွင်းဖြစ် ကုန်ပစ္စည်းများထက် ယှဉ်ပြိုင်နိုင်စွမ်းအား ပိုမိုသာလွန်နိုင်ပါတယ်။ ဒီလို အခြေအနေတွေရှိနေတာကြောင့် ကျွန်တော်တို့နိုင်ငံသားများ ပိုင်ဆိုင်တဲ့ အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းများကို နိုင်ငံတကာထုတ်ကုန်ပစ္စည်းများနဲ့ ယှဉ်ပြိုင်နိုင်စွမ်း ရှိတဲ့ အရည်အချင်းပြည့် ထုတ်ကုန်ပစ္စည်းများအဖြစ် မြှင့်တင်နိုင်ရန်မှာ သိပ်အရေးကြီးလှတဲ့ လက်ငင်း ဆောင်ရွက်ရမယ့် တာဝန်တစ်ရပ်ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအရည်အသွေးကောင်း နိုင်ငံတကာစံချိန်မီ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ဖို့ ကျွန်တော်တို့ရဲ့ အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းများကို နိုင်ငံတော်နဲ့ ပုဂ္ဂလိက ဘဏ်များက ငွေရေးကြေးရေးအရ အတိုးမဲ့ဖြစ်စေ၊ အတိုးနှုန်းနည်းနည်းနဲ့ဖြစ်စေ ကူညီထောက်ပံ့ဖို့ လိုအပ်ပါတယ်။ ခေတ်မီနည်းပညာများ တိုးတက်ရရှိရေးကိုလည်း နိုင်ငံတော်အစိုးရက အားပေး ကူညီစေလိုပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောလိုတာက နောင်လာမယ့် ငါးနှစ် အတွင်းမှာ ကျွန်တော်တို့နိုင်ငံဟာ အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းများကို ငွေကြေးတောင့်တောင့် တင်းတင်းနဲ့ ကမ္ဘာ့အဆင့်မီ စက်မှုလုပ်ငန်းများအဖြစ် မထူထောင်ထားနိုင်ရင် အမျိုးသားစီးပွားရေး တစ်ရပ်လုံး နစ်နာထိခိုက်သွားနိုင်တာမို့ ဦးစိုးဝင်းတင်ပြတဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေးဆိုတဲ့ အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၂။**

**ဦးလွင်ဦး(သန်လျင် မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စမ်းချောင်းမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း အဆိုပြုထားတဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ အတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး အဆိုပြုတင်ပြလာခြင်းအပေါ် အကြံပြုဆွေးနွေး သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်တဲ့နေရာမှာ စက်မှုလက်မှုနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍကို အခြေခံပြီး စက်မှုလက်မှုနဲ့ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အကြီးစားစီးပွားရေးလုပ်ငန်းကြီးများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့

အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများပါ သဟဇာတ မျှတအောင် ဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ ဒါမှသာ နိုင်ငံတော်က ကျင့်သုံးတဲ့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်လာမှာဖြစ်သလို လူလတ်တန်းစားနဲ့ လူတန်းစားအလွှာအသီးသီးဟာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ အဲဒီလို အောင်မြင်ရန်အတွက် အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းများအတွက် ချေးငွေပံ့ပိုးခြင်းဟာ အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ စိုက်ပျိုးရေးအခြေအနေကောင်းတွေကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး စက်မှုနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိရာမှာ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အထူးပင် အရေးကြီးပါတယ်။ အဲဒီလုပ်ငန်းများ ဖွံ့ဖြိုးအောင် ဆောင်ရွက်ရာမှာ ထိရောက်တဲ့ ငွေကြေးအကူအညီများ ထုတ်ချေးပေးရန်လည်းလိုပါတယ်။ အသေးစားနဲ့အလတ်စားစက်မှုလုပ်ငန်းများကို အဓိပ္ပါယ်ဖွင့်ဆိုတဲ့အခါမှာ လုပ်သားဦးရေအားဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရတဲ့ ငွေကြေးပမာဏကို အခြေခံ၍လည်းကောင်း အဓိပ္ပါယ် ဖွင့်ဆိုတဲ့အတွက် အသေးစားနဲ့အလတ်စားစက်မှုလုပ်ငန်း အောင်မြင်ရေးမှာ ချေးငွေထုတ်ချေးခြင်းဟာ အရေးကြီးပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်ဘဏ်များနဲ့ ပုဂ္ဂလိကပိုင်ဘဏ်များကနေပြီး တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနဲ့အညီ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်သွယ်မှုနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းစတဲ့ လုပ်ငန်းကဏ္ဍအသီးသီးမှာ ချေးငွေများ စိစစ်ထုတ်ပေး နေသလို စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို ငွေများထုတ်ချေးပေးလျက်ရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ လက်ရှိဘဏ်များမှ ထုတ်ချေးပေးလျက်ရှိတဲ့ စက်မှုလက်မှုလုပ်ငန်းမှာ အများအားဖြင့် အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းများသာဖြစ်ပြီးတော့ စုစုပေါင်း ချေးထားပေးတဲ့ငွေရဲ့ ၂၀ ရာခိုင်နှုန်းခန့် ဟာ အဲဒီ အသေးစားနဲ့အလတ်စားစက်မှုလုပ်ငန်းများအတွက်သာ ဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်။ နိုင်ငံတော် အနေနဲ့စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်များမှ ဘဏ္ဍာငွေများ ဖြည့်ဆည်းပေးလျက် ရှိတာတွေ့ရပါတယ်။ နိုင်ငံတော်အနေနဲ့ အသေးစားနဲ့အလတ်စားစက်မှု လုပ်ငန်းများသို့ ငွေထုတ်ချေးတဲ့အခါမှာ အခြားကဏ္ဍများသို့ ငွေထုတ်ချေးခြင်းထက် သက်သာတဲ့အတိုးနှုန်းထားနှင့် ထုတ်ချေးရန် မြန်မာနိုင်ငံဗဟိုဘဏ်မှ ဘဏ်များအားလုံးကို ညွှန်ကြားထားပြီး ဘဏ်များအားလုံးကလည်း ညွှန်ကြားချက်နဲ့အညီ အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများကို ချေးငွေများ ထုတ်ပေးလျက်ရှိပါကြောင်း လေ့လာသိရှိရပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ချေးငွေကို ထုတ်ယူတဲ့အခါမှာ နိုင်ငံတော်ဘဏ္ဍာငွေကို အကျိုးရှိစွာ အသုံးချနိုင်ရန် လိုအပ် မှာဖြစ်ပြီးတော့ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကို အဓိကမထားဘဲနဲ့ ချေးငွေရရှိရေးကိုသာ အဓိကထားပြီး ဆောင်ရွက်နေကြတဲ့အတွက် ဘဏ်များကနေပြီး တရားလိုပြုလုပ်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်မှုများ ရှိတာကိုလည်း လေ့လာသိရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ အသေးစားနဲ့အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရာမှာ ချေးငွေများအား ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပေးတဲ့ အတွက်ကြောင့် နိုင်ငံတော်ရဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုခြင်း၊ ပြည်ပ သွင်းကုန်အစားထိုး စက်မှုပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ နိုင်ငံခြားသုံးငွေ ချွေတာစုဆောင်းနိုင်ခြင်း၊ ကုန်ချောပစ္စည်းများထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်သဖြင့် နိုင်ငံခြားသုံးငွေရရှိခြင်း၊ နိုင်ငံသား များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် နိုင်ငံတော်မှ ကျင့်သုံးဆောင်ရွက်လျက် ရှိတာကို တွေ့ရှိရပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုဖြစ်ဖို့ စက်မှုဖွံ့ဖြိုးရေးကို ဦးစားပေး အလေးထား ဆောင်ရွက်နေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ တိုးချဲ့ လာတာနဲ့အမျှ ချေးငွေထုတ်ချေးပေးရေးအတွက်လည်း ပြင်ဆင်ထားပြီး ဖြစ်တယ်ဆိုတာ လေ့လာ သိရှိရပါတယ်။ နိုင်ငံတော်နဲ့ စက်မှုလုပ်ငန်းရှင်များရဲ့ တက်ညီလက်ညီ နိုးကြားစွာဆောင်ရွက်လာတဲ့ အတွက်ကြောင့် မြင်းခြံမြို့နယ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဆွေးနွေး သွားတဲ့အထဲမှာ စက်မှု လက်မှုကဏ္ဍတိုးတက်မှုကို ကိန်းဂဏန်းများနဲ့ ဖော်ပြသွားတာကို လေ့လာတွေ့ ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများမှ ချေးငွေရရှိရေးအတွက် မှတ်ပုံမတင်ရသေးတဲ့ လုပ်ငန်းပေါင်း ၅၀၀၀၀ကျော် ရှိနေတာကိုလည်း လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ အသေးစား၊အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်သာတဲ့ ဘဏ်အတိုးနှုန်းနဲ့ ငွေထုတ်ပေးခြင်း၊ နည်းပညာတိုးတက် ရေးအတွက် ဆောင်ရွက်ပေးခြင်း၊စီမံခန့်ခွဲမှုအတတ်ပညာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေး ခြင်း၊ ဝယ်လိုအားနှိုးဆွပေးခြင်း အပြင် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် မြန်မာ့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီတို့ကို ဖွဲ့စည်းပြီးအားပေးဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ စမ်းချောင်းမြို့နယ် မဲဆန္ဒနယ်မှ ကိုယ်စားလှယ်ကြီး ဦးစိုးဝင်း တင်ပြသွားတဲ့ အဆိုနဲ့ပတ်သက်ပြီး ပြောကြားရရင် နိုင်ငံတော်အတွင်းမှာရှိတဲ့ ဘဏ်များအနေနဲ့ ငွေရေးကြေးရေး အဖွဲ့အစည်းများရဲ့ ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနဲ့အညီ လုပ်ငန်းကဏ္ဍပေါင်းစုံနဲ့ အသေးစား၊

အလတ်စားစက်မှုလုပ်ငန်းများသို့ ချေးငွေများထုတ်ချေးပေးလျက် ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီအတွက် ကိုယ်စားလှယ်ကြီး ဦးစိုးဝင်းတင်ပြသွားတဲ့ အဆိုနဲ့ပတ်သက်ပြီး ပြောကြားရရင် နိုင်ငံတော်အတွင်းမှာရှိတဲ့ ဘဏ်များအနေနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းများရဲ့ ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနဲ့အညီ လုပ်ငန်းကဏ္ဍပေါင်းစုံနှင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများသို့ ချေးငွေများ ထုတ်ချေးပေး လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ် ။ အဲဒီအတွက် ကိုယ်စားလှယ်ကြီး ဦးစိုးဝင်းတင်ပြတဲ့ အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးရေးအဆိုဟာ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းတွေ ဖြစ်နေတဲ့အတွက်ကြောင့် အဲဒီအဆိုကို ထပ်မံအဆိုပြုရန် မလိုအပ်တော့ဘူးလို့ ယူဆပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးစိုးဝင်း၊စမ်းချောင်းမဲဆန္ဒနယ်၏အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ တာဝန်ရှိသူမှ ပြန်လည်ရှင်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန် ၊ ၁၄း၁၀ ။**

**ဦးလှထွန်း(ဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းဖြစ်ပါတယ်။ ခုနကကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ အသေးစား၊အလတ်စား စက်မှုလုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး အစီအစဉ်အရချေးငွေ ထုတ်ပေးနိုင်ပါရန် စက်မှုလုပ်ငန်းများအတွက် တရားဝင်ငွေချေးခွင့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရေးအဆိုကို တင်ပြလာတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်ရှေ့က လွှတ်တော်ကိုယ်စားလှယ် ခုနှစ်ဦးလည်း မိမိတို့ရဲ့ သုံးသပ်ချက်များကို ရင်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေး သွားတဲ့အတွက် အင်မတန်မှလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ကျွန်တော်ကတော့ ပြည်ထောင်စု ကိုယ်စားလှယ် တာဝန်ရှိသူဖြစ်တဲ့အတွက် ကနေ့နိုင်ငံတော်အနေနဲ့ SME လို့ခေါ်တဲ့ Small and medium size enterprise လုပ်ငန်းတွေ၊ စက်မှုလုပ်ငန်းတွေ အပါအဝင်ပေါ့၊ ဒီအပေါ်မှာ ကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်နေတဲ့ အနေအထားတွေကို ရှင်းလင်းဆွေးနွေး

တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာလက်ရှိမှာ အာဆီယံရဲ့ အသေးစားနဲ့ အလတ်စား လုပ်ငန်းများလို့ခေါ်တဲ့ ခုနက (ASEAN SME WG) Working group အဖွဲ့ဝင် နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒီအဖွဲ့ဝင် နိုင်ငံဖြစ်တဲ့နည်းတူ ကျွန်တော်တို့ ASEAN ၁၀ နိုင်ငံအပြင် နောက်ထပ်ကျွန်တော်တို့ +3 လို့ခေါ်တဲ့ တရုတ် ၊ ဂျပန် ၊ ကိုးရီးယား အပါအဝင် ကျွန်တော်တို့ပေါင်းစည်းပြီးတော့ လုပ်ငန်းတွေ ကျွန်တော်တို့ ဆောင်ရွက်နေတာ Focal Point အနေနဲ့ကတော့ ကျွန်တော်တို့ အမှတ်(၂) စက်မှုဝန်ကြီးဌာနက တာဝန်ယူပြီးတော့ လုပ်ငန်းတွေကို ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ လုပ်ငန်းရဲ့ ရည်မှန်းချက်တွေ၊ ASEAN ဒေသအတွင်းမှာရှိတဲ့ ရည်မှန်းချက်တွေ များစွာချပြီးတော့ ASEAN ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်တော်တို့ နိုင်ငံအနေနဲ့ လက်တွဲပူးပေါင်း ပါဝင်ပြီး ဆောင်ရွက်နေတဲ့ နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ နဂိုကလည်း ကျွန်တော်တို့နိုင်ငံက ဒီဘက်ပိုင်းမှာ စက်မှုဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အားပေးပြီးတော့မှ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ အများကြီးရှိပါတယ် ။ လက်ရှိမှာ ကျွန်တော်တို့ စက်မှုဇုန်ကြီး ၁၈ ဇုန်၊ ဇုန်ခွဲပေါင်း ၂၈ ခု ဒါတွေကိုလည်း ကျွန်တော်တို့ တည်ထောင်ပြီးမှ တာဝန်ချထားပြီးတော့ နိုင်ငံတော်အဆင့်ရှိတဲ့ ပုဂ္ဂိုလ်တွေကိုယ်တိုင် သွားရောက်ကူညီ ကြီးကြပ်ဝိုင်းဝန်းဆောင်ရွက်မှုတွေနဲ့ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်အောင် တစိုက်မတ်မတ် ဆောင်ရွက်နေတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ဒီစက်မှုဇုံတွေကို ၂၀၁၀-၂၀၁၁ ဖေဖော်ဝါရီ လကုန်အထိ ကျွန်တော်တို့ စာရင်းဇယားတွေအရပေါ့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ ခုန SME လုပ်ငန်းတွေအပါအဝင် စက်မှုဇုန် အသီးသီးရဲ့ လုပ်ငန်းအရေအတွက်ကို ကျွန်တော်ရရှိထားတဲ့ စာရင်းအရဆိုရင် ၄၃၅၀၄ ခု ရှိပါတယ်။ ဒါကတော့ အားလုံးကျွန်တော်တို့ရဲ့ ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင်ထားတဲ့လုပ်ငန်း အရေအတွက်ဖြစ်ပါတယ်။ ဒီ ၄၀၀၀၀ ကျော်ထဲကနေ အကြီးစား စက်မှုလုပ်ငန်းတွေကို ပြန်ကြည့်ရင် ၄၁၈၆ ခု ၊ ရာခိုင်နှုန်းအားဖြင့် ၉.၆၂ ရာခိုင်နှုန်း ၊ အလတ်စားစက်မှု လုပ်ငန်းတွေက ၆၉၉၂ ခု ၊ ရာခိုင်နှုန်းအားဖြင့် ၁၆.၀၇ ရာခိုင်နှုန်း ၊ အသေးစား လုပ်ငန်းက ၃၂၃၂၆ ခု၊ ရာခိုင်နှုန်းအားဖြင့် ၇၄.၃၁ ရာခိုင်နှုန်းနဲ့ ကျွန်တော်တို့ မှတ်ပုံတင် လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့ စက်မှုလက်မှုလုပ်ငန်းများအတွက် ကျွန်တော်တို့ ပံ့ပိုးရတဲ့အပိုင်းတွေက များပါတယ်။ ကနေ့ကျွန်တော်တို့ ဆွေးနွေးနေတဲ့ ငွေရေး၊ ကြေးရေးအပိုင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ချေးငွေတွေကို လက်ရှိအခြေအနေမှာ နိုင်ငံတော်ဘဏ်တွေကနေပြီးမှ ပံ့ပိုးပေးနေသလို ပုဂ္ဂလိကဘဏ်တွေကလည်း ပံ့ပိုးပေးပါတယ်။ အဓိကပံ့ပိုး ပေးနေတဲ့ ဘဏ်ကတော့ ကျွန်တော်တို့ နိုင်ငံပိုင်ဘဏ်ဖြစ်တဲ့ မြန်မာ့စီးပွားရေးဘဏ် ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်များမှ ပြည်တွင်း

လုပ်ငန်းတွေ ဖြစ်တဲ့အတွက် ကျပ်ငွေကို ကျွန်တော်တို့ ပံ့ပိုးဆောင်ရွက် ပေးနေပါတယ်။ အလားတူပဲ ခုနပြောတဲ့ ပုဂ္ဂလိကဘဏ်တွေကလည်း အထိုက်အလျောက် ကူညီဆောင်ရွက် ပေးနေပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ သာမန် လုပ်ငန်းတွေနဲ့ ပတ်သက်ရင်တော့ သက်မှတ်ထားတဲ့ အတိုးနှုန်းနဲ့ပဲ ကျွန်တော်တို့က ဆောင်ရွက်ပြီးတော့ အထူးစီမံကိန်း လုပ်ငန်းတွေကိုတော့ သက်သာတဲ့နှုန်းနဲ့ ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ရဲ့ လက်ရှိသတ်မှတ်ထားတဲ့ အတိုးနှုန်းက (၁၇) ရာခိုင်နှုန်း၊ အထူးစီမံကိန်းတွေကိုတော့ (၁၅) ရာခိုင်နှုန်း စသည်အားဖြင့် လျှော့ပေါ့ပြီးတော့ ကျွန်တော်တို့ ထောက်ပံ့ပေးနေပါတယ်။ အပြင်ထက် အများကြီးသက်သာ အောင်ဆောင်ရွက် ပေးပါတယ်။ အဲ့ဒီတော့ လက်ရှိမှာလည်း ကျွန်တော်တို့ ပုဂ္ဂလိကဘဏ်တွေ ထပ်မံတိုးချဲ့ပြီးတော့မှ နိုင်ငံတော်ရဲ့ စီးပွားရေး ယန္တရားကြီး ငွေရေးကြေးရေး လည်ပတ်ဖို့အတွက်၊ ဆောင်ရွက်နိုင်ဖို့အတွက်ကို လက်ရှိ ၁၉ ဘဏ် ၊ ဒီ ၁၉ ဘဏ်ထဲမှ တကယ့် အဓိကကတော့ ကျွန်တော်တို့ မြန်မာ့စက်မှု လက်မှုဖွံ့ဖြိုးရေးဘဏ်၊ နာမည်ကိုက မြန်မာ့စက်မှု လက်မှုဖွံ့ဖြိုးရေးဘဏ်ဖြစ်ပြီး စက်မှုလက်မှုလုပ်ငန်းတွေကို ပံ့ပိုးဆောင်ရွက်ဖို့အတွက် ဦးတည်ပြီး ကျွန်တော်တို့ဖွဲ့စည်းထားပါတယ်။ အလားတူပဲ မြန်မာ့စီးပွားရေးဘဏ် လက်အောက်မှာလည်း စက်မှုလက်မှု ငွေချေးဌာနဆိုတာ သတ်သတ် ဖွဲ့စည်းထားပါသေးတယ်။ အဲ့ဒီစက်မှုလက်မှု ငွေချေးဌာန ကလည်း ဒီလုပ်ငန်းတွေကို သတ်သတ်လုပ်ဖို့ ကျွန်တော်တို့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒီလိုအဓိကအားဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ချေးငွေထုတ်ချေးဖို့အတွက် လက်ရှိ မြန်မာ့ စီးပွားရေးဘဏ်နှင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် နှစ်ခုပေါင်းရဲ့ ချေးငွေတွေကို ပြန်ကြည့်လိုက်တဲ့အခါမှာ သူတို့ချေးထားတဲ့ ၅၅ ရာခိုင်နှုန်းဟာ စက်မှုလုပ်ငန်း တွေအတွက် ချေးထားတာ ဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့ ထုတ်ပေးလျက်ရှိတဲ့ စက်မှုလုပ်ငန်း အမျိုးအစားတွေကို ပြန်ကြည့်လိုက်ရင်လည်းပဲ မော်တော်ယာဥ်နှင့် မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေး လုပ်ငန်း ၊ ကားဘော်ဒီ ထုတ်လုပ်ရေးလုပ်ငန်း ၊ သံရည်ကျိုခြင်းလုပ်ငန်း ၊ သံနန်းဆွဲလုပ်ငန်း၊ လယ်ယာသုံး ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း ၊ ချည်မျှင်စက် ၊ ယက်ကန်းစက်၊ ဝါကြိတ်စက် လုပ်ငန်း ၊ ဆီကြိတ်စက်လုပ်ငန်း၊ ပလပ်စတစ်လုပ်ငန်း ၊ စက္ကူစက်လုပ်ငန်း ၊ ဆပ်ပြာစက်လုပ်ငန်း၊ သစ်ခွဲစက် လုပ်ငန်းနှင့် CNG ဓါတ်ငွေ့သုံးယာဥ်တွေ ပြောင်းလဲတဲ့ လုပ်ငန်း တွေကို ကျွန်တော်တို့ ချေးငွေတွေ ပံ့ပိုးပြီးတော့ ဆောင်ရွက်ပေးထားပါတယ်။ ဒီလိုချေးငွေတွေ ပံ့ပိုးဆောင်ရွက်တဲ့နေရာမှာ ဒီအတိုင်း အလွတ်လုပ်နေတာ မဟုတ်ပါဘူး ကျွန်တော်တို့ နိုင်ငံမှာ ၁၉၉၀ ပြည့်နှစ် ၊ မြန်မာနိုင်ငံတော်ရဲ့ ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ထုတ်ပြန်ထားတာရှိပါတယ်။ ဒီထုတ်ပြန်ချက်အရ

ကျွန်တော်တို့ဟာချေးငွေလုပ်ငန်းတွေကို အာမခံမဲ့နဲ့လည်း ထုတ်ပေးလို့ရပါတယ်။ အာမခံနဲ့လည်း ထုတ်ပေးလို့ရပါတယ်။ သို့သော် ဒီလိုပြောတဲ့နေရာမှာ လက်လွတ်စပယ် လုပ်လို့ မရတာတွေရှိပါတယ်။ ဥပမာ ၂၀၀၃ ခုနှစ် ကအားလုံးလည်း ဒီငွေရေးကြေးရေး အကြပ်အတည်းမှာ တချို့တလေလည်း ကိုယ်တိုင်ပါဝင် ခံစားရတာလည်းရှိပါတယ်။ ကျွန်တော်တို့ လုပ်ငန်းတွကေနပြီးတော့ စည်းမဲ့ကမ်းမဲ့နဲ့ ငွေတွေစုဆောင်းပြီး အတိုးတွေ ပေးမယ်ဆိုပြီးတော့မှ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေကြောင့် ကျွန်တော်တို့ ဘဏ်တွေမှာလာရောက် ဂယက်ရိုက်ပြီးတော့ ကျွန်တော်တို့ ဘဏ်ထဲကချေးထားတဲ့ ငွေတွေဆုံးရှုံးတာတွေရှိပါတယ်။ ဘဏ်အပ်ငွေတွေကို လာရောက်ပြီးတော့မှ ထုတ်ယူတဲ့အတွက်ကြောင့်မို့လို့ အပ်ငွေတွေကို အလျင်မီအောင် ပေးနိုင်ဖို့ အတွက် ကျွန်တော်တို့ဆောင်ရွက်ခဲ့ရတဲ့အတွက်ကြောင့် အဲ့ဒီ ၂၀၀၃ခုနှစ်မှာ ကျွန်တော်တို့ ဘဏ်များရဲ့ အကြပ်အတည်းဟာ တော်တော်ကို ဂယက်ရိုက်ခဲ့ရပါတယ်။ စည်းကမ်းမရှိတဲ့ ဘဏ်တွေကိုလည်း ကျွန်တော်တို့ဖျက်သိမ်းခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ ငွေရေးကြေးရေးစနစ်ဟာ တည်ငြိမ်မှ ဘဏ်လုပ်ငန်း စနစ်တွေဟာ သက်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းနည်းဥပဒေတွေနဲ့ လိုက်နာဆောင်ရွက်မှ တိုင်းပြည်ငွေရေးကြေးရေးတည်ငြိမ်ပြီး တိုင်းပြည်နိုင်ငံရေးတည်ငြိမ်မှာ ဖြစ်ပါ တယ်။ ဒါကြောင့် ၂၀၀၃ ခုနှစ်မှာ ကျွန်တော်တို့ ဒီအတွေ့အကြုံတွေကိုယူပြီးတော့ တချို့ စွန့်စားရမယ့်၊ ဆုံးရှုံးရမယ့် ကိစ္စတွေကို ကာကွယ်နိုင်ဖို့အတွက် အာမခံရှိမှသာ ကျွန်တော်တို့ တချို့ဟာတွေ ငွေထုတ်ပေးတာတွေ ရှိပါတယ်။ တချို့အာမခံဆိုတာထိုက်သင့်တဲ့အာမခံကို ကျွန်တော်တို့ယူပြီးမှ မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းများကို အာမခံဖြင့် ပေးပြီးတော့မှ ကျွန်တော်တို့ထုတ်ချေးတာလည်း ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘဏ်တွေရဲ့လုပ်ငန်းတွေရဲ့ သဘောသဘာဝဟာ ဘဏ်မှာရှိတဲ့ပိုက်ဆံဟာ သူပိုင် ပိုက်ဆံရှိသလို နိုင်ငံတော် အတွင်းမှာရှိတဲ့လုပ်သားပြည်သူတွေကနေပြီးတော့မှ လာရောက်အပ်နှံတဲ့ ပြည်သူ့အပ်နှံငွေ Public Deposits တွေဖြစ်တဲ့အတွက်ကြောင့် ဆုံးရှုံးသွားမယ်ဆိုရင် နိုင်ငံသားတွေပဲ နစ်နာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခိုင်မာစိတ်ချရတဲ့ ချေးငွေတွေကိုတောင် ကျွန်တော်တို့ စိစစ်ပြီးတော့ ထုတ်ချေးဖို့အတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်၊ အလျဉ်းသင့်သလို ငွေကြေးအကြပ်အတည်းနဲ့ ပတ်သက်ပြီးတော့ လက်တွေ့ဖြစ်ခဲ့တာတွေကို ကျွန်တော်အကျဉ်းချုံး တင်ပြလိုပါတယ်။ ဒါအားလုံးသိတဲ့အတိုင်းပဲ ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လမှာ အမေရိကန် ပြည်ထောင်စုရဲ့ ငွေရေးကြေးရေး အကြပ်အတည်း ဖြစ်ပေါ်လာတဲ့ အနေအထားလည်း တစ်စွန်းတစ်စ သိကြပြီး ဖြစ်ပါတယ်။ ဘာကြောင့်ဖြစ်သလဲဆိုရင် ၂၀၀၇ ခုနှစ်၊ ဩဂုတ်လမှာ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ဘဏ်တွေက နေပြီးတော့ ခုန အိမ်ရာမြေချေးငွေတွေနဲ့ ပတ်သက်ပြီး မတည်မှုတွေ စတင်ဖြစ်ပါတယ်။ ကြွေးဆုံးတွေ

ဖြစ်ပါတယ်။ အိမ်ရာမြေချေးငွေတွေ၊ကြွေးဆုံးတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူတို့ဆီမှာ အင်မတန်မှ ကြီးပါတယ်ဆိုတဲ့ အာမခံ၊ အပေါင်ခံ ကုမ္ပဏီကြီးနှစ်ခု Financing တို့ဟာ အသိမ်းခံရပြီးတော့မှ ငွေရေးကြေးရေးဝန်ဆောင်မှု မပေးနိုင်တဲ့အတွက်ကြောင့်မို့လို့ သူ့ကိုငွေရေးကြေးရေး ဝန်ဆောင်မှု ပေးနိုင်မဲ့ကုမ္ပဏီက နေပြီးတော့မှ ပြန်လည်ပြီးတော့မှ ဝယ်ယူခဲ့ရတာရှိပါတယ်။ ၂၀၀၈ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စုရဲ့ စတုတ္ထအကြီးဆုံး ရင်းနှီးမှု၊ မြှုပ်နှံမှုဖြစ်တဲ့ Living Brother ကုမ္ပဏီပိုင်တဲ့ အလုပ်က ဒေဝါလီခံရပါတယ်။ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလမှာ ကမ္ဘာပေါ်မှာ အကြီးဆုံး အာမခံတစ်ခုဖြစ်တဲ့ အမေရိကန် International Group AIG ကလည်း ငွေကြေး အခက်အခဲတွေ ဖြစ်တဲ့အတွက်ကြောင့် အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဌာနကနေ အမေရိကန်ဒေါ်လာ (၈၅)ဘီလီယံ ကိုထုတ်ပြီးတော့၊ချေးပြီးတော့ ကူညီဆောင်ရွက်ခဲ့ရတာ ရှိပါတယ်။ဒီလိုလဲပြိုခဲ့ရတဲ့ အခြေအနေတွေကို ပြန်ကြည့်လိုက်တဲ့အခါမှာ အဓိကအကြွေးတွေနဲ့ ပတ်သက်တယ်။ အကြွေးဆိုတာ ရတိုင်းယူတယ်။ ယူပြီးရင် အကျိုးရှိတဲ့နေရာမှာ သုံးသလို ၊အကျိုး မရှိတဲ့နေရာမှာသုံးပါတယ် ဒါဟာ အင်မတန်မှ တိုးတက်နေတဲ့ ကမ္ဘာ့ရှေ့မှာရောက်နေတဲ့ နိုင်ငံကြီးတစ်နိုင်ငံမှာတောင်မှ ဘဏ်ကိစ္စနှင့် ပတ်သက် လာရင်တော်တော်ကိုခက်ခက်ခဲခဲနဲ့ ဖြေရှင်းနေရတဲ့အပိုင်းကနေ အခုချိန်ထိ မတည်ငြိမ်သေးပါဘူး။ အဓိကတော့ ဘာတွေဖြစ်သလဲ ခုန ပြောခဲ့သလိုပဲ ကောင်းမွန်မှုမရှိခဲ့တဲ့ အိမ်ရာစီမံကိန်း တွေကို ငွေထုတ်ချေးခဲ့တယ်။ ချေးငွေထုတ်ချေးတဲ့ နေရာမှာစံသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိဘဲ ထုတ်ချေး ခဲ့တယ်။ စိစစ်မှု အားနည်းမှု၊ ကြပ်မတ်မှုတွေ နည်းပါတယ်။ ခိုင်မာတဲ့အာမခံ ပစ္စည်းမရှိဘဲနဲ့ ထုတ်ချေးခဲ့တယ်။ အဆင့်မမီတဲ့ အိမ်ရာချေးငွေတွေကို ပြန်လည်ပေးဆပ်ဖို့ ပျက်ကွက်တယ်။ မက်လုံးတွေ ဖြစ်ပါတယ်။ နည်းပညာအဆင့်မီပြီး ဆန်းသစ်ကာ တန်ဖိုးသတ်မှတ်ရန် ခက်ခဲတဲ့ ထင်သာမြင်သာ မရှိတဲ့ မပွင့်လင်းတဲ့ တချို့ IT လို့ခေါ်တဲ့ Technology ရှေ့ကိုသိပ်ရောက်ပြီးတော့မှ စာရင်းဇယားတွေ မနိုင်မနင်းဖြစ်ပြီးတော့မှ ရှုပ်ထွေးတဲ့အတွက်ကြောင့်မို့လို့ ဒီ ဆုံးရှုံးမှုတွေ ဖြစ်ရတယ်လို့ ကျွန်တော်တို့ လေ့လာသုံးသပ်တဲ့အခါမှာ ဒီအချက် ခြောက်ချက် တွေ့ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ဟာ ငွေရေးကြေးရေးနဲ့ပတ်သက်လို့ လွယ်လွယ်ကူကူလုပ်လို့ မရဘူးဆိုတာကို ရှေ့မှာလည်း သာဓကတွေ အများကြီးရှိပါတယ်။ လက်ရှိလည်း အမေရိကန် ငွေကြေး အကြပ်အတည်း ဟာ ဖြေရှင်းလို့မပြီးနိုင်သေးတဲ့ အနေအထားပဲ ရှိနေပါသေးတယ်။ ဒါနဲ့ နောက်ဆက်တွဲ ဖြစ်နေတဲ့ အလုပ်လက်မဲ့ပြဿနာတွေ၊ ပြည်တွင်းမှာ ရှိတဲ့ငွေတွေထည့်သွင်းဖို့ ကိစ္စတွေဟာ အများကြီး လုံးပန်းနေရတဲ့ အနေအထားတွေ ဖြစ်နေတယ် ဆိုတာကို ကျွန်တော်တို့ နေ့စဉ်နှင့်အမျှ လေ့လာတွေ့ရှိနေရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုသာဓကေ ကြည့်ပြီးတော့ ကျွန်တော်တို့ရဲ့

လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ စက်မှုကုန်ထုတ်လုပ်ငန်းတွေကို အထောက်အကူပြုနိုင်ဖို့အတွက် တချို့ကိစ္စတွေကို လျှော့ပေါ့ပြီးတော့ ကျွန်တော်တို့ လုပ်ပေးတာတွေရှိပါတယ်။ ဘာတွေလျှော့ပေါ့ပေးသလဲဆိုရင် မော်တော်ယာဉ်တွေ ခါတ်ဆီ၊ ဒီဇယ်လောင်စာသုံးစွဲတဲ့အခါမှာ ခုနကပြောတဲ့ လည်ပတ်မှုစရိတ်များပြား တာကြောင့်မို့လို့ မော်တော်ယာဉ် သဘာဝဓါတ်ငွေ့ CNG လောင်စာ အသုံးပြုပြီး ပစ္စည်းတွေ လဲလှယ်တဲ့နေရာမှာ မော်တော်ယာဉ်တွေကို ကျွန်တော်တို့ သူ့ရဲ့ မော်တော်ယာဉ် စာအုပ်ကိုသာ အပေါင်ခံပြီးတော့မှ တာဝန်ယူပြီးတော့ ငွေတွေချေးပေး ပြီးတော့ နိုင်ငံတော်ရဲ့လုပ်ငန်း လည်ပတ်မှုတွေကို ဆောင်ရွက်ပေးတာ တွေရှိပါတယ်။ ဒါ့အပြင် ပြည်တွင်းစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက် လာနိုင်ဖို့အတွက် ပြည်တွင်း SME လုပ်ငန်းတွေဖြစ်တဲ့ စက်မှုလုပ်ငန်းငယ်တွေဖြစ်တဲ့ ရေနံချောင်းစက်မှုဇုန်မှာရှိတဲ့ ရွှေနဂါးစက်မှုလက်မှုလုပ်ငန်း ကနေပြီးတော့ပြည်ပသွင်းကုန်အစားထိုးမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ အာမခံ ပစ္စည်းကို မော်တော်ဆိုင်ကယ်တွေကိုပဲ ကျွန်တော်တို့ ယူပြီးတော့ ချေးငွေတွေကိုလည်း ထုတ်ချေးပေး ခဲ့ပါတယ်။ မရွှေ့မပြောင်းနိုင်သော ဆိုပေမယ့်လို့ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းကိုလည်း ကျွန်တော်တို့ ဘဏ်တချို့က နေပြီးတော့မှ တာဝန်ခံပြီးတော့ လုပ်ပေးနေတာတွေ ရှိပါတယ်။ အဲ့ဒီလို အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် ဆောင်ရွက်ပေးမှုကို ပြန်ကြည့်တဲ့အခါမှာ ၂၀၀၅-၂၀၀၆ ကနေ ပြီးခဲ့တဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ကျွန်တော်တို့ မြန်မာ့စီးပွားရေးဘဏ်ရယ်၊ မြန်မာ့ရင်းနှီး မြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စက်မှု လက်မှုဖွံ့ဖြိုးရေးဘဏ် အဓိက ဒီဘဏ်ကြီးတွေ ကနေ ချေးပေးတဲ့ ငွေပမာဏဟာ ကျပ်အားဖြင့် ၁၂၅.၄ ဘီလီယံ ထုတ်ချေးပေး ခဲ့ပါတယ်။အသေးစားနဲ့ အလတ်စားလုပ်ငန်းများရဲ့ စက်မှုဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူ ဖြစ်စေဖို့နဲ့ ပံ့ပိုးဖို့ ရည်ရွယ် ပြီးတော့ ငွေချေးပေးရုံတင်မကဘဲနဲ့ ကျွန်တော်တို့ဟာ စက်မှုဇုန်ကြီးတွေဖြစ်တဲ့ မန္တလေးမုံရွာ၊ တောင်ကြီးစက်မှုဇုန်တွေကို တစ်နှစ်မှာ တန်၁၀၀၀ ထိ ထုတ်လုပ်နိုင်တဲ့ သံရည်ကျို အလုပ်ရုံ စက်ပစ္စည်းတွေကိုလည်း စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီ ကနေ ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ပါတယ်။ ဒီဇုန်ကြီး သုံးဇုန် အတွက် စက်ပစ္စည်း အမယ်ပေါင်းဟာ ၄၈၉မယ် အမေရိကန် ဒေါ်လာ ပေါင်း ၅သန်းကျော် ၂၀၀၆ ခုနှစ်တုန်းက စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီရဲ့ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ကြိုတင်စိုက် ဝယ်ပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲ့ဒီတော့ ဒါတွေကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံတော် အနေနဲ့ ခုနပြောတဲ့ SME လုပ်ငန်းအပါအဝင် စက်မှုလက်မှု

လုပ်ငန်းကြီး/ငယ်တွေ တိုးတက်ဖို့အတွက်ကို အရှိန်အဟုန်နဲ့ ဝိုင်းဝန်း ဆောင်ရွက်နေတဲ့ ဘဏ်များကလည်း လက်ရှိ ၁၉၉၀ ငွေရေး ကြေးရေးဥပဒေ နဲ့ ကိုက်ညီစွာနဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာတွေဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ နိုင်ငံပိုင် ၊ပုဂ္ဂလိကပိုင် ဘဏ်များ အနေနဲ့ ဘဏ်လုပ်ငန်းတည်ငြိမ်မှုခိုင်မာမှုရှိအောင် ကြိုးပမ်းဆောင်ရွက်သလို စက်မှု လုပ်ငန်းများ အပါအဝင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ လုပ်ငန်းများကို ဘဏ်များရဲ့ ချေးငှားနိုင်တဲ့ ရံပုံငွေ Loanable Fund ပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ တည်တည်ငြိမ်ငြိမ် နဲ့ လုပ်ငန်းတွေ ဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော့အနေနဲ့ ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့် စမ်းချောင်းမြို့နယ်က ကိုယ်စားလှယ် တော်ကြီးတင်ပြတဲ့ အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေးဆိုတဲ့ အဆိုပြုချက်ကို ပြန်လည်သုံးသပ်ဖို့လည်းလိုပါတယ်၊ အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းများ အနေနဲ့ နိုင်ငံတော်အစိုးရရဲ့ အားပေးထောက်ပံ့မှုနဲ့ သွင်းကုန်အစား ထိုး လုပ်ငန်းတွေကိုလည်း လတ်တလော ဆောင်ရွက်နေတာရှိသလို ပြည်ပပို့ကုန် လုပ်ငန်းတွေကိုလည်း တောက်လျှောက် ကျွန်တော်တို့ စတင်ပေးပို့ရောင်းချနေတာတွေ လည်းရှိပါတယ်။ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ လည်ပတ်နိုင်ဖို့အတွက် ခုနကပြောသလို အစိုးရဘဏ်တွေသာမက နိုင်ငံတော်မှာအသစ်ဖွင့်လှစ်တဲ့ ပုဂ္ဂလိကဘဏ်တွေ၊ တိုးချဲ့ဖွင့်လှစ်ပြီးတဲ့ ဘဏ်တွေ အား လုံးဟာ ချေးငွေများကို အာမခံနဲ့စနစ်တကျ ထုတ်ပေးလျက်ရှိပါတယ်လို့ ကျွန်တော်ထပ်လောင်း ပြောကြားလိုပါတယ်။ အခုလိုဆောင်ရွက် ပေးနေခြင်း ဟာ နိုင်ငံတော်ရဲ့ ငွေရေး၊ ကြေးရေးဥပဒေကို စနစ်တကျလိုက်နာပြီးတော့ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်က စနစ်တကျဆောင်ရွက်ပေးနေတဲ့ အတွက်ကြောင့်လည်း အခု စက်မှုလုပ်ငန်း တွေဟာ အရှိန်ရဖွံ့ဖြိုးတိုးတက်လာတာတွေကို မျက်ဝါးထင်ထင် တွေ့မြင်နေရတာ ဖြစ်ပါတယ်။ ဒါ့အပြင် မကြာမီ ပေါ်ပေါက်လာမယ့် အစိုးရသစ်မှာလည်း စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန အသစ်တစ်ခုကိုတောင် တိုးချဲ့ပြီးတော့ ဆောင်ရွက်နေတဲ့ နိုင်ငံတော်ရဲ့ အားပေးမှုဟာဖြင့် အတိုင်းအတာတစ်ခုထိကို ရောက်နေပြီး။ ဒီထက်လည်းထပ်ပြီးတော့ လုပ်ဆောင်နေတယ်ဆိုတာကို ကျွန်တော်ထပ်လောင်း ပြောချင်ပါတယ်၊ ဒါ့ကြောင့် ကိုယ်စားလှယ်တော်ကြီး တင်သွင်းခဲ့တဲ့ စက်မှုလုပ်ငန်းများအတွက် တရားဝင် ငွေချေးခွင့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရေးအဆိုဟာဖြင့် သီးခြားထပ်မံ အဆိုပြုဆွေးနွေးရန် မလိုအပ်သောကိစ္စ ဖြစ်တဲ့အတွက် သုံးသပ်ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်းတင်ပြလို ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ စမ်းချောင်းမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းတဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးရေးအဆိုနဲ့ ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနှစ်ဦးနဲ့ တာဝန်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ရှင်းလင်းပြောကြားသွားတာ အားလုံးကြားသိပြီးဖြစ်ပါတယ်၊ ဝင်ရောက် ဆွေးနွေးကြတဲ့နေရာမှာ ကိုယ်စားလှယ်လည်းဖြစ်၊ လုပ်ငန်းရှင်လည်းဖြစ်တဲ့ မြင်းခြံ မဲဆန္ဒနယ်မှ ဦးဝင်းမြင့်ရဲ့ ဆွေးနွေးမှုတွေကလည်း အင်မတန်ကောင်းပါတယ်၊ နောက်ဆုံး နိဂုံးချုပ်လိုက်တဲ့အခါ ခုနကဝန်ကြီးတင်ပြဆွေးနွေးလိုတဲ့ ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုတွေကိုတော့ လက်ရှိအစိုးရ အနေနဲ့ ဆောင်ရွက်နေပြီဖြစ်တယ်၊ ဒါ့ကြောင့်မို့လို့ ဒီအဆိုဟာ ဆက်လက်ဆွေးနွေးစရာ မလိုတော့ဘူး ဆိုပြီးတော့ ပထမဦးစွာ ဒီလိုပဲဆွေးနွေးသွားပါတယ်၊ ဒုတိယ ဆွေးနွေးတဲ့ ဒဂုံမြို့သစ်မြောက်ပိုင်း မဲဆန္ဒနယ်က ဒေါ်တင်နွယ်ဦး အနေနဲ့ ပညာရှင်လို့ပဲ သဘောထားရမှာပဲလေ။ ရရှိထားတဲ့ ပညာဘွဲ့၊ လက်ရှိလုပ်ကိုင်နေတဲ့ အနေအထားပေါ် မူတည်ပြီးတော့ ပညာရှင်တစ်ယောက်ရဲ့ အမြင်၊ အချက်အလက်တွေ Data တွေ စုဆောင်းပြီးတော့ တင်ပြဆွေးနွေးတဲ့ နေရာမှာလည်း ထောက်ခံခြင်းလည်းမဟုတ်ဘူး၊ ကန့်ကွက်ခြင်းလည်း မဟုတ်ဘူး၊ အားလုံးရှုမြင် သုံးသပ်နိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်သွားတဲ့အတွက်လည်း အင်မတန်ကောင်းမွန်တဲ့ ဆွေးနွေးမှုလည်း ဖြစ်ပါတယ်။ တဖန် ဦးလှမောင်(ခ) ဦးနိုင်လှမောင် ချောင်းဆုံ မဲဆန္ဒနယ်ကတော့ သူလည်း စီးပွားရေး လုပ်ငန်းနဲ့ ပတ်သက်လို့ အတော်လေ့လာထားသူပီပီ 7M နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားတာ ကလည်း အင်မတန်မှ မှတ်သားစရာကောင်းပါတယ်၊ သူ့ဟာနဲ့ သူကတော့ အဆိုမှာ ထောက်ခံတယ်လို့ ဒီလိုပါပါတယ်။ ဒါ့အပြင် အဆိုမှာထောက်ခံတယ်ဆိုတဲ့ ဒီအဆိုဟာ ဒီနေ့လက်တွေ့ရှိပြီး၊ လုပ်ပြီးဖြစ်နေတဲ့အတွက် ထောက်ခံတယ်ဆိုသော်လည်း သီးခြားထပ်မံ ထောက်ခံစရာမလိုဘူး ဆိုတဲ့ သဘောပဲသွားပြီးတော့ သက်ရောက်တဲ့ အနေအထား ရှိပါတယ်။ တစ်ခါ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်ဟာ သူ့ရဲ့ဘဝဇာတ်ကြောင်း ကိုယ်ရေးမှတ်တမ်းထဲမှာကိုက သူဟာစီးပွားရေးနဲ့ ပတ်သက်လို့ အင်မတန်စိတ်ဝင်စားတယ်။ ဒါကြောင့် သူမူလယူထားတဲ့ ဘာသာရပ်ကိုစွန့်လွှတ်ပြီးတော့ စီးပွားရေးဘာသာ စီးပွားရေးဘွဲ့ကို ယူတယ်။ ယူပြီးတဲ့အခါမှာ ကယားပြည်နယ်မှာ စီမံရေးဦးစီး ဌာနကို ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့တယ်။ ဒါကြောင့်မို့ စီးပွားရေးနဲ့ပတ်သက်လို့၊ စီမံကိန်းနဲ့ ပတ်သက်လို့ အတွေ့အကြုံရှိတယ်၊ အဲဒီကမှ တစ်ခါ စီးပွားရေးဘာသာရပ်တွေကို လေ့လာပြီးတော့

ဒီနေ့လည်း ကိုယ်တိုင်စီးပွားရေးနဲ့ သက်ဆိုင်တဲ့စာတမ်းများ ရေးသားပြုစု ထုတ်ဝေသူလည်း ဖြစ်ပါတယ်။ သူ့ရဲ့ဆွေးနွေးချက်တွေဟာလည်း သတိပြုရမယ့်အချက် တွေများစွာပါပါတယ်၊ ဒီထဲမှာ သန်လျင် မဲဆန္ဒနယ်က ဦးလွင်ဦး ဆွေးနွေးတဲ့ အချက်တွေနဲ့ သွားပြီးကိုက်ညီနေတာလည်းရှိပါတယ်၊ ဒါဘာလဲဆိုရင် ချေးငွေချေးတာဟာ လွယ်တယ်၊ သို့ရာတွင် ဒီချေးငွေကို စနစ်တကျ အသုံးမပြုဘူးဆိုလို့ရှိရင် အခြားမလိုလားတဲ့ ပြဿနာတွေပေါ်ပေါက်နိုင်တယ်၊ အဲဒီမှာမှ ဦးကြည်မြင့် သုံးထားတဲ့ အဓိပ္ပာယ်သက်ရောက်တာကတော့ အချောင်သမား ပေါ်လာပြီးတဲ့ အခါမှာ လုပ်ငန်းဆောင်တာ စီမံကိန်းပြုတ်သွားမှာကို သတိပြုဖို့နဲ့ ချေးလိုက်တဲ့ ငွေတွေကို သုံးရတဲ့၊ အသုံးတည့်မယ့်နေရာမှာ စနစ်တကျ အသုံးပြုဖို့အတွက် ကြီးကြပ်မှုပိုင်းကလည်းများစွာ လိုတယ်။ Control Measure များစွာလိုတယ်ဆိုတာလည်းပြောပါတယ်။ ချုပ်လိုက်တဲ့ အခါမှာ ဒီအဆိုဟာ ထပ်မံဆွေးနွေးရန် မလိုတဲ့ အဆို ဆိုပြီးတော့ အဲဒီလိုပဲ နိဂုံးချုပ်တင်ပြ သွားတာ ရှိပါတယ်။ ဦးခင်မောင်ရည်ကတော့ ထောက်ခံဆွေးနွေးသွားပါတယ်။ အဲဒီအတိုင်းပဲ ဦးစိုင်းအောင်လှလည်း ဒီလိုပဲထောက်ခံ ဆွေးနွေးသွားပါတယ်။ ဦးလွင်ဦးကတော့ ခုနပြောတဲ့ အတိုင်းပဲ သတိပြုဆောင်ရွက်ဖို့၊ မလိုအပ်ဘဲနဲ့ မချေးငှားဖို့၊ လောလောဆယ် ချေးငှားမှုတွေဟာလည်း ခုနက အသေးစား၊ အလတ်စား အပြင်အကြီးစားလုပ်ငန်းများ အတွက်လည်း ချေးငှားဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်း ဒီလို ဆွေးနွေးသွားပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စု ကိုယ်စားလှယ်အဖွဲ့ဝင်ကတော့ အင်မတန်မှ သင်ခန်းစာ ယူစရာ၊ သုံးသပ်စရာ အချက်အလက်များကိုပြည့်ပြည့်စုံစုံ ဆွေးနွေးသွားတဲ့အတွက် ကျွန်တော်တို့တော့ ဒါနဲ့ပတ်သက်လို့ သဘောပေါက် နားလည်ပါတယ်။ ဒီအတိုင်းပဲ ဒီအဆိုရှင်ဖြစ်တဲ့ ဦးစိုးဝင်းနဲ့ ဦးစိုးဝင်း ကိုထောက်ခံတဲ့သူများ လည်းသဘောပေါက်မယ်လို့ ယုံကြည်ပါတယ်။ အဲဒီမှာ ပြည်ထောင်စုအဖွဲ့ဝင် ကိုယ်စားလှယ်ဝန်ကြီး ဆွေးနွေးသွားသလို ဆွေးနွေးမှုတွေဟာ အင်မတန်မှ စိတ်ဝင်စားစရာ ကောင်းတယ်လို့ ပြောသွားပါတယ်၊ တကယ်လည်း ဆွေးနွေးတဲ့သူတွေဟာ စေတနာပါ စိတ်ပါဝင်စားစွာ ဆွေးနွေးလို့ ကျွန်တော်ဒီပေါ်ကနေပြီး အကဲခတ်ကြည့်တဲ့အခါမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကလည်း အင်မတန်မှ စိတ်ပါဝင်စားစွာနားထောင်တာကိုလည်းတွေ့ရှိရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကြုံကြိုက်ရင်ပေါ့လေ အခုဒီလိုဆွေးနွေးတဲ့ ပုဂ္ဂိုလ်များရဲ့ စေတနာ၊ ဆန္ဒတွေဟာ ကိုယ့်နိုင်ငံကို သူများနိုင်ငံနည်းတူ တိုးတက်စေချင်တယ်၊ ကြီးပွားစေချင်တယ်။ တိုးတက်ကြီးပွားဖို့ အတွက် ခုနကပြောတဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ဖို့ ဘဏ္ဍာငွေ အထောက်အပံ့ ပေးဖို့လိုတယ်လို့ ဆွေးနွေးတယ်၊ ဆွေးနွေးတဲ့အခါမှာ ဒါတင်မကဘူး အကြီးစားလုပ်ငန်းများကိုပါ ဘဏ္ဍာငွေထောက်ပံ့ဖို့လိုတယ်၊ ဒီလိုထောက်ပံ့တဲ့အခါမှာလည်း စနစ်တကျ ကိုယ့်ဝန်နဲ့

ကိုယ့်အား ပြောမယ်ဆိုလို့ရှိရင် နိုင်ငံတော်မှာရှိတဲ့ ဘဏ္ဍာ၊ နိုင်ငံတော်ဘဏ္ဍာဆိုတာဟာလည်း ပြည်သူများရဲ့ (Public) ပြည်သူများနဲ့ သက်ဆိုင်တဲ့ ဘဏ္ဍာလည်းဖြစ်တဲ့အတွက် ထောက်ပံ့တဲ့ နေရာမှာ၊ ကူညီတဲ့နေရာမှာ စနစ်တကျ ဆောင်ရွက်ဖို့ ဒီလိုဆွေးနွေးသွားတဲ့ ဟာတွေဟာ အင်မတန်မှ ကျွန်တော်တို့ သင်ခန်းစာယူ မှတ်သားလောက်တာရှိပါတယ်၊ အဲဒီနည်းတူပဲ အခု ဒီနေ့ ဆွေးနွေးတဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများဆိုတာက Production ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် ရည်ရွယ်ပြီးတော့ ပြောဆို ဆွေးနွေးတာ ဖြစ်ပါတယ်၊ တကယ်တမ်းကျတော့ နိုင်ငံတစ်နိုင်ငံပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုပဲ ဖြစ်ဖြစ် Production ကို စိတ်ဝင်စားဖို့လိုပါတယ်၊ အဲတော့ Production တက်ပြီဆိုလို့ရှိရင် ဒီနေ့ GDP တွက်ချက်သုံးသပ်တဲ့နေရာမှာ Production ကဏ္ဍတစ်ခု၊ ပြီးတဲ့အခါမှာ Services ဝန်ဆောင်မှု ကဏ္ဍတစ်ခုနှင့် Trade ကဏ္ဍနဲ့ ဒီကဏ္ဍသုံးရပ်ကိုကြည့်ပြီးတဲ့အခါမှာမှ GDP လို့ခေါ်တဲ့ဝင်ငွေကို ကျွန်တော်တို့ ဒီလိုတွက်ချက်တာ ဖြစ်ပါတယ်၊ အဲလိုဆိုလို့ရှိရင် ခုနပြောတဲ့ ကဏ္ဍကြီးသုံးရပ်ဖြစ်တဲ့ ထုတ်လုပ်မှုအပိုင်း၊ ဝန်ဆောင်မှုအပိုင်း၊ ကုန်သွယ်ရေးအပိုင်းကို ဘယ်ဟာ အဓိကမောင်းနှင်မလဲ ဆိုတဲ့အခါမှာ Production အပိုင်းက မောင်းနှင်တာဖြစ်ပါတယ်၊ Production ကောင်းတယ်ဆိုလို့ရှိရင် ခုနက Services ရဲ့လုပ်ငန်းတွေ၊ ပို့ဆောင်ရေးလုပ်ငန်းတွေမှာ ပိုပြီး တွင်ကျယ်ပြီးလုပ်လာမယ်၊ ဒါပို့ဆောင်ရေး ဆိုတာ ကဏ္ဍတစ်ခုဖြစ်လာမယ်၊ ကဏ္ဍတစ်ခုက Services ရဲ့ကဏ္ဍတစ်ခု အဲဒီအထဲမှာ ထုတ်လုပ်တဲ့ပစ္စည်းတွ ဈေးလာမယ်ဆိုလို့ရှိရင် ခုနက Trade အပိုင်းမှာလည်း ပိုပိုပြီးတော့ တိုးတက်လာမယ်၊ Trade လုပ်တာနဲ့ တပြိုင်နက် Trade နဲ့ပတ်သက်ပြီး ဒီဝန်ဆောင်မှု လုပ်ငန်းတွေ ထပ်ပြီးတော့ တိုးတက်လာမှာလည်းရှိပါတယ်၊ ဒါကြောင့်မို့လို့ GDP တိုးတက်ဖို့ဆိုလို့ ရှိရင်တော့ ဒီ Production ဟာ ပိုပြီးတော့ အဓိကကျတဲ့ အနေအထားရှိပါတယ်၊ တချို့တချို့ တော့ဆိုကြမှာပေါ့ ဖွံ့ဖြိုးတိုးတက်ပြီးတဲ့ Developed Country တွေမှာတော့ ပြောကြတာပဲ ဘာလဲ Services က GDP ကို များစွာအထောက်အကူပြု တယ်လို့ ဒါ့ကြောင့်မို့လို့ Services လုပ်ကြတယ်၊ ဒါမှန်ပါတယ် ဘာဖြစ်လို့လဲ သူတို့က Production တွေ အကုန်လုံးပြီးသွား တယ်၊ ပြီးသွားတဲ့အတွက် အဲဒီ Production တွေနဲ့ သက်ဆိုင်တဲ့ ခုနက နောက်ဆက်တွဲတွေက Services, Trade တွေပါပိုလာတယ်၊ ကျွန်တော်တို့ နိုင်ငံကျတဲ့အခါကျတော့ ခုနကပြောတဲ့ဒီ Production တွေ များစွာလုပ်ဖို့ကျန်သေးတယ်၊ အဲဒီအတွက်ပဲ ခုနကအဆိုရှင်များက ကျွန်တော်ထင်တယ်လေ ဒီProduction တိုးမြှင့်ဖို့အတွက် ခုနကအထောက်အပံ့တွေလိုတယ်၊ ကူညီဖို့လိုတယ်လို့ ဒီလိုဆွေးနွေးတယ်ထင်ပါတယ်။ ဒါဖြင့် Production ပြီးတဲ့အခါမှာ အားလုံးဆွေးနွေးတဲ့အထဲမှာ ပါပါတယ်၊ ထုတ်ကုန်ကလည်း ခုနက

M တစ်ခုတည်းကပါပဲ ဒီ Material ကလည်း ဈေးကွက်ကလက်ခံနိုင်တဲ့ Market က လက်ခံတဲ့ဟာလည်း လိုတဲ့အနေအထားမျိုးလည်းရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီဟာလေး ကျွန်တော်ဒီမှာ ကြုံကြိုက်တုန်း တင်ပြဆွေးနွေးတာပါ။ ဒီစီးပွားရေးလုပ်ငန်း နဲ့ပတ်သက်လို့ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်လို့ အင်မတန် စိတ်ဝင်စားပြီးတော့ ဆွေးနွေးကြပါ တယ်။ ကုန်သည်ကြီးများကလည်း အင်မတန်စိတ်ဝင်စားပြီးတော့ နားထောင်ကြပါတယ်။ တကယ်တမ်း ကျတော့ ဒါကျွန်တော်တို့ ဒီလွှတ်တော် ကိုယ်စားလှယ်များ အားလုံးဟာလည်း ဒီနေ့ ဘာပဲပြောပြော နိုင်ငံရေးလုပ်နေကြတာပဲ။ ဒါဖြင့် ကျွန်တော်တို့ နိုင်ငံရေးက ဘာလုပ်တာလဲ ကျွန်တော်တို့နိုင်ငံတော်၊ ကျွန်တော်တို့ ပြည်ထောင်စု၊ ကျွန်တော်တို့ ပြည်သူများရဲ့ အဓိက လွယ်လွယ်လေးပြောလိုက် မယ်ဆိုရင် လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားအောင်လုပ်ပြီးတော့ အခြား နိုင်ငံများနှင့် ရင်ဘောင် တန်းနိုင်အောင်လုပ်ဖို့ရည်ရွယ်ပြီး လုပ်တာလည်းဖြစ်တယ်၊ နိုင်ငံရေးလုပ်ပြီးတော့ စကားတွေအနိုင်ရ အောင် ပြောပြီးလုပ်ဖို့ မဟုတ်ဘူး။ တကယ်တမ်းကျတော့ ကျွန်တော်တို့ တကယ်လုပ်ကြမယ့် နိုင်ငံရေးဟာ ကိုယ့်နိုင်ငံတိုးတက်ဖို့၊ ကိုယ့်ပြည်ထောင်စုကြီး တိုးတက်ဖို့၊ ကိုယ့်ပြည်သူတိုးတက်ဖို့ အတွက် တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် စီးပွားရေးဘဝ တိုးတက်ဖို့၊ စီးပွားရေးဘဝတိုးတက်မှလည်း လူမှုရေးဘဝတိုးတက်မယ်၊ အဲဒီနှစ်ခု ပေါင်းလိုက်တဲ့ အခါမှာ လူမှုစီးပွားရေးဘဝတိုးတက်ဖို့ လုပ်နေတာဖြစ်တဲ့အတွက် ဒီနေ့ဆွေးနွေးမှုဟာ အင်မတန် စိတ်ဝင်စားစရာကောင်းတယ်ဆိုတဲ့ ခုနက ဝန်ကြီးဦးလှထွန်းရဲ့ ဆွေးနွေးချက်ကို ကျွန်တော်အနေနဲ့ ဒါမှန်ပါတယ်၊ ဒီကိစ္စ ကျွန်တော်တို့ ဒီလိုပဲဆွေးနွေးရမယ် ဆွေးနွေးချိန်ကလည်း ဒီလိုအခွင့်အခါ သာတဲ့အချိန်မှာပဲ ဖြစ်နိုင်တဲ့ကိစ္စ ဖြစ်တဲ့အတွက် ဒါကို ကျွန်တော်ထပ်လောင်း ထောက်ခံပြီးတော့ ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ဦးစိုးဝင်း စမ်းချောင်းမြို့နယ်က အဆိုတင်သွင်း ထားတဲ့ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးရေးအဆိုဟာ ဆွေးနွေးထားတဲ့သူများရော တာဝန်ရှိတဲ့သူတွေ ဖြေကြားမှုဟာ ဒီနေ့ နိုင်ငံတော်က ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်နေတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုတစ်ရပ်အနေနဲ့ သီးခြားတင်သွင်း စရာမလို ဘူးလို့တော့ ယူဆပါတယ်။ ဒါကိုသုံးသပ်ပြီးဆောင်ရွက်နိုင်ပါရန်ဆိုပြီးတော့ ဒီလို လေးလေးနက်နက်တင်ပြ သွားတာ ဖြစ်ပါတယ်။ ကျွန်တော်လည်းသူ့ရဲ့တင်ပြချက် ဒါကျွန်တော့်ရဲ့ သဘောကိုပြောတာပါ သူ့ရဲ့ တင်ပြချက်နဲ့ပတ်သက်လို့ မှန်ကန်တဲ့တင်ပြချက်၊ မှန်ကန်တဲ့သုံးသပ်ချက်ဖြစ်တယ်ဆိုတာ ဒီလိုပဲ ထင်ပါတယ်။

ဒါကြောင့် စတင်အဆိုပြုထားတဲ့ ဦးစိုးဝင်းအနေနဲ့ ရှိပြီးသား အဆိုကို ထပ်မံတင်ပြစရာမလိုဘူးလို့ ကျွန်တော်တို့ဘက်က သဘောပေါက်တာနဲ့ ဦးစိုးဝင်း ဘက်ကလည်း ဘယ်လိုများသဘော ပေါက်ပါသလဲ၊ ဘယ်လိုများဆန္ဒရှိပါသလဲ ပြန်လည်သုံးသပ်ပေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၄၅ ။**

**ဦးစိုးဝင်း (စမ်းချောင်း မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကနေ့ ကျွန်တော့်အဆိုနဲ့ပတ်သက်ပြီးတော့ အလေးထားပြီး ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ အကျယ်တဝင့် ရှင်းလင်းပြသွားတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဒီအဆိုကို တင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ကလည်း ခုနက ကျွန်တော်မပြောခင်မှာပဲ လွှတ်တော်ဥက္ကဋ္ဌကြီးကနေပြီးတော့ ပြောသွားပြီးသား ဖြစ်နေပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့က ပကတိအရှိတရားကိုတော့ ကျွန်တော်တို့ မျက်ကွယ်ပြုလို့မရတဲ့အတွက် ဒါဟာ လိုအပ်ရင် လိုအပ်သလို ဆက်လက်ပြီးတော့ လုပ်ဆောင်ပေးဖို့ ဆိုတာကတော့ မှတ်တမ်းတင်ထား စေချင်ပါတယ်။ သည်အဆိုကိုလည်း ကျွန်တော်ဒီကနေပြီးတော့ သုံးသပ်ထားတဲ့အတိုင်း လက်ခံပါတယ်ခင်ဗျား။ ကျေးဇူးလည်းတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ စမ်းချောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်ပြသလိုပဲ ဒီအဆိုကိုလည်း ကျွန်တော်တို့ မှတ်တမ်းတင်ထားပါမယ်။ ပြီးရင် ခုနက ပြည်ထောင်စုအဆင့် ဝန်ကြီးကလည်း ဒီလိုပဲ သုံးသပ်သွားတာ ဖြစ်ပါတယ်။ ခုနက သုံးသပ်တဲ့နေရာမှာ အချိန်အခါ အခြေအနေပေါ် မူတည်ပြီးတော့ ဒီလုပ်ငန်းလုပ်ကိုင်သူများ အကျိုးရှိစေရေးအတွက်၊ နိုင်ငံတော် အကျိုးရှိစေရေးအတွက် အချိန်အခါ အခြေအနေပေါ် မူတည်ပြီးတော့ ဆောင်ရွက်သွားမယ်ဆိုတဲ့ဟာက ဦးစိုးဝင်း တင်ပြတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မှတ်တမ်းတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း တင်သွင်းတဲ့အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့

ဆန္ဒရယူပါမယ်။ ဒီအဆိုကို ဆက်လက်ဆွေးနွေးရန် မလိုအပ်တော့ကြောင်း ဆုံးဖြတ်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ** ။ ။ ဒါကြောင့် ဆက်လက်ဆွေးနွေးခြင်း မပြုပါဘူး။ ဦးစိုးဝင်းတင်ပြတဲ့အတိုင်းပဲ မှတ်တမ်းတင်ထားပါမယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့သော ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၄း၄၈။**

**ဥက္ကဋ္ဌ** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ထိုသို့ ပြုလုပ်တဲ့နေရာမှာ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀ ၊ ၁၁ ၊ ၁၂ နဲ့ ၁၃ တို့အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့ကို ရွေးချယ်တင်မြှောက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ပြီးချိန်မှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံကို အောက်ဖော်ပြပါ နိုင်ငံများက၊ လွှတ်တော်အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ရောက်ရှိခဲ့ပါတယ်။ ဒါနဲ့ စပ်လျဉ်းပြီးသိရှိမှတ်တမ်းတင်နိုင်ပါရန် လွှတ်တော်သို့ တင်ပြပါမယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ကရက် အမြဲတမ်း ကော်မတီ ဥက္ကဋ္ဌ မစ္စတာ ဝူဘန်းကို ၊ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ဦးဆောင်ညီလာခံ ဥက္ကဋ္ဌ မစ္စတာချိုးတေးဘုတ်၊ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာငုယင်ဖြူသရွှန်၊ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားအောက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာဘောရစ်ဂရစ်ဇလော့ဗ်၊ စင်္ကာပူ သမ္မတနိုင်ငံပါလီမန် ဥက္ကဋ္ဌ မစ္စတာ အဗ္ဗဒူလာတာမူဂျီ ၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်အာခါမိုဟာပိုဟီရချက်ကရိုင်ဟန်ဆမ်ရင်၊ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်အာခါမိုဟာသမာပိုသီဆယ်ချီယာဆင်းမ်၊ အာဆီယံပါလီမန် အမတ်များ ညီလာခံ AIPA အတွင်းရေးမှူးချုပ်၊ မစ္စတာ အန်တိုနီယို ဗို၊ ကွမ်ကို၊ လာအို ပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မစ္စတာပန်နီယာ သော်သု၊ ကူဝိတ်နိုင်ငံ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ဂျက်ဆင်မိုဟာမက် အယ်လ်ခါရာဖီ၊ ပါကစ္စတန်နိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာ ဖာမီဒါ

မီရာဇာ နဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ PLA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချင်မင်ဒဲ က သီးခြားပေးပို့တဲ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ များရောက်ရှိခဲ့ပါတယ်။

လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ ၊ ပုဒ်မခွဲ (ခ)အရ သဝဏ်လွှာများ မှတ်တမ်းတင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရဲ့ ဆန္ဒ ရယူပါမယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ အထက်ပါ ပြည်ပ နိုင်ငံများနှင့် လွှတ်တော် အကြီးအကဲ များ၏ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့မှု မှတ်တမ်းကို မှတ်တမ်းတင်ရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ ပြည်ပနိုင်ငံ လွှတ်တော် အကြီးအကဲများမှ ပေးပို့သော ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို မှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြား ရေးရာကိစ္စရပ်များကို လေ့လာတင်ပြစေရန် လွှတ်တော်ကော်မတီများ၊ ပူးပေါင်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၄:၅၆။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ လွှတ်တော်သည် ဥပဒေပြုရေး ၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး ၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး ၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာ ကိစ္စရပ်များကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်က ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်လို့ ဖော်ပြထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၆ မှာလည်း လွှတ်တော်သည် အမျိုးသားလွှတ်တော်နှင့် ညှိနှိုင်းရန်ကိစ္စပေါ်ပေါက်လာပါက ပူးပေါင်းကော်မတီ များကို ဖွဲ့စည်းနိုင်ကြောင်း၊ လွှတ်တော်ကော်မတီ လေးရပ်က ဆောင်ရွက်ရမည့် ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ရပ်ကို လွှတ်တော် နှစ်ရပ်လုံးက လေ့လာရန်ရှိပါက လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ ညှိနှိုင်း၍ ကိုယ်စားလှယ်ဦးရေ တူညီစွာ ပါဝင်သော ပူးပေါင်း

ကော်မတီ တစ်ရပ်ဖွဲ့စည်းနိုင်ကြောင်း ပူးပေါင်းကော်မတီများ၏ သက်တမ်းသည် သက်ဆိုင်ရာ လွှတ်တော် သို့ အစီရင်ခံစာ တင်သွင်းပြီးသည့်အချိန်ထိ ဖြစ်ကြောင်း သတ်မှတ်ထားပါတယ်။

အထက်ပါ ကော်မတီ များဖွဲ့စည်းရန် လိုအပ်တဲ့အချိန်ဟာ လွှတ်တော် အစည်းအဝေး ကျင်းပ ချိန်မဟုတ်ခဲ့ရင်လည်း လိုအပ်သော လုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ရန်အတွက် အထက်ပါ ကော်မတီများကို လွှတ်တော် ကော်မတီ လေးရပ်မှာပါဝင်တဲ့ ကိုယ်စားလှယ်များနှင့် အခြား သင့်တော်သော လွှတ်တော်ကိုယ်စားလှယ်များကို လိုအပ်သလို ဖွဲ့စည်းပြီး ဆောင်ရွက်နိုင်ခွင့်ကို လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၇၆ ပါ အမျိုးသားလွှတ်တော်နှင့် ညှိနှိုင်းရန် ဖွဲ့စည်းသည့် ပူးပေါင်းကော်မတီများ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးအရေး၊ စီးပွားရေး ၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြစေရန်လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလ သတ်မှတ်၍ ဖွဲ့စည်းရာတွင် ဖွဲ့စည်းပြီးသော လွှတ်တော်ကော်မတီ လေး ရပ်တွင် ပါဝင်သည့် ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သည့် ကိုယ်စားလှယ်များဖြင့် သင့်တင့်စွာတာဝန်ပေးအပ် ဖွဲ့စည်းနိုင်ရေး တာဝန်ယူဆောင်ရွက်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် အထက်ပါ တင်ပြချက်ကိုသဘောတူ ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ ၊ ပုဒ်မခွဲ (ဂ) အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးမှ စ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကို

သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။ ဒီလိုဖွဲ့စည်းထားတဲ့နေရာမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကိုအောက်ပါ အဖွဲ့ဝင် ၁၄ ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်-

(၁) ဦးမောင်ဦး တပ်ကုန်း မဲဆန္ဒနယ်
(၂) ဦးလှမြင့်(ခ) ဦးမောင်လှ ပုလော မဲဆန္ဒနယ်
(၃) ဦးသန်းနွယ် ဘုတလင်မဲဆန္ဒနယ်
(၄) ဒေါက်တာ စိုးသူရ ကျုံပျော် မဲဆန္ဒနယ်
(၅) ဦးကြင်သိန်း ပဲခူး မဲဆန္ဒနယ်
(၆) ဦးကိုကိုထွန်း အောင်လံ မဲဆန္ဒနယ်
(၇) ဦးထွန်းမြင့်ဦး မိုင်းပန် မဲဆန္ဒနယ်
(၈) ဦးအောင်ကျော်ဇံ ပေါက်တော မဲဆန္ဒနယ်
(၉) ဦးကျော်စိုးလေး မိုးညှင်း မဲဆန္ဒနယ်
(၁၀) ဦးသန်းဦး မြဝတီ မဲဆန္ဒနယ်
(၁၁) ဦးရဲထွဋ်တင် ဖာဆောင်း မဲဆန္ဒနယ်
(၁၂) ဦးပုမ်ခန့်အင် တီးတိန် မဲဆန္ဒနယ်
(၁၃) ဦးမြသိန်း မုဒုံ မဲဆန္ဒနယ်
(၁၄) ဦးအေးမြင့် အင်းစိန် မဲဆန္ဒနယ် တို့ ဖြစ်ပြီး၊ ဥက္ကဋ္ဌအဖြစ်

ဦးမောင်ဦး တပ်ကုန်းမဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးအေးမြင့် အင်းစိန်မဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းရန် လျာထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဖွဲ့စည်းရန်လျာထားချက်နှင့်စပ်လျဉ်းပြီး ကန့်ကွက်ရန်ရှိပါသလား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ ကန့်ကွက်သူ မရှိပါ။ ]**

**ဥက္ကဋ္ဌ ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီဖွဲ့စည်းရန် ကိစ္စနှင့်ပတ်သက်လို့ကန့်ကွက်ရန် တစ်စုံတစ်ရာ မရှိတဲ့အတွက် ကိုယ်စားလှယ်စိစစ်ရေးကော်မတီကို ဦးမောင်ဦးက ဥက္ကဋ္ဌ၊ ဦးအေးမြင့်က အတွင်းရေးမှူးအဖြစ် တာဝန်ယူပြီး ကော်မတီ

အဖွဲ့ဝင်များအဖြစ် ဦးလှမြင့်(ခ)ဦးမောင်လှ၊ ဦးသန်းနွယ် ၊ ဒေါက်တာ စိုးသူရ၊ ဦးကြင်သိန်း၊ ဦးကိုကိုထွန်း၊ ဦးထွန်းမြင့်ဦး၊ ဦးအောင်ကျော်ဇံ ၊ ဦးကျော်စိုးလေး၊ ဦးသန်းဦး ၊ ဦးရဲထွဋ်တင် ၊ ဦးပုမ်ခန့်အင်၊ ဦးမြသိန်းတို့နဲ့ တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့သော ရွေးချယ်တင်မြှောက်ခြင်း၊ ဖွဲ့စည်းအတည်ပြုခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ စတင်ပြီး ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် နဲ့ ၃ ရက်နေ့မှာတော့ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးကာလအတွင်းမှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း တစ်ကြိမ်စီနဲ့ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်း တစ်ကြိမ်ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကော်မတီများဖြစ်တဲ့ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနဲ့ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီများကိုလည်း လွှတ်တော် ကိုယ်စားလှယ် ၁၅ဦးစီနဲ့ ဖွဲ့စည်းပြီး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို စတင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် ကော်မတီ လေး ရပ်ဖွဲ့စည်းခြင်းနှင့်အတူ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် စပ်လျဉ်းသည့် တင်ပြချက်များကိုပါ လွှတ်တော်၏ အတည်ပြုချက်ရယူ သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။

ပထမအကြိမ်ပြည်သူ့လွှတ်တော်ကာလ ၂၀၁၁ ခုနှစ်၊ မတ်လ ၉ ရက်မှာ ကျင်းပခဲ့တဲ့ အစည်းအဝေး ဆဋ္ဌမနေ့မှ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အစည်းအဝေး ၁၄ ရက်မြောက်နေ့ အထိ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်း ၄၆ ခုကို ဖြေကြားနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်များတင်သွင်းတဲ့ အဆို ၁၇ ခုကို ဆွေးနွေးရှင်းလင်း ဆောင်ရွက်ခဲ့ရာမှာ အဆို ၁၇ ခုအနက်မှ အဆို လေးခုကို ဆက်လက် ဆောင်ရွက်မည့် အဆိုများအဖြစ် အတည်ပြု ဆုံးဖြတ်ခဲ့ပြီး၊ ကျန်အဆိုများကို မှတ်တမ်းတင်ထားရှိ ပေးခဲ့ပါတယ်။ လွှတ်တော်က အတည်ပြုပေးခဲ့တဲ့ အဆိုများနဲ့ မေးခွန်းဖြေကြားချက်များမှ ဆက်လက် ဆောင်ရွက်ရန်များကို သက်ဆိုင်ရာလွှတ်တော်ကော်မတီများက စိစစ်ပြီး ကြပ်မတ်ဆောင်ရွက်စေမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ တင်သွင်းခြင်းနဲ့ပတ်သက်လို့ လွှတ်တော်ကာလ မဟုတ်သည့်အချိန်မှာလည်း ပေးပို့ထားနိုင်ပါတယ်။ နောင်လာမယ့် လွှတ်တော်အစည်းအဝေးများမှာ မေးခွန်းများ၊ အဆိုများ ၊ ဥပဒေကြမ်းများကို ထုတ်ပြန်ထားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပိုမိုပြီးစနစ်တကျ ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပီပီ၊ နယ်မြေ ဒေသအလိုက်၊ ပြည်သူလူထုအကျိုး၊ နိုင်ငံ့အကျိုး၊ပြည်ထောင်စုအကျိုးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုးတက်ထမ်းဆောင်နိုင်ကြပါစေလို့ ဆန္ဒပြု တိုက်တွန်း လိုက်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မကြာခင် အစည်းအဝေး ပြီးဆုံးမှာ ဖြစ်ပါတယ်။ ၂၀၁၁ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားလွှတ်တော်မှာ အခွန်အခများနဲ့စပ်လျဉ်းတဲ့မေးခွန်းကို ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာန ဝန်ကြီးမှဖြေကြားမှုကို မတ်လ ၂၂ ရက်နေ့ထုတ် ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာများမှာ ဖော်ပြခဲ့ပါတယ်။ ဒီအပေါ် ဖတ်ကြားပြီး အင်မတန်စိတ်ဝင်စားပြီး တော့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ သိထိုက်တဲ့မေးခွန်းနဲ့ အဖြေဖြစ်တဲ့အတွက် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ဖြစ်တဲ့ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက မေးမြန်းလိုကြောင်း ဒီနေ့မနက်ပိုင်းမှာ လာရောက်တင်ပြတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးမောင်တိုးကို အထူးကိစ္စတစ်ရပ် အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌ ခွင့်ပြုပါတယ်။ မေးလိုတဲ့ကိစ္စမေးမြန်းနိုင်ပါတယ်။

**ဦးမောင်တိုး(မင်းလှ မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ဖိတ်ကြားထားသောဧည့်သည်များ အားလုံးကိုနှုတ်ခွန်းဆက်သ ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်း၊ မင်းလှမြို့နယ် ကိုယ်စားလှယ် ဦးမောင်တိုး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ၁၀၈ နဲ့အညီ အချိန်တိုတို အတွင်းမှာ မေးမြန်း ဖြေကြားခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကို ပဏာမပြောကြားလို ပါတယ်။ စောစောတုန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ရှင်းပြသလိုပါပဲ၊ မတ်လ ၂၁ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အမျိုးသားလွှတ်တော်မှာ အခွန်အခများနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးကနေပြီးတော့ ဖြေကြားခဲ့တဲ့အဖြေနဲ့ အခြေအနေ တွေကို မတ်လ ၂၂ ရက်နေ့ထုတ် ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာတွေမှာ ကျွန်တော် ဖတ်ရှု လေ့လာခဲ့ရပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့မေးခွန်းကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အခွန်ရငွေနဲ့ GDP အချိုးဟာ ၃.၂ ရာခိုင်နှုန်းသာရှိပြီး အာဆီယံနိုင်ငံများမှာ လည်းကောင်း၊

ကမ္ဘာ့နိုင်ငံများမှာလည်းကောင်း၊ အခွန်ကောက်ခံရမှု အနည်းဆုံးဖြစ်နေသော နိုင်ငံတစ်နိုင်ငံဖြစ်တာကို တွေ့ရပါတယ်။ ယင်းအခြေအနေများနဲ့ပတ်သက်ပြီး မူလမေးမြန်းထားသော မေးခွန်းနဲ့ ဝန်ကြီးမှ ပြန်လည်ဖြေကြားခဲ့သော ဖြေကြားမှုကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာလည်း ပြန်လည်ရှင်းလင်း ဖြေကြားပေးပါရန်နဲ့ ဆက်လက်သုံးသပ်ဆောင်ရွက်ရန် ရှိပါသလားဆိုတာဟာ ကျွန်တော်ရဲ့ မေးခွန်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာတာဝန်ရှိသူက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၅း၃၀။**

**ဦးလှထွန်း(ဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ ၁၄ ရက်မြောက်နေ့ အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်မှ နိုင်ငံ့အကျိုးပြု နိုင်ငံတာဝန်ကိုထမ်းပြီး နိုင်ငံတော်ကို အလုပ်အကျွေးပြုကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများရဲ့ အဖိုးတန်သော အချိန်ထဲကနေ ထပ်မံပြီးတော့ သိလိုတဲ့မေးခွန်းကို မင်းလှမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်တိုးရဲ့ မေးမြန်းချက်ကို ကျွန်တော်ထပ်မံပြီးတော့ ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀ ရက် နေ့တုန်းကလည်း ကျွန်တော် အမျိုးသားလွှတ်တော်မှာ မေးခွန်းကို ပြန်လည် ဖြေကြားပြီး ဖြစ်ပါတယ်။ သတင်းစာမှာလည်း ၂၂ ရက်နေ့က ပါပြီးဖြစ်တဲ့အတွက် တချို့လည်းပဲ ဖတ်ကြားပြီးသော်လည်းပဲ တချို့လည်း အလုပ်အကိုင် များပြားတဲ့အတွက်ကြောင့် သိသင့် သိထိုက်တာလေးတွေ ထပ်မံသိလိုကြောင်း ထပ်မံမေးမြန်းတဲ့အပေါ်မှာ ကျွန်တော့်အနေနဲ့ ရှင်းပြရတဲ့ အတွက် အများကြီးပဲ ကျေးဇူးတင်ကြောင်း ထပ်မံပြီးတော့ ပြောကြားလိုပါတယ်။ နိုင်ငံတော်အကျိုး သယ်ပိုးကြမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်ဖို့ကို ဆောင်ရွက်နေတဲ့ အခါမှာ ကျရာအခန်းကဏ္ဍကနေ ကျွန်တော်တို့ ဆောင်ရွက်သွားမယ်လို့ သန္နိဋ္ဌာန် ချပြီးသား ဖြစ်ပါတယ်။ ကနေ့ ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံတော် အသီးသီးကို လိုက်မီအောင် ကျွန်တော်တို့တတွေ ကြိုးပမ်းဆောင်ရွက်နေတဲ့ အခန်းကဏ္ဍမှာ ကျွန်တော်တာဝန်ယူရတဲ့ ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီး ဌာနဟာဖြင့် နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိက အခန်းကဏ္ဍ ကနေပြီးတော့ တာဝန်ယူ ဆောင်ရွက်နေရတာဖြစ်တဲ့အတွက် ဘဏ္ဍာရေးအပိုင်း၊ ငွေရေးကြေးရေး အပိုင်းနဲ့ နည်းတူ အခွန်စနစ် အပိုင်းနဲ့လည်းပတ်သက်ပြီးတော့ ကျွန်တော်တို့လုပ်ကိုင်နေဆဲ၊ လုပ်နေဆဲ နောက်လုပ်မယ့်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်ရှင်းလင်းဆွေးနွေး

တင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းပါ အနေအထားမှာတော့ နိုင်ငံသားလုပ်ငန်းရှင်များအနေနဲ့ နိုင်ငံတကာဈေးကွက်မှာ အခွင့်အလမ်းတွေ ပိုမိုတိုးတက်ယှဉ်ပြိုင် ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်ရဲ့ ပို့ကုန်ဝင်ငွေ GDP တိုးမြင့်လာစေရန် သက်ဆိုင်ရာကုမ္ပဏီနဲ့ လုပ်ငန်းရှင်များအပေါ်မှာ ဘဏ္ဍာနှစ်အလိုက် အမြတ်ခွန်သာ သီးသန့် ကောက်ခံပြီး သီးခြားကောက်ခံလျက်ရှိသော ပို့ကုန်လုပ်ငန်းစဉ်များ၌ ကုန်သွယ်လုပ်ငန်းခွန် ရှစ်ရာခိုင်နှုန်း၊ ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း စုစုပေါင်း ၁၀ ရာခိုင်နှုန်း ကောက်ခံမှုနှင့် သွင်းကုန်လုပ်ငန်းစဉ်များမှာ ၃.၅ ပင်ရင်းမှ နှုတ်ယူသည့် အခွန်များကောက်ခံခြင်းကို ပယ်ဖျက်ပေးနိုင်ခြင်းရှိ၊ မရှိ၊ ဒေသတွင်း နိုင်ငံများ၏ ပို့ကုန်တိုးမြင့်ရေး အတွက် အဆိုပါ အခွန်အခများကို မကောက်ခံဘဲ၊ ကောက်ခံခြင်းမရှိဘဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကဲ့သို့ အချို့သော ပို့ကုန်အမယ်များအတွက် ဆောင်းငွေကိုပါ နိုင်ငံတော်မှ ဖြည့်ဆည်းကျခံ ဆောင်ရွက် ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီနေ့ကတော့ မေးမြန်းတဲ့ မေးခွန်းမှာ ပြောင်းပြန်ဖြစ်နေတဲ့အတွက် ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုးကိုလည်း ရှင်းပြခဲ့ပါတယ်။ သူကတော့ ကုန်သွယ်လုပ်ငန်းခွန် နှစ်ရာခိုင်နှုန်းနဲ့ ဝင်ငွေခွန် ရှစ်ရာခိုင်နှုန်းလို့ သူရေးထားတာ မှားယွင်း သွားပါတယ်ဆိုပြီးတော့ ပြန်ပြီးတော့ ပြင်ပါတယ်ခင်ဗျား။ ဒီမှာ ကျွန်တော်တို့ ဒီမေးခွန်းကိုပဲ ကျွန်တော်ဦးစားပေး တင်ပြရမယ်ဆိုရင် ဝင်ငွေခွန်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ လက်ရှိစနစ်အရ နိုင်ငံတော်ရဲ့ ဝင်ငွေခွန်ဟာ တစ်ဦးချင်းအနေနဲ့ကော ကုမ္ပဏီများ အပေါ်မှာကော ကျွန်တော်တို့ ကောက်ခံပါတယ်။

အဲဒီတော့ တစ်ဦးချင်းပုဂ္ဂိုလ်နဲ့ ကုမ္ပဏီများအပေါ်မှာ ဝင်ငွေခွန်တင်လားဆို မဟုတ်ဘူး။ အမြတ်ခွန်လည်း ကျွန်တော်တို့ ကောက်ခံပါတယ်။ လာမယ့် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်အရဆိုရင်တော့ အမြတ်ခွန် မရှိတော့ဘူး ဖြစ်ပါတယ်။ ဒီဝင်ငွေခွန်ပဲ ကျန်မှာ ဖြစ်ပါတယ်။ ဒီတော့ ဒီဝင်ငွေခွန်နဲ့ ပတ်သက်ပြီးတော့ ပြည်တွင်းမှာရှိတဲ့ ပြည်တွင်းကရတဲ့ ကျပ်ငွေတွေနဲ့ဝင်တဲ့ ဝင်ငွေအပေါ်မှာ တစ်ဦးချင်း ပုဂ္ဂိုလ်တွေ အပေါ်မှာ ခုနပြောတဲ့ အမြတ်ခွန် ဥပဒေအရ အမြတ်ခွန်စည်းကြပ်ပါတယ်။ ကုမ္ပဏီနဲ့အဖွဲ့အစည်း တွေအပေါ်မှာတော့ ဝင်ငွေခွန် ဥပဒေအရ ဝင်ငွေခွန်ကို ကျွန်တော်တို့ ကျပ်နဲ့ ကောက်ခံစည်းကြပ်တာ ဖြစ်ပါတယ်။ သို့သော် နိုင်ငံခြားငွေနဲ့ရတဲ့ ကိစ္စမှာတော့ ဝင်ငွေရရှိသည့် တစ်ဦးချင်းပုဂ္ဂိုလ်ကိုပဲဖြစ်စေ၊ ကုမ္ပဏီကိုပဲဖြစ်စေ၊ ဝင်ငွေခွန်ဥပဒေအရ နိုင်ငံခြားငွေရရင်တော့ နိုင်ငံခြားငွေ ကောက်ပါတယ်။ အဲဒီတော့ ဝင်ငွေခွန် ဥပဒေအရ စည်းကြပ်ကောက်ခံမယ်ဆို ရင် ကျွန်တော်တို့ အသားတင်အမြတ်ရဲ့ ၃၀ ရာခိုင်နှုန်းကို ကျွန်တော်တို့ ပေးဆောင်ရမှာ ဖြစ်ပါတယ်။ လုပ်ငန်းတစ်ခု လုပ်လိုက်လို့ အသားတင်မြတ်တယ်ဆိုရင်

ဒီမြတ်တဲ့ဟာရဲ့ ၃၀ ရာခိုင်နှုန်းကို ကျွန်တော် တို့ ပေးရမှာဖြစ်တဲ့အတွက် အခွန်ထမ်းဝန်ထမ်းများ ဝန်ထုပ်ဝန်ပိုး မဖြစ်ဖို့အတွက် အခွန်ပေးဆောင်တဲ့ နေရာမှာလည်း ရှင်းရှင်းလင်းလင်းဖြစ်ဖို့ နိုင်ငံခြားငွေနဲ့လုပ်တဲ့အခါမှာ ၃၀ ရာခိုင်နှုန်း ကျွန်တော်တို့ ကောက်ရင်တော့ မသင့်တော်ဘူး။ ဒါကြောင့်မို့ စုစုပေါင်း ရောင်းရငွေပေါ်မှာ နှစ်ရာခိုင်နှုန်းပဲ ပေးဆောင်ဖို့ ဆိုပြီးတော့မှ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကုန်သွယ်မှုမူဝါဒကောင်စီကနေပြီးတော့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးတော့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါဝင်ငွေခွန်နဲ့ ပတ်သက်လို့ ဖြစ်ပါတယ်။ ပြန်ပြောမယ် ဆိုရင် ကျပ်ငွေနဲ့ ကျွန်တော်တို့ စည်းကြပ်မယ်ဆိုရင် အသားတင်အမြတ်ရဲ့ ၃၀ ရာခိုင်နှုန်းပေးရမှာ ဖြစ်သော်လည်း နိုင်ငံခြားငွေနဲ့ရတဲ့ ရောင်းရငွေအပေါ်မှာတော့ ကျွန်တော်တို့က နှစ်ရာခိုင်နှုန်းပဲ ကောက်မယ် ဆိုပြီးတော့ ကျွန်တော်တို့ သတ်မှတ်ခဲ့တယ်ဆိုတာကို ရှင်းလင်း တင်ပြခြင်းဖြစ်ပါတယ်။

အလားတူပဲ ကုန်သွယ်လုပ်ငန်းခွန်နဲ့ပတ်သက်ပြီးတော့လည်း ဒီလိုပဲ ကျွန်တော်တို့ ကုန်သွယ်မှု မူဝါဒကောင်စီမှာ ပြုပြင်ခဲ့တာရှိပါတယ်။ ဒါဘာလဲဆိုလို့ရှိရင် ကုန်သွယ်လုပ်ငန်းခွန်ဟာ စားသုံးသူကနေ ကျွန်တော်တို့ ပေးဆောင်ရတာရှိတယ်။ မိမိကိုယ်၌ကလည်း ပစ္စည်းသွင်း တာတွေ၊ ပစ္စည်း ထုတ်တာတွေ အပေါ်မှာ ပေးဆောင်ရတာတွေရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဥပဒေအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားတဲ့ ကုန်ပစ္စည်းအမျိုးအစားဇယားတိုင်အရ အခွန်နှုန်းကျတဲ့ပစ္စည်းတွေ ဟာ ငါးရာခိုင်နှုန်းကနေပြီးတော့ ၂၀၀ ရာခိုင်နှုန်းအထိ ရှိပါတယ်။ ဒါ ကျွန်တော်တို့ ထုတ် ပြန်ထားပြီးသား အမိန့်ကြော်ငြာစာတွေမှာပါပြီး ဖြစ်ပါတယ်။ အဲဒီတော့ ပစ္စည်းအမျိုးအလိုက် အမျိုးအစား ကွဲပြားခြားနားမှု အပေါ်မှာ မူတည်ပြီးတော့မှ မိမိတိုင်းပြည်အတွက် မလိုအပ်တဲ့ပစ္စည်းကို များများ ကောက်ပြီးတော့ မိမိတိုင်းပြည်အတွက် လိုအပ်သောပစ္စည်းကို လျှော့ကောက်တာဖြစ်ပါတယ်။ တစ်ချို့ပစ္စည်းတွေဆိုရင် ကျွန်တော်တို့ လုံးဝမကောက်ပဲနဲ့ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပေးထားရတဲ့ပစ္စည်းတွေလည်းရှိပါတယ်။ ဒါ အကျဉ်းရှင်းပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံခြားငွေနဲ့ ရောင်းရငွေအပေါ်မှာကော ကျသင့်တဲ့ အခွန် နှုန်းကို အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ် ပြဋ္ဌာန်းတဲ့အတွက်ကြောင့် အခွန်ထမ်းတွေ ဝန်ထုတ်ဝန်ပိုး မဖြစ်ဖို့အတွက် ခုနကတုန်းက ငါး ရာခိုင်နှုန်းကနေပြီးတော့ ၂၀၀ ရာခိုင်နှုန်းအထိ ခြားနားနေ တဲ့ဟာကို နိုင်ငံခြားငွေနဲ့ ဆောင်ရွက်ပြီး နိုင်ငံခြားငွေနဲ့ရောင်းရပြီဆိုလို့ရှိရင် ရောင်းရငွေ စုစုပေါင်းအပေါ်မှာ ရှစ်ရာခိုင်နှုန်း ကျွန်တော်တို့ ကောက်ခံခဲ့ပါတယ်။ ပြန်ပြောမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံခြားငွေအတွက်သာလျှင် ရှစ်ရာခိုင်နှုန်း ဖြစ်ပါတယ်။ ကျန်တဲ့ဟာကတော့ သတ်မှတ်ထားတဲ့ ဇယားပါနှုန်းထားအတိုင်း ငါးရာခိုင်နှုန်းကနေ ၂၀၀ ရာခိုင်နှုန်းအတွင်းမှာ ကျသင့်တဲ့ဟာတွေကို ကျွန်တော်တို့ ပေးရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့

နိုင်ငံခြားငွေနဲ့ ကောက်တဲ့နေရာမှာ ဝင်ငွေခွန်မှာ နှစ်ရာခိုင်နှုန်းနဲ့ ကုန်သွယ် လုပ်ငန်းခွန်မှာ ရှစ်ရာခိုင်နှုန်းဆိုပြီးတော့ (8/2 )ဆိုပြီးတော့ အတိုကောက်ခေါ်ပြီးတော့ Ten Percent ကို ကျွန်တော်တို့ ကောက်နေတာဖြစ်ပါတယ်။ ဒီလို ကောက်ရတာလည်းပဲ နိုင်ငံတော်ရဲ့ လက်ရှိ လိုအပ်ချက်အရ ကျွန်တော်တို့ ကောက်ခံနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်စီးပွားဖွံ့ဖြိုး တိုးတက်မှု အပေါ်မှာ မူတည်ပြီးတော့မှ နောင်တစ်ချိန်မှာ ကျွန်တော်တို့ ပြန်လည်စဥ်းစား သုံးသပ်ပြီး တော့မှ လျှော့သင့်တဲ့ဟာကို ကျွန်တော်တို့ လျှော့မယ်ဆိုတဲ့ အနေအထား မျိုး ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ ကြိုတင်ပြီးတော့ အစီရင်ခံ တင်ပြလိုပါတယ်။ ဒါက ကျွန်တော်တို့ ဝင်ငွေခွန်နဲ့ ကုန်သွယ် လုပ်ငန်းခွန်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ သူတင်ပြခဲ့တဲ့ သွင်းကုန် လုပ်ငန်းစဥ်တွေ အပေါ်မှာ ၃.၅ ရာခိုင်နှုန်း အခွန်ကောက်ခံမှုနဲ့ ပတ်သက်ပြီးတော့ ဒါကိုလည်း ကျွန်တော် ဆက်လက်ရှင်းလင်းတင်ပြလိုပါတယ်။ ဒီ ၃.၅ ရာခိုင်နှုန်း အခွန်ကောက်ခံမှုဟာ ပင်ရင်းမှ နှုတ်ယူ ပေးသွင်းတဲ့ အခွန်( With Holding Tax )ဖြစ်ပါတယ်။ ဒါဘာလဲဆိုရင် ပစ္စည်းတစ်ခုကို ဝယ်ယူတယ်။ ဒါမှမဟုတ်ရင် လုပ်ငန်းတစ်ခုကို ဆောင်ရွက်ပေးစေတယ်။ အဲဒီလို လုပ်တဲ့အခါမှာ ငွေပေးချေမှု ပြုလုပ်ရပါတယ်။ ပစ္စည်းဝယ်ရင်လည်း ကျွန်တော်တို့ ငွေပေးရပါတယ်။ လုပ်ငန်း တစ်ခုကို ကန်ထရိုက် ပေးလိုက်လို့ အိမ်ဆောက်တာပဲဖြစ်ဖြစ် လုပ်ငန်းတစ်ခုကို ပေးလိုက်တဲ့အခါမှာ ငွေပေးချေရပါတယ်။ ဒီလို ပေးချေမှုတစ်ရပ် ပြုလုပ်တဲ့အချိန်မှာ ငွေထုတ်ပေးရန် တာဝန်ရှိတဲ့ သူက ဒီငွေပေါ်မှာ ကျသင့်တဲ့အခွန်ကိုနှုတ်ယူပြီးတော့ သက်ဆိုင်ရာကို လွှဲပြောင်းရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပင်ရင်းကနေပြီးတော့ ကျွန်တော်တို့နှုတ်ယူပေးသွင်းတဲ့အခွန်(With Holding Tax) လို့ခေါ်လိုက်တာ ဖြစ်ပါတယ်။ ဒါကို ထပ်ပြီးတော့ ရှင်းပြရမယ်ဆိုရင် ငွေပေးချေတဲ့ အဖွဲ့အစည်းက ကျခံရတာ မဟုတ်ပါဘူး။ ပစ္စည်းရောင်းချ ပေးသွင်းတဲ့လူ ဒါမှမဟုတ်လို့ရှိရင် လုပ်ငန်းကို တာဝန်ယူ လုပ်ကိုင် ဆောင်ရွက်တဲ့ လူက ပေးရတာဖြစ်ပါတယ်။ သူရမယ့် ပိုက်ဆံထဲကနေ ပိုက်ဆံထုတ်ပေးတဲ့ သူက ပြန်နှိုက်ယူလိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပစ္စည်းဝယ်ယူခြင်းအတွက် ပြည်ပကို ငွေပေးချေတဲ့ အပေါ်မှာ ကျွန်တော်တို့ ၃.၅ ရာခိုင်နှုန်း နှုတ်ယူကောက်ခံပါတယ်။ ဒါကြောင့်အဲဒီ အခွန်ဟာ သွင်းကုန်ပစ္စည်း ဝယ်ယူတင်သွင်းတဲ့ ပြင်ပနေ နိုင်ငံခြားသားကနေ သွင်းကုန်ပစ္စည်း ဝယ်ယူတင်သွင်းတဲ့ ပြည်တွင်းနေ နိုင်ငံသားက ပေးဆောင်ရတာ မဟုတ်ဘဲနဲ့ ငွေပေးချေလို့ ရမယ့် ကုန်ပစ္စည်းရောင်းတဲ့ နိုင်ငံခြားသားကနေတော့မှ ပေးဆောင်ရတာဖြစ်ပါတယ်။ တချို့က အဲဒါကို ရှုပ်ထွေးနေပြီးတော့မှ ကိုယ်ကပဲ ပေးသလိုလို ဖြစ်နေတယ်။ အမှန်တော့ ကိုယ်ပေးလိုက်မယ့် ပိုက်ဆံထဲက မင်း ဒို့နိုင်ငံတော်အတွက် ၃.၅ ရာခိုင်နှုန်းပြန်ပေးပါဆိုပြီးတော့ သူ့ဆီက နှုတ်ယူပြီးတော့

ပင်ရင်းကနေ ကျွန်တော်တို့ ချေပေးလိုက်တဲ့ကိစ္စဖြစ်ပါတယ်။ ဒီလို ပေးဆောင်ရတဲ့ ကိစ္စကလည်းပဲ ပြည်ပမှာနေတဲ့ နိုင်ငံခြားသားတွေအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ မတည်ပစ္စည်း တစ်ခုခုသော်လည်းကောင်း၊ ဝင်ငွေရလမ်းတစ်ခုခုသော် လည်းကောင်း ရရှိတဲ့ဝင်ငွေကို ကျွန်တော်တို့ စည်းကြပ်တာ ဖြစ်ပါတယ်။ ဥပဒေမှာလည်းပဲ ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။ လက်တွေ့မှာ ပြည်ပနေ နိုင်ငံခြားသားများဟာ မြန်မာနိုင်ငံမှာ အခြေကျ နေထိုင်သူတွေမဟုတ်တဲ့ အတွက်ကြောင့် အခွန် စည်းကြပ် ကောက်ခံဖို့အတွက် အခက်အခဲရှိပါတယ်။ ရသင့်ရထိုက်တဲ့ အခွန်တွေ လွတ်ကင်းဖို့ မရှိဖို့အတွက်ကို ကျွန်တော်တို့ကနေ ပင်ရင်းကနေနှုတ်ယူပြီးတော့မှ နိုင်ငံတော်က ရယူလိုက်တာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်ပနေနိုင်ငံသားများက မြန်မာနိုင်ငံတွင်းက ဖြစ်ထွန်းပေါ်ပေါက်တဲ့ ဝင်ငွေအပေါ်မှာ အချုပ်အချာအာဏာပိုင် မြန်မာနိုင်ငံ ကနေပြီးတော့မှ အခွန်ကောက်ခံခွင့် (Taxing Right) အရ ကျွန်တော်တို့ အပြည့်အဝကျင့်သုံး ကောက်ခံလိုက်တာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ခုနက တင်ပြခဲ့တဲ့ ဝင်ငွေခွန်၊ ကုန်သွယ်ခွန် Ten Percent ၊ ဝင်ငွေ နဲ့ ကုန်သွယ်ခွန် 8/2 နဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော် ဟိုတစ်နေ့ကလည်း ဒီအတိုင်းပဲ ရှင်းပြခဲ့ပါတယ်။ အသေးစိတ် လည်း ကျွန်တော်တို့ ဌာနတွေမှာလည်း ထပ်ပြီးတော့ သိချင်တာတွေ ထပ်ရှင်းပြလို့ရပါတယ်။ (With Holding )နဲ့ပတ်သက်ပြီး တော့လည်း ၃.၅ ဟာ တချို့က ထင်နေတာက ကျွန်တော်တို့ ကပေးရတယ်လို့ ထင်နေတာ၊ အမှန်တော့ ကျွန်တော်တို့ ပေးရတာမဟုတ်ဘူး။ ကျွန်တော် တို့ကိုလာပြီးတော့ ပစ္စည်းရောင်းတဲ့လူ၊ ကျွန်တော်တို့ကို လာပြီးတော့ အလုပ်လုပ်တဲ့လူကို ကျွန်တော်တို့က သူ့ဆီကနေ ပြန်ဖြတ်တောက်ပြီးတော့မှ နိုင်ငံတော်ကို ပေးသွင်းရတာဖြစ်ပါတယ်။ ဒီလို ပေးသွင်းမှုတွေရှိပေမယ့်လို့ ကျွန်တော်တို့နိုင်ငံနဲ့ (DTA)လို့ခေါ်တဲ့ ထိုးထားတဲ့ ခြောက်နိုင်ငံကတော့ စာချုပ်ပါ အချက်အလက်တွေအတိုင်း ကျွန်တော်တို့ လိုက်နာဆောင်ရွက်ရတာရှိပါတယ်။

ကျွန်တော်တို့စာချုပ်ပါ အချက်အလက်တွေအတိုင်း ကျွန်တော်တို့ လိုက်နာဆောင်ရွက်ရတာ ရှိပါတယ်။ ဒီနိုင်ငံတွေကတော့ ယူနိုက်တက်ကင်းဒမ်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနဲ့ စင်္ကာပူနိုင်ငံတွေဖြစ်ပါတယ်။ ခြောက်နိုင်ငံတော့ ကျွန်တော်တို့က (DTA)ဆိုတာ ထိုးထားပြီးပါပြီ။ သူတို့ဟိုဘက်မှာ ပေးရင် ကျွန်တော်တို့ ဒီဘက်ကနေ ကောက်လို့မရဘူး။ ကျွန်တော်တို့လူက ဟိုဘက်ကနေပေးခဲ့ပြီဆိုရင် ဒီဘက်မှာ ကောက်လို့ မရပါဘူး။ ကတိကဝတ်တွေရှိတဲ့အတိုင်း စာချုပ်ပါ အချက်အလက်တွေအတိုင်း ကျွန်တော်တို့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒါကြောင့် ပင်ရင်းကနေ နှုတ်ယူပေးသွင်းတဲ့ နည်းလမ်းစည်းကြပ်ကောက်ခံခြင်းကို

အနောက်နိုင်ငံတွေရော၊ ဥရောပနိုင်ငံတွေရော၊ အာရှနိုင်ငံနဲ့ အရှေ့တောင်အာရှနိုင်ငံတွေ အားလုံး လိုလိုမှာ တွင်တွင်ကျယ်ကျယ် ကျွန်တော်တို့ သုံးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီကလည်း အမိန့်ထုတ်ပြန်ထားပြီးဆိုသော်လည်းပဲ တိတိကျကျလိုက်နာမှု အားနည်းတဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းစဉ်ကြီးကို ထူးထူးခြားခြားလို့ အောက်မေ့ပြီးတော့ လာရောက်မေးမြန်းဆွေးနွေးခြင်းတွေ မကြာခဏပြုလုပ်ပေးနေရတာရှိပါတယ်။ အဲဒီတော့ တစ်ဆက်တည်းပဲ ကျွန်တော်တို့ တင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ GDP နဲ့Tax Ratio ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အာဆီယံအကောင်းဆုံးနိုင်ငံတွေကို ပြန်ကြည့်တဲ့အခါမှာ သူ့သက်ဆိုင်ရာနိုင်ငံအလိုက် GDP နဲ့ Tax အချိုးတွေဟာ တော်တော်များများကောင်းမွန်တာတွေ တွေ့ရပါတယ်။ ဥပမာ- ဘရူနိုင်းဟာဆိုရင် ၃၀ ရာခိုင်နှုန်းရှိပါတယ်။ ကမ္ဘောဒီးယားက ၈ ရာခိုင်နှုန်းရှိပါတယ်။ အင်ဒိုနီးရှားက ၁၁ ရာခိုင်နှုန်း ရှိပါတယ်။ လာအိုက ၁၀.၈ ရာခိုင်နှုန်းရှိပါတယ်။ မလေးရှားက ၁၅.၅ ရာခိုင်နှုန်းရှိပါတယ်။ ဖိလစ်ပိုင်က ၁၄.၄ ရာခိုင်နှုန်းရှိပါတယ်။ စင်္ကာပူက ၁၃ ရာခိုင်နှုန်းရှိပါတယ်။ ထိုင်းက ၁၇ ရာခိုင်နှုန်းရှိပါတယ်။ ဗီယက်နမ်က ၁၃.၈ ရာခိုင်နှုန်းရှိပါတယ်။ ဂျပန်က ၂၇.၄ ရာခိုင်နှုန်း၊ တောင်ကိုရီးယားက ၂၆.၈ ရာခိုင်နှုန်းနဲ့ တရုတ်က ၁၇ ရာခိုင်နှုန်း ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံက ပြီးခဲ့တဲ့ ၂၀၀၉၊ ၂၀၁၀ ဘဏ္ဍာနှစ် Tax GDP Ratio က ၃.၂ ရာခိုင်နှုန်းပဲ ရှိပါ တယ်။ အဲဒီတော့ အနည်းဆုံးဖြစ်တဲ့ ကမ္ဘောဒီးယားကတောင်မှ ၈ ရာခိုင်နှုန်းရှိတဲ့အတွက် ကျွန်တော်တို့ ဒေသတွင်းမှာကို ကျွန်တော်တို့ နိုင်ငံရဲ့ Tax GDP Ratio က အများကြီးနည်းနေသေးတယ်ဆိုတာကို တွေ့ရှိရပါတယ်။

အဲဒီတော့ ဒီလိုဖြစ်ပေါ်နေရတဲ့ အကြောင်းရင်းတွေကို ပြန်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ နိုင်ငံတော်ဟာ ပြီးခဲ့တဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဈေးကွက်စီးပွားရေးစနစ်အရသွားပြီဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့ဟာ ရသင့်ရထိုက်တဲ့ အခွန်အခတွေကို ရအောင်ဆောင်ရွက်ဖို့ လိုပါတယ်။ ဒီလို ဆောင်ရွက်ဖို့အတွက်ကို ကျွန်တော်တို့ရဲ့ တိုင်းပြည်ရဲ့ အားနည်းချက်တွေအများကြီး ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ခေတ်အဆက်ဆက် ပြောင်းလဲလာခဲ့ပြီး အထူးသဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်မှာ ပြည်သူပိုင်ကဏ္ဍတွေများတဲ့ အတွက်ကြောင့်မို့လို့ အခွန်ကိစ္စနဲ့ပတ်သက်ပြီးတော့ အခွန်ဆိုတာ ဘာလဲဆိုတဲ့အနေအထားတောင်မှ ဖြစ်သွားတဲ့ အနေအထားဖြစ်ပါတယ်။ အခွန်နဲ့ ပတ်သက်လို့လည်း ရှောင်တိမ်းမှုတွေများပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံရဲ့ အခွန်ရငွေနဲ့ ပတ်သက်ပြီးတော့မှ GDP အချိုးနဲ့နည်းပါးနေရတဲ့ အကြောင်းတွေ ပြန်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်၊ သက်သာခွင့်တွေ ပေးနေရတာများ ပါတယ်။ ပထမအချက်အနေနဲ့တော့ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တွေများပါတယ်။

အခွန်ထမ်း ပြည်သူတွေ အခွန်ထမ်းတဲ့သူတွေက အခွန်ဥပဒေတွေအပေါ်မှာ လိုက်နာဆောင်ရွက်မှု အားနည်းပါတယ်။ အခွန်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရာတွင် ဒေသ၊ ဌာနဆိုင်ရာအဖွဲ့အစည်းတွေကနေ ပံ့ပိုးကူညီမှုအားနည်းပါတယ်။ စာရင်း၊ ဇယားများနဲ့ ပတ်သက်ပြီးတော့ စာရင်းကိုင်များ၊ စာရင်းစစ်များအဖွဲ့က ဆိုင်ရာဥပဒေများ၊ စံများနဲ့အညီ ဆောင်ရွက်နိုင်မှု အားနည်းပါတယ်။ နောက်ပြီးတော့ကျွန်တော်တို့ရဲ့ အခွန်စနစ်ဟာ ရှင်းလင်း လွယ်ကူတဲ့ အခွန်စနစ်ဖြစ်အောင် ဆောင်ရွက်ဖို့လိုပါတယ်။ ဒီအချက် ငါးချက်ကို ကျွန်တော်တို့ သွားတွေ့ပါတယ်။ ဒါကြောင့် ဒါကို ကျွန်တော်တို့ အကျယ်ချဲ့ပြီးတော့ တင်ပြရမယ်ဆိုရင် အများကြီး အချိန်ပေးရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီအချက် ငါးချက်အရ ကျွန်တော်တို့ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်တွေ အများကြီးပေးထားခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ဟာ စိုက်ပျိုးရေး နိုင်ငံဖြစ်တယ်။ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက်ကြောင့် ပြောမယ်ဆိုရင် ကျွန်တော်တို့ လယ်ယာကဏ္ဍက ရရှိမှုအများကြီးနည်းပါတယ်။ ဝန်ဆောင်မှုကဏ္ဍဖြစ်တဲ့ ကျွန်တော်တို့ ရောင်းဝယ်ဖောက်ကားတဲ့ အပေါ်မှာ အကြိမ်ကြိမ်အလီလီ ရောင်းတယ်၊ ဝယ်တယ်လုပ်မယ်ဆိုရင် မလိုက်နိုင် ပါဘူး။ တစ်ကြိမ်လောက်ပဲ လိုက်ပြီးတော့မှ ကောက်ခံနိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရရှိမှု အားနည်းတာဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ လယ်ယာလုပ်ငန်း၊ သားငါးကဏ္ဍ ကုန်ထုတ်လုပ်ငန်းတွေအပေါ်မှာလည်း ကျွန်တော်တို့ဆောင်ရွက်တဲ့အပိုင်းမှာ ကျွန်တော်တို့နိုင်ငံဟာ လယ်ယာ၊ သားငါးကဏ္ဍဟာ ၄၅ ရာခိုင်နှုန်းရှိပေမယ့်လို့ ဒီအပေါ်ကနေ ရရှိတဲ့အခွန်က တော်တော်လေးနည်းပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေအပေါ်မှာ သက်သာခွင့်တွေ အများကြီးပေးထားပါတယ်။ ဒါမှလည်း ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တောသူ၊ တောင်သားတွေ ပြည့်ပြည့် ဝဝနဲ့ နေနိုင်ထိုင်နိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတဲ့ အနေအထားမျိုးနဲ့ ကင်းလွတ်ခွင့်တွေပေးခဲ့ရတာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍအပေါ်မှာ ထွက်ကုန်တွေအပေါ်မှာ ကျွန်တော်တို့ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တွေ ပေးထားရတယ်။ ဝင်ငွေခွန်၊ အမြတ်ခွန်တွေကိုတော့ ကျွန်တော်တို့ ကောက်ခံတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ တောင်သူများဟာ တစ်နှစ်မှာ တစ်ကြိမ်မက စိုက်ပျိုးနိုင်သော်လည်းပဲ ကျွန်တော်တို့က တစ်ကြိမ်ရဲ့တန်ဖိုးလောက်သာလျှင် ကျွန်တော်တို့ ကောက်ခံပြီးတော့လျှော့ပေါ့ ပေးခဲ့တာတွေ ရှိပါတယ်။ ဒါ့အပြင် ဒုတိယအချက်ဖြစ်တဲ့ အခွန်ထမ်းများက အခွန်ဥပဒေကို လိုက်နာရန် အားနည်းပြီး ဒါဘာလဲ အခွန်နဲ့ပတ်သက်ပြီး အသိပညာပေးမှု ကျွန်တော်တို့ဆီမှာ အားနည်းပါတယ်။ အခွန်ဥပဒေအပေါ်မှာ စိတ်ဝင်စားမှုမရှိပါဘူး။ ဒါကြောင့်လည်း ကျွန်တော်တို့ အားနည်းပါတယ်။ တချို့ဒေသဆိုင်ရာဌာနအဖွဲ့အစည်းများက အခွန်ထမ်းများနဲ့ အခွန်ဥပဒေများအတိုင်း ဆောင်ရွက်ဖို့

အတွက် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးတာရှိသလို တချို့ဒေသဆိုင်ရာ အဖွဲ့အစည်းတွေကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ အားနည်းချက်ဖြစ်ရတာတွေ တွေ့ပါတယ်။ နောက်တစ်ချက်ကတော့ အခွန်ထမ်းကုမ္ပဏီတွေ ဥပဒေနဲ့အညီ သတ်မှတ်တဲ့ စာရင်းဇယားတွေရေးဆွဲတဲ့အခါမှာ နိုင်ငံတော်က အသိအမှတ်ပြုတဲ့ လက်မှတ်ရပြည်သူ့စာရင်းကိုင် များရဲ့ စာရင်းစစ်ဆေးခြင်းကိုခံယူပြီးမှ အခွန်ရုံးများကို တင်ပြရမှာ ဖြစ်သော်လည်းပဲ စာရင်းကိုင်စံ များအရ စာရင်းရေးသွင်းသူနဲ့ စာရင်းစစ်သူများက သီးခြားစီဖြစ်နေ ပြီးတော့ စာရင်းကို ကျွန်တော်တို့ အမျိုးမျိုးရေးဆွဲပြီးတော့မှ အခွန်ကို လျှော့ပေါ့ဆောင်ရွက် နေတာတွေကြောင့်လည်း အားနည်း တာတွေ့ရပါတယ်။ နောက်ဆုံးအချက်အနေနဲ့တော့ ကျွန်တော်တို့ ခေတ်နဲ့လျော်ညီတဲ့၊ အခွန်နဲ့ ပတ်သက်တဲ့အမိန့်ညွှန်ကြားချက်တွေ၊ ရှင်းလင်းလွယ်ကူတဲ့ ကိစ္စရပ်တွေကို ကျွန်တော်တို့ ဆောင်ရွက် နိုင်မှသာလျှင် ကျွန်တော်တို့ရဲ့ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်တွေဟာ ပိုမိုတိုးတက်ရရှိ လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့သုံးသပ်ရရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ရှေ့သွားရမယ့် လုပ်ငန်းစဉ်မှာ ဈေးကွက်စီးပွားရေးစနစ်အရ အခွန်စနစ်နဲ့ နိုင်ငံ တော်ရဲ့ ရသင့်ရထိုက်တဲ့ ဝင်ငွေတွေကို ရရှိအောင် ကျွန်တော်တို ဆောင်ရွက်ဖို့ဆိုတဲ့ နေရာမှာ ကျွန်တော်တို့ ဗဟို ပြည်ထောင်စုအစိုးရရှိသလို ပြည်နယ်နှင့်တိုင်းဒေသဆိုင်ရာအဖွဲ့အစည်း အစိုးရတွေကလည်း ကျွန်တော်တို့ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ လက်ရှိတော့ ကျွန်တော်တို့က အခွန်နဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ဝန်ကြီးဌာန ခုနှစ်ခု ကနေပြီးတော့ မှ ကျွန်တော်တို့ တာဝန်ယူပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဝန်ကြီးဌာန ခုနှစ်ခု ကိုလည်းပဲ ကျွန်တော် ရှင်းလင်းတင်ပြရမယ်ဆိုရင် အခွန်ကောက်ခံသော ဝန်ကြီးဌာနများမှာ ပြည်ထဲရေး၊ သစ်တောရေးရာ၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ရထားပို့ဆောင်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးနဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဆိုပြီးတော့ အခွန်အရပ်ရပ်ကို ကောက်ခံတဲ့ ဌာနကြီး ခုနှစ်ခု ရှိပါတယ်။ ပြည်ထဲရေးအနေနဲ့ ဘာတွေကောက်သလဲ၊ ယစ်မျိုးခွန်၊ မြေယာခွန်မှာ ကောက်တဲ့ရေနဲ့တာတမံခွန်၊ ဓာတ်သတ္တုနှင့် ပစ္စည်းများထုတ်ယူတဲ့ အခွန်တွေကို ကောက်ပါတယ်။ သစ်တောရေးရာအနေနဲ့က သစ်တောများမှ ပစ္စည်းများထုတ်ယူတဲ့ အတွက်ကောက်ခံရတဲ့အခွန်၊ ကြက်ပေါင်စေးပေါ်မှာ ကောက်ခံတဲ့အခွန် ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေခွန်ကောက်ခံပါတယ်။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနကအင်းခွန်ကိုကောက်ပါတယ်။ရထားပို့ဆောင်ရေးဝန်ကြီးဌာနက သယ်ယူပို့ဆောင်ရေးအခွန်ကို ကောက်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက

သွင်းကုန်အတွက် လိုင်စင်ခတွေကောက်ပါတယ်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အခွန်ခြောက်မျိုးဖြစ်တဲ့ ကုန်သွယ်လုပ်ငန်းခွန်၊ အောင်ဘာလေသိန်းဆု၊ တံဆိပ်ခေါင်းခွန်၊ ဝင်ငွေခွန်၊ အမြတ်ခွန်နှင့် အကောက်ခွန်ဆိုတဲ့ ခြောက်ခုကို ကျွန်တော်တို့ ကောက်ပါတယ်။ ဒီခြောက်ရပ်ထဲမှာ အများဆုံးကောက်ခံ ရတဲ့ပမာဏအားဖြင့်တော့ ကျွန်တော်တို့ဝန်ကြီးဌာနက အခွန်ခြောက်မျိုး ကတော့ အများဆုံးကောက်ခံ ရတာဖြစ်ပါတယ်။ ကျန်တဲ့ဌာနတွေလည်း နှုန်းထားအတိုင်း ကောက်ခံနေတာဖြစ်ပါတယ်။ သို့သော် ဒီ နှုန်းထားတွေဟာ ခေတ်၊ စနစ်နဲ့လျော်ညီသလားဆိုတာ ကျွန်တော်တို့ ပြန်ကြည့်ရပါမယ်။ တချို့ဟာတွေက ခေတ်စနစ်နဲ့ မလျော်ညီတော့ရင်လည်း ကျွန်တော်တို့ ပြုပြင်ဆောင်ရွက်သွားဖို့အတွက် လိုပါ့မယ်။ ပြုပြင်ဆောင်ရွက်ဖို့အတွက်လည်း စီမံရမှာဖြစ်ပါတယ်။ ၂၀၀၈ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် များကနေပြီးတော့လည်း အခွန်တွေခွဲခြားပြီးတော့ ကောက်ခံရမှာဖြစ်တဲ့အတွက် မကြာခင်ပေါ်ပေါက်လာတဲ့ အစိုးရသစ်မှာ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ကောက်ခံမယ့်အခွန် အရပ်ရပ်တွေလည်း ညှိနှိုင်းဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒီလိုဆောင်ရွက်သွားမယ်ဆိုရင် ခုနက ကျွန်တော်ပြောခဲ့တဲ့ အားနည်းချက်တွေကို ဖော်ထုတ်ပြီးတော့မှ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များကလည်းပဲ ကွက်ပြည့်နင်းပြီး ဆောင်ရွက်မယ်ဆိုလို့ရှိရင် လွတ်ကင်းနေတဲ့အခွန်တွေ၊ ပျောက်ဆုံးနေတဲ့ အခွန်တွေ၊ လျော့နည်းနေတဲ့အခွန်တွေ၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်တွေ ဖြစ်လာမှာ ဖြစ်ပါတယ်။

ဒီအခွန်တွေ ရသင့်ရထိုက်တဲ့အတွက်ကြောင့် နိုင်ငံတော်ဝင်ငွေတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ အများကြီး ဆောင်ရွက်လို့ရမှာဖြစ်ပါတယ်။ လက်ရှိအနေအထားအရတော့ ခုနက ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း GDP နဲ့ အခွန် အချိုးဟာ ၃.၂ သာရှိတဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့ အင်မတန်မှ နည်းနေပါသေးတယ်။ ဒီပေါ်မှာ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနဲ့တကွ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး သိသာထင်ရှားအောင် ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ဒီ ရရှိရေးမှာ ကျွန်တော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစွာနဲ့ နိုင်ငံတော်အကျိုးကို သယ်ပိုးနိုင်ဖို့အတွက် ကျွန်တော်အနေနဲ့ အချိန်ယူ ပြီးတော့ ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ရှင်းလင်းပြောကြားပေးတဲ့ ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ အခွန်ဘဏ္ဍာရှိမှပဲ မနေ့က တင်ပြကြတဲ့ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ တင်ပြခဲ့ကြတဲ့ ပင်စင်လစာများတိုးပေးရေး၊ ဝန်ထမ်းလစာ၊ လုပ်အားခများ တိုးပေးရေးစသည့်လိုအပ်ချက်များကို ဖြည့်တင်းပေး နိုင်မှာဖြစ်ပါတယ်။ မနက်က နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီးရှင်းလင်းတဲ့ နေရာမှာ ဝန်ကြီးဌာနအနေနဲ့နယ်စပ်ဒေသများ တိုးတက်ဖွံ့ဖြိုးဖို့အတွက် ကျွန်တော်မှတ်လိုက်တာ ကတော့ ဘီလီယံပေါင်း ၃၄၄ ဘီလီယံ သုံးစွဲခဲ့ကြောင်း မှတ်လိုက်ရပါတယ်။ နိုင်ငံတော်ကြီးနဲ့ ကြည့်မယ်ဆိုရင်တော့ တော်တော်များပါတယ်။ တော်တော့်ကို များပါတယ်။ နိုင်ငံတော်အနေနဲ့ ဘာနဲ့နှိုင်းယှဥ်မလဲဆိုရင် ခုနက ဝန်ကြီးရှင်းပြတဲ့ GDP က ၁၀၀ ဆိုလို့ရှိရင် အခွန်ကောက်လို့ရတာက ၃.၂ ရာခိုင်နှုန်းပဲရှိတယ်။ အဲဒီထဲကမှ ခုနက ဒီလောက်သုံးလိုက်ရ တယ်ဆိုတာ တော်တော်များတယ်။ တော်တော် များတယ်။ သို့ရာတွင် ပြည်နယ်အလိုက် ၊ဒေသအလိုက် ခွဲယူလိုက်တဲ့အခါကြတော့လည်း ရတဲ့လူတွေအတွက် နည်းတယ်လို့ ထင်နိုင်စရာအကြောင်းရှိပါတယ်။ ဒါဖြစ်ရင် ကျွန်တော်တို့က များများပေးနိုင်အောင်၊ များများကူညီနိုင်အောင် စောင့်ရှောက်နိုင်အောင် ဆိုလို့ရှိရင်တော့ နိုင်ငံတော်က ရသင့်တဲ့ အခွန်အခများကို စနစ်တကျ မှန်မှန်ကန်ကန်ဆောင်ရွက် မှသာ ဖြစ်မယ်ဆိုတဲ့ အဖြေပေါ်ပါတယ်။ ဒါကြောင့်လည်း ခုနက ဝန်ကြီးရှင်းလင်းတင်ပြတဲ့အတွက် တကယ်တမ်း ကျွန်တော်တို့တတွေ တချို့သိတယ်ဆိုသော်လည်း သိမှုက လွဲချင်လွဲနိုင်ပါတယ်။ တချို့သိချင်မှလည်း သိအုံးမှာပါ။ အခုလို ရှင်းလင်းပြလိုက်တဲ့အတွက် သိသွားတယ်၊ တချို့ မရှင်းမလင်းဖြစ်တာလည်း ရှင်းလင်းသွားတယ်။ အရေးကြီးပါတယ်။ ကျွန်တော်တို့ ဒါမြို့နယ်အသီးသီးရဲ့ ပြည်သူ့ကိုယ်စားလှယ် များ ဖြစ်တဲ့အတွက် မြို့နယ်အသီးသီးမှာ မိမိတို့ ပြန်သွားတဲ့အခါကြတော့လည်း ယုံကြည်စွာ အပ်နှံလိုက်တဲ့ ကိုယ်စားလှယ်တွေလည်း ကတိပေးခဲ့တာတွေရှိလိမ့်မယ်။ ပြောခဲ့တာတွေရှိလိမ့်မယ်။ ဟိုရောက်လို့ရှိရင်လည်း တင်ပြမယ်၊ အခွင့်အရေးတွေ တောင်းခံမယ်။ ဒီရောက်တဲ့အခါမှာလည်း ကတိပေးခဲ့တာတွေရှိလိမ့်မယ်။ နောက်ဟိုရောက်လို့ရှိရင်လည်း တင်ပြမယ်။ အခွင့်အရေး တောင်းခဲ့မယ်။ ဒီရောက်တဲ့အခါမှာလည်း တင်ပြပါတယ်။ အခွင့်အရေးတောင်းပါတယ်။ ဒါပေမယ့် တောင်းတိုင်းလည်း အားလုံးမရနိုင်ဘူးလေ။ ပေးချင်တဲ့ စေတနာရှိပေမယ့်လို့ ပေးနိုင်တဲ့ပစ္စည်း၊ ငွေမရှိဘူးဆိုရင်လည်း မရနိုင်ဘူး။ အဲဒီအခါမှာ မိမိတို့က ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာလည်း ပြည်သူများကို ပြန်ပြီးတော့ ရှင်းပြလို့ရနိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ ဒီတော့ခုနနဲ့ ဆက်စပ်ပြီးတော့ နိုင်ငံတော်က ၃၄၄ ဘီလီယံဆိုတာ အများကြီးပဲ။ ဒါပေမယ့်လို့ ပြည်နယ်အလိုက်၊ ဒေသအလိုက်ခွဲတဲ့အခါမှာ နည်းနည်းလေးပဲ၊ ပြည့်စုံမှာလည်း မဟုတ်သေးဘူး။ ဒီ့ပြင်ဟာ မပြောပါနဲ့။

ကျွန်တော်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ကျွန်တော်တို့အမြင်ပေါ့လေ။ အင်မတန်မှ တိုးတက်ထွန်းကားတဲ့နိုင်ငံ၊ စီးပွားရေးလည်း အင်မတန်ကောင်းတယ်။ ဒီနေ့ဆိုလို့ရှိရင် ကမ္ဘာ့အရန်ငွေကြေးမှာ ဂျပန်ကိုကျော်လွန်ပြီးတော့ ဒုတိယနေရာကို လိုက်သွားပြီ။ ဒါကြောင့်မို့လို့ ဖွံ့ဖြိုးတဲ့နိုင်ငံလို့ ကျွန်တော်က ဒီလိုသတ်မှတ်ပြီးတော့ သူတို့နိုင်ငံတာဝန်ရှိတဲ့ ခေါင်းဆောင်များနဲ့ တွေ့ပြီးတော့ ပြောတော့မဟုတ်ပါဘူးတဲ့ သူတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံမဟုတ်ပါဘူး။ သူတို့နိုင်ငံမှာဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးဖို့နေရာတွေ အများကြီးကျန်ပါသေးတယ်။ အတွင်းပိုင်း Remote ဧရိယာတွေ အများကြီးကျန်ပါသေးတယ်။ ဖြည့်ဆည်းရန် အများကြီးကျန်တဲ့အတွက် ကျွန်တော်တို့ ခုနက အထင်ကြီးထားတဲ့ တရုတ်နိုင်ငံသည်ပင် ဒီလိုအခြေအနေမှာ ရှိနေတယ်။ ကျွန်တော်တို့ နိုင်ငံတွေကြတော့ ခုနကပြောတဲ့ အခြေအနေရှိတဲ့အတွက် နိုင်ငံတော်ဘက်ကရော၊ ပြည်ထောင်စုဘက်ကရော စေတနာတွေရှိတယ်။ သို့ရာတွင် စေတနာတွေ အကောင်အထည် ဖော်မယ်ဆိုလို့ရှိရင်တော့ အကောင်အထည်ဖော်နိုင်မဲ့ ငွေကြေး၊ ဘဏ္ဍာဆိုတာ လိုပါတယ်။ ဒါကြောင့်မို့လို့ ဘဏ္ဍာငွေကို စနစ်တကျမှန်မှန်ရရှိအောင် ဆောင်ရွက်ရေးဟာလည်း ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေလည်း တာဝန်ရှိပါတယ်။ တာဝန်ရှိတဲ့သူကလည်း မှန်မှန်ကန်ကန် ဖြစ်အောင်လည်း ကြပ်မတ်ထိန်းသိမ်းဖို့လည်းလိုပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်လာဖို့ဆိုတာလည်း တကယ်တန်းကျတော့ မလွယ်ပါဘူး။ တော်တော်ရင်းနှီး ခဲ့ရပါတယ်။ အချိန်တွေပေးခဲ့ရပါတယ်။ ပြည်သူတွေယုံကြည်အောင် ပြည်သူတွေဆီမှာ ထိတွေ့ပြီးတဲ့ အခါမှာပဲ ဒီမဲဆန္ဒနယ်မှာတော့ ကျွန်တော်ရွေးမယ်။ ကျွန်မရွေးမယ်။ ကျွန်မကို ထောက်ခံပါ ဆိုတဲ့ဟာကို နှုတ်နဲ့ သို့မဟုတ် အခြားနည်းနဲ့ ပြောဆိုတဲ့အခါမှာ ပြည်သူတွေ ယုံကြည်ပြီးတော့ ပြည်သူ့ ကိုယ်စားလှယ်တွေ ဖြစ်လာရတဲ့သူများ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်ဒီမှာ နောက်ဆုံး အကြံပြုတိုက်တွန်းတင်ပြချင်တာက မိမိတို့ ပေးခဲ့တဲ့ ကတိကဝတ်တွေ ရှိကောင်းရှိပါမယ်။ အဲဒီကတိကဝတ်တွေကိုလည်း မိမိတို့က တတ်နိုင်သမျှ ဆောင်ရွက်ပေးဖို့နဲ့ ပြည်သူများရဲ့ ယုံကြည်အားထားမှုရှိအောင်လည်း ဆက်လက်လုပ်ဆောင်သွားဖို့ လိုပါတယ်။ ဒီလိုဆိုရင် ကျွန်တော် တို့တတွေဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာ အဓိက တာဝန်ကဘာလဲ။ ကျွန်တော်တို့ ဥပဒေပြုမှုအဓိကတာဝန်ရှိပါတယ်။ ပြီးတဲ့အခါမှာ ဘာအဓိက တာဝန်ရှိသလဲဆိုရင် ဒီဥပဒေပြုဖို့ဆိုတဲ့ အခါမှာ ဒီနေ့နိုင်ငံတော်ကထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေကို မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ သိထားဖို့ နားလည်ထားဖို့လိုပါတယ်။ ဥပဒေလိုက်နာပါ၊ ဥပဒေကို လေးစားပါဆိုပြီးတဲ့အခါမှာ ဥပဒေဟာ ဘယ်လိုထုတ်ပြန်ထားမှန်းမသိဘူးဆိုလို့ရှိရင် ပြောတာဟာ

ဘာမှအရာရောက်မှာမဟုတ်ပါဘူး။ယုတ်စွအဆုံး ခုနကဒီဘဏ္ဍာရေးဝန်ကြီးရှင်းပြတဲ့အမိန့်ကြော်ငြာစာ ဆိုတာလည်း လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေပဲ၊ ဒါတွေကအစ ကျွန်တော်တို့တွေသိဖို့ လိုတယ်။ အထူးသဖြင့်တော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သိဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ ပတ်သက်ပြီးတော့ အချိန်ရှိခိုက်မှာ ပြန်လည်လေ့လာပြီးတဲ့အခါမှာ တကယ်ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ မိမိကိုယ်ကိုလည်း အရည်အသွေးမြှင့်တင်ပါ။ ပြီးတဲ့အခါမှာ ဒါလည်းလေ့လာပါလို့ ကျွန်တော်ဒီအစည်းအဝေးနိဂုံးချုပ်မတိုင်ခင်မှာ ဒါလေး အကြံပြုတင်ပြချင် ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း

**အချိန်၊ ၁၅း၄၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ ၁၄ ရက်မြောက်နေ့ အစည်းအဝေးပြီးဆုံးပါပြီ။ ယခု ၂၀၁၁ခုနှစ်၊ မတ်လ ၂၃ ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁၅း၄၀တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး အစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၅း၄၀ နာရီ အချိန်တွင် ကျင်းပပြီးစီးပါသည်။]